
www.burmeseclassic.com



www.burmeseclassic.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာစာပေ
တိုက် – ၉၊ အခန်း ၂၀၃ – ၂၀၄
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။
ဖုန်း – ၂၀၂၃၇၂

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် --- ၁၇၀/၂၀၀၀ (၂)

မျက်နှာဖုံးခွင့်ပြုချက် --- ၂၃၄/၂၀၀၀(၄)

မျက်နှာဖုံးပန်းချီ --- စံတိုး

ပုံနှိပ်ခြင်း --- ၂၀၀၀ ပြည့်နှစ်၊ မေလ၊ ပထမအကြိမ်

စောင်ရေ --- ၂၀၀၀

တန်ဖိုး --- ၄၀၀၊

စာအုပ်ချုပ် --- ကိုမြင့်၊

မျက်နှာဖုံးပုံနှိပ် --- ကျောက်စိမ်း ပုံနှိပ်တိုက် (၀၂၉၁၉)
၁၇၁၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် --- ပွင့်ဦးပုံနှိပ်တိုက် (**၀၂၉၃၄**)
အမှတ် –၂၅ ၊ ၁၃–လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ --- ဒေါ်မော်မော် **(၀၂၀၃၇)**
ပန်းမျိုးတစ်ရာစာပေ
၂၃၃/၁၄၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

--- **အတွင်းဖလင်**

**ADORN-GROUP**


**ပန်းမျိုးတစ်ရာ**

www.burmeseclassic.com

ဆရာချစ်စံဝင်း၏ ၇၃ အုပ်မြောက်စာအုပ်

# စော်ဝင်စံထား – မိန်းမသား

## ( အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ )

## ချစ်စံဝင်း

www.burmeseclassic.com

# မိခင်ကြီးကြည်နူးဝမ်းမြောက်ပါလေ

## စာရေးဆရာချစ်စံဝင်း၏ရှုအုပ်မြောက်

ကျွန်တော်သည်ဤနိုင်ငံ၊ဤလူမျိုး၊ဤရေ၊ဤမြေ၊ဤတော၊ ဤတောင်၊ ဤမြစ်၊ ဤချောင်း၊ ဤအရပ်၊ ဤမြို့၊ ဤရွာတွင် ဤမိဤဖတို့မှလူလားမြောက်၍ကလောင်တစ်ချောင်းပိုင်ဆိုင်လာရသော ဤဘဝထူးမြတ်စွမ်းသမျှသောကလောင်အားဖြင့်(ရှု) အုပ်သောစာအုပ်တို့ကိုရေးသားခဲ့ပါသည်။

ဤ(ရှု)အုပ်သောစာအုပ်တို့သည်ကျွန်တော့်အဖို့ကျွန်တော့် လူမျိုး၊ ကျွန်တော့်နိုင်ငံအတွက် အများပြည်သူတို့စားသုံးရန် သစ်သီးဝလံခြံကြီး(ရှု)ခြံ၊အများပြည်သူတို့အာပန်းဖြေစရာလှပသစ်လွင် သောပန်းခြံကြီး(ရှု)ခြံ၊ကျား၊ဆင်၊ခြင်္သေ့မှအစသမင်၊ဂျီ၊ဒရယ်၊ စိုင်၊ဆတ်စသောသတ္တဝါတို့ပျော်မြူးများပြားစွာနှင့်ပန်းမျိုးစုံဝေဆာပွင့်ဖူး

www.burmeseclassic.com

သေသာသစ်ပင်မျိုးစုံထူထပ်စွာပေါက်ရောက်နေသောသစ်တောကြီး(၇၃)တော၊ ပန်းပုပန်းချီ အမွမ်းအပြောက် လက်ရာတို့ဖြင့် မွမ်းမံထားသော နားနေစရာဇရပ်ကြီး(၇၃)ဆောင်၊အများပြည်သူတို့ရေကြည်ရေအေး သောက်သုံးရန်ရေတွင်းရေကန်ဆည်ကြီးမြောင်းကြီး(၇၃)ခု၊အများ ပြည်သူတို့အေးအေးလူလူလျှောက်လှမ်းရန်ဖြောင့်တန်းသည့်လမ်းမကြီး (၇၃)သွယ်၊အများပြည်သူတို့ စိတ်အေးချမ်းသာစီးနင်းရန်လှေယာဉ်၊ လှည်း၊ ရထားယာဉ်၊ လေယာဉ်၊ သင်္ဘောကြီး (၇၃)စင်း၊ စိုက်ပျိုး ရိတ်သိမ်းရန်အသင့်ဖြစ်နေသောမျိုးကောင်းမျိုးသန့် ဇရာမကျယ်ဝန်း သည့် စပါးခင်းကြီး (၇၃) ခင်း၊ အဝတ် အထည်နှင့်တကွအလိုရှိရာ အသုံးအဆောင်တို့ကိုထုတ်လုပ်နိုင်သည့်စက်ရုံကြီး(၇၃)ရုံကိုကျွန်တော့် လူမျိုး ကျွန်တော့်နိုင်ငံအတွက်တည်ဆောက် ပြုစု လုပ်ဆောင်၍ ကျေးဇူးတုံ့ပြန်နိုင် ခြင်းဖြစ်သည်ဟု ကျွန်တော်သည်ယုံကြည်ပါ၏။ သို့အတွက်ကျွန်တော့်မိဘကျွန်တော့်ရပ်ရွာ၊ကျွန်တော့် အဖိုးအဖွား၊ ဆရာသမားတို့နှင့်တကွကျွန်တော့်မိတ်ဆွေအပေါင်းတို့ကကျွန်တော် အပေါ်ကျေနပ်ဂုဏ်ယူကြပါလေ။

**အထူးသဖြင့်ကျွန်တော့်မိခင်ကြီးဒေါ်သန်းလှသည်ရောက်ရာ ဘဝမှဤအကြောင်းကိုကြားသိကြည်နူးဝမ်းမြောက်မှာပါလေ ......**

**ချစ်စံဝင်း**

- တော်လေးဝင် – အမရာ၊ ကိန္နရီ၊ မဒ္ဒီ နှင့် သမ္ဘူလ အမျိုးသမီးကြီးလေးဦး၏လင်သားအပေါ်ထားရှိ သည့် သစ္စာတရား၊ မိမိခင်ပွန်းသည်လင်ယောကျ်ားနှင့်ပတ်သက်လာပါက ဖြစ်ပေါ်လာသည့်မိန်းမသား သတ္တိ၊ အသိဉာဏ်ပညာနှင့် သူတို့၏လင်သားအပေါ်ထားရှိသောချစ်မေတ္တာများအကြောင်း....

- ယခုဘဝတွင်လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကကြည့် နေ၍ နောင်ဘဝတွင်လည်းတစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝအောင်ဖြစ်ရပါလို၏ဟု မြတ်စွာဘုရားအားလျှောက်ထားခဲ့သည့် နကုလ ဇနီးမောင်နှံတို့အကြောင်းနှင့်ဇနီးမောင်နှံလေးမျိုးအကြောင်း ........

www.burmeseclassic.com



# ပန်းမျိုးတစ်ရာစာစေ

www.burmeseclassic.com



## ချစ်စံဝင်း

## တော်ဝင်စံထား မိန်းမသား

❒ ဥယျာဉ်တို့၏အဆင်းကားအသံ၊
ရုပ်မလှသူတို့၏အဆင်းကားအတတ်ပညာ
ရဟန်းတို့၏အဆင်းကားသည်းခံခြင်းတရား၊
မိန်းမသားတို့၏အဆင်းကား လင်ယောကျ်ားတည်း။

❒ ရဟန်းတို့သည်ကြုံလှီပိန်ပါးမှတင့်တယ်ရာ၏၊
ခြေလေးချောင်းသတ္တဝါတို့သည် ဝဖြိုးမှတင့်တယ်သည်
ယောကျ်ားဟူက အတတ်ပညာရှိမှတင့်တယ်သည်
မိန်းမဟူကလင်ယောကျ်ားရှိမှတင့်တယ်၏။

❒ လမသာသောညဉ့်သည်မတင့်တယ်
လှိုင်းတံပိုးမထန်သောပင်လယ်သည်မတင့်တယ်
ဟင်္သာငှက်မရှိသောရေကန်သည်မတင့်တယ်
လင်ယောကျ်ားမရှိသောအမျိုးသမီးသည်မတင့်တယ်

**ပန်းမျိုးတစ်ရာစာပေ**

www.burmeseclassic.com

## အဆင်းရူပကာ

ဘုရင်မင်းတို့၏ဥစ္စာကားစစ်သည်ဗိုလ်ပါအင်အား

ရသေ့ရဟန်းတို့၏ဥစ္စာကားအကျင့်သီလ

မိန်းမတို့၏ဥစ္စာကားအဆင်းရူပကာတည်း။

## အချည်းအနှီးဖြစ်သောမိန်းမ

- သားတစ်ရာပင်မွေးပေးနိုင်သော်လည်း လင်မရှိသောမိန်းမ
- ခင်ပွန်းသည်လင်ယောကျ်ားကိုမမြတ်နိုးသောမိန်းမ
- ငြင်းခုံခိုက်ရန်ဖြစ်တတ်သောမိန်းမ
- ဖြူစုစောင်းမြောင်းစကားအလွန်များလွန်းသောမိန်းမ
- မြင်တိုင်းတွေ့တိုင်းတပ်မက်တတ်သောမိန်းမ
- အများအပြားချက်ပြုတ်စားသောက်တတ်သောမိန်းမ
- လင်ယောကျ်ား၏အဦးအဖျားကိုနှိုက်စားတတ်သောမိန်းမ
- သူတစ်ပါးအိမ်သို့အလည်အပတ်များသောမိန်းမ
- ထိုမိန်းမတို့ကားအချည်းအနှီးတည်း။

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခန်း ၁။ နတ်ပြည်သို့ရောက်နိုင်သောမိန်းမ | ၁၇ |
| အခန်း ၁။ ကိုရီးယားအမျိုးသမီးနှင့်ကျားနှုတ်ခမ်းမွေး လင်ချစ်ဆေး | ၂၅ |
| အခန်း ၃။ ရှမ်းကန်(၁)တွင် ချိန်းဆို၍ | ၄၃ |
| အခန်း ၄။ စန္ဒကိန္နရီ (သို့မဟုတ်) ချစ်လင်ကလွဲဖွဲ့ဆန်ကွဲ | ၅၁ |
| အခန်း ၅။ သမ္မျူလ (သို့မဟုတ်) နူနူဝဲဝဲရွဲရွဲစိုစို | ၇၁ |
| အခန်း ၆။ မဒ္ဒီဒေဝီ (သို့မဟုတ်) ချစ်လင်နားမှတစ် ဖဝါးမခွာ | ၉၉ |
| အခန်း ၇။ မယားအလိမ္မာ အမရာ | ၁၂၅ |
| အခန်း ၈။ တစ်ယောက်မျက်နှာ (သို့မဟုတ်) နကုလပိတာ နကုလမာတာ | ၁၄၅ |
| အခန်း ၉။ ဇနီးမောင်နှံ့လေးမျိုး | ၁၅၉ |

www.burmeseclassic.com


# အခန်း ( ၁ )

## နတ်ပြည်သို့ရောက်နိုင်သောမိန်းမ

ကျွန်တော့်တွင် ကိုရီးယားမိတ်ဆွေ တစ်ဦးရှိသည်။ သူ့နာမည်ကို ကျွန်တော် ကအလွယ်တကူပင် မစ္စတာဘေးဟုခေါ် ၏။ သူက အခြားကိုရီးယားများလို လူထွားကြီးမဟုတ်။ လူက ခပ် သွယ်သွယ် ဖြစ်သည်။ မြန်မာလို ပြောတတ်သည်။ မြန်မာကို ချစ် တတ်သော ကိုရီးယားတစ်ယောက် ဖြစ်ပါ၏။

မစ္စတာဘေးကသူ့အိမ်တွင်မကြာခဏ ညနေစာ ခေါ်ကျွေးတတ်သလို သူနှင့်ကျွန်တော် စကားပြောရင်း မကြာခဏ လည်း ညစာချိန်းစားကြ၏။ ညစာချိန်းစားသော အခါများတွင် တော့ အေးအေးဆေးဆေး စကားပြော၍ရသော ထမင်းဆိုင်များ တွင် ချိန်း၍စားကြ၏။ သံလွင်လမ်းအနီးရှိ ကိုရီးယား ထမင်း

www.burmeseclassic.com



ဆိုင်၊ ရွှေဂုံတိုင်မှ ဂျပန်စားသောက်ဆိုင်၊ ဖူရူဆာတို၊ ဆရာစံလမ်းမှ ဆာလာထိုင်း၊ ရှမ်းကန် ၊ သိမ်ကြီးဈေးခေါင်မိုးမှ အဏ္ဏဝါ စားတော်ဆက် စသောထမင်းဆိုင် များတွင် လှည့်၍စားကြသည်။ ကိုရီးယားတို့နှင့် မိတ်ဆွေ ဖြစ်လျှင် ရှောင်လွှဲ၍ မရသောကိစ္စမှာ ကိုရီးယားကိုချစ်လျှင် ကင်ချီကို ချစ်ရသည်။ ရှမ်းကိုချစ်လျှင်ပဲပုတ်ကို ချစ်ရမည်။ မြန်မာသည် ငါးပိကို လျှာအရင်းကစွဲနေသလို ကိုရီးယားတို့ကလည်း ကင်ချီကို လျှာရင်း လျှာဖျားစွဲနေသော လူမျိုးဖြစ်၏။ ကင်ချီပါမှ ကင်ချီနံ့ရမှ ထမင်းမြိန်၊ ထမင်းဝင်သော လူမျိုးဖြစ်၏။ မြန်မာအိမ်တိုင်း၌ ငါးပိအိုးရှိသလို ကိုရီးယားအိမ်တိုင်းတွင် ကင်ချီအိုးများရှိ၏။ ကင်ချီမှာ ဟင်းသီးဟင်းရွက်သစ်သီးဝလံတို့ဖြင့် ပြုလုပ် သောချဉ်ပတ် တစ်မျိုးပင်ဖြစ်၍ ကြယ်ငါးပွင့် ကိုရီးယား ဟိုတယ်ကြီးများတွင်ပင် ကင်ချီကို ထားရှိသည်။ ကိုရီးယားဟိုတယ် ကြီးများ၏ စားသောက်ခန်းများတွင် ကင်ချီနံ့လွင်နေသည်။ ကင်ချီသည် ကြိုက်သူများအတွက် ထမင်းမြိန်ဆေးဖြစ်သော်လည်း ကင်ချီနံ့နှင့် စိမ်းနေသော နိုင်ငံခြားသားများအတွက် ချက်ချင်း ယဉ်ပါးရန် ခဲယဉ်းသောအနံ့ဖြစ်၏။ ကိုရီးယားနိုင်ငံသို့ ရောက်ပါက တစ်နိုင်ငံလုံးကင်ချီနံ့က လှိုင်နေသည်။ ကင်ချီနံ့ကို ကိုရီးယားတွင် ရှောင်မလွတ်၊ ပြေးမလွတ်။

မစ္စတာဘေးနှင့် မစ္စ(စ်)ဘေးတို့ကလည်း ကျွန်တော်တို့မိသားစုကို မကြာခဏကင်ချီမျိုးစုံဖြင့် ထမင်းခေါ်ကျွေးသည်။ ကိုရီးယားမှကင်ချီရောက် လာလျှင် တကူးတက လက်ဆောင်

www.burmeseclassic.com


ပေးသည်။ မစ္စ(စ်)ဘေးကကိုယ်တိုင် လည်းကင်ချီအချဉ် ထည့်တတ်သည်။ ကင်ချီသည် ရှမ်းချဉ်လို ဟင်းရွက်ချဉ်တစ်မျိုး ဖြစ်သော်လည်း ကင်ချီတွင် သီးခြားအနံ့ရှိ၏။

မစ္စတာဘေးက မိမိ၏အဘွားက ကင်ချီအမျိုးပေါင်း မည်မျှလုပ်နိုင်သည်၊ ကင်ချီကျွမ်းကျင်စွာလုပ်တတ်သည်ကို ဂုဏ်ယူစွာပြောဆို၏။ ကြာရိုး ကြာစွယ်တို့ဖြင့်ပြုလုပ်သော ကင်ချီလည်းရှိသည်။ မြန်မာအမျိုးသမီးများ ယက်ကန်းမတတ်လျှင် အကျိုးနှင့် တူသည်ဆိုသလို ကိုရီးယားအမျိုးသမီးများ ကင်ချီမလုပ်တတ်ပါက ယောကျ်ာမအိမ်တွင် မျက်နှာငယ်ကြရသည်။

ကိုရီးယားအမျိုးသမီးများသည် အာရှ၏ အမျိုးသမီးများနည်းတူ မိသားစုကို ချစ်ခင်တွယ်တာသော၊ လင်သားအပေါ်သစ္စာတရားကြီးမားသော လေးစားဖွယ်ရာ အမျိုးသမီးကြီးများဖြစ်ကြပါ၏။ ကိုရီးယားနိုင်ငံသည် ပတ်ဝန်း ကျင်နိုင်ငံများဖြစ်သော တရုတ်၊ မန်ချူးရီးယား၊ မွန်ဂိုလီယား၊ ဂျပန်အစရှိသော နိုင်ငံများ၏ ကျူးကျော်မှုကို အမြဲခုခံနေကြရသော လူမျိုးဖြစ်ရာ ကိုရီးယားသမိုင်း တစ်လျှောက်လုံး ယောကျ်ားများစစ်ထွက်ချိန်တွင် မိသားစုကိုရင်အုပ်မကွာ ပြုစုကြရသောသူတို့မှာ ကိုရီးယားအမျိုးသမီးများဖြစ်၏။ လင်များ၊ သားများ၊ အဖေများက မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နေစဉ် ကိုရီးယားအမျိုးသမီးတို့သည် လွမ်းဆွတ်သောနှလုံးဖြင့် ခံစားနေကြရသော အမျိုးသမီးများဖြစ်၏။ သူတို့သည် ကြင်နာတတ်သော နှလုံးသားပိုင်ရှင်များ

www.burmeseclassic.com



ဖြစ်ကြသည်။ ဝမ်းနည်းကြေကွဲ ခံစားတတ်သော ကိုရီးယား အမျိုးသမီးတို့ သီဆိုသော သီချင်းများသည် သူတို့၏လည်ချောင်း နှင့် နှုတ်ဖျားမှ သီဆိုခြင်းမဟုတ်ဘဲ၊ သူတို့၏ နှလုံးသားဖြင့်သာ သီဆိုကြသော၊ သီချင်းကိုကြားရသူတိုင်း မချိတင်ကဲ ကြေကွဲမှု ကိုဖြစ်ကြရစမြဲဖြစ်၏။

ကျွန်တော်သည် ကိုရီးယားနိုင်ငံသို့သွားရောက်၍ ကိုရီးယားအမျိုးသမီးကြီးများနှင့် သိကျွမ်းနေထိုင်ခဲ့ဖူးသည်။ သူတို့သည် အိမ်ယာထိန်းသိမ်းမှု၊ လယ်ယာလုပ်ငန်းတွင်ပါဝင်မှု၊ အိမ်မှုကိစ္စနှင့် ရက်ကန်းယက်၊ ကြိုးကျစ်၊ အပ်ချုပ်အစရှိသော အိမ်မှုလုပ်ငန်းအဝဝကို အနုပညာပြည့်ဝစွာ လုပ်ဆောင်၍ ပျော့ပြောင်းသိမ်မွေ့သောနှလုံးသားပိုင်ရှင်များလည်းဖြစ်ကြသည်။

ကိုရီးယားအမျိုးသားတို့သည် အလိုအလျှောက်အားဖြင့် စိတ်မြန် ကြပါသည်။ ဆုံးဖြတ်မြန်ကြသည်။ ဒေါသထွက် လွယ်ကြသည်။ စကားကို အမြန်ပြော၍ စိတ်မြန်ကိုယ်မြန် ဖြစ်ကြသည်။ ဤသို့ဖြစ်ရသည်မှာ သူတို့၏သမိုင်းက ပေးသော အမွေဟု ဆိုပါက မမှားနိုင်ပါ။ ဂျပန်နိုင်ငံ၏သယံဇာတသည် ရေသာလျှင်ဖြစ်၍ သူတို့ခြေဖဝါးအောက်မှ မြေသည် အမြဲ တုန်ခါနေသလို ကိုရီးယားနိုင်ငံ၏ သယံဇာတသည် ကျောက်တုံး၊ ကျောက်ခဲများသာ ဖြစ်၏။ သူတို့၏နယ်နိမိတ်ကလည်းအမြဲတုန်ခါ နေရ၏။ အိမ်နီးချင်းနိုင်ငံများ၏ ကျူးကျော်မှုကို အမြဲလိုလို ခံစားနေရသော ကိုရီးယားအမျိုးသားတို့သည် မိမိတို့မြေကြီးအား

www.burmeseclassic.com


ကာကွယ်ရန် အမြဲစစ်ထွက်နေကြရ၏။ တုန်ခါနေသော မိမိတို့နယ်နမိတ်ကို မိမိတို့အမြဲ ကာကွယ်နေကြရ၏။ ထို့အပြင် သဘာဝတရားကလည်း ကိုရီးယားလူမျိုးတို့အား မျက်နှာသာမပေးချေ။ မိုးအခါတွင် မုန်တိုင်းဒဏ်ကို အမြဲခံနေရ၍ တိုတောင်းလွန်းသောမြစ်များက မကြာခဏ ရေလျှံ၏။ ကိုရီးယားနိုင်ငံသည် သမုဒ္ဒရာအလယ်တွင် လေဒဏ် မိုးဒဏ်ကို အမြဲခံနေရသော နိုင်ငံဖြစ်၏။ ကိုရီးယားလူမျိုး တို့သည် အမြဲပူပန်မှု၊ စိတ်မချမှု၊ နောက်ကြောင်းမအေးမှုများ စိုးရိမ်ကြောင့်ကြမှုများရှိကာ ကိုရီးယားလူမျိုးတို့သည် အလောတကြီး လုပ်တတ် ခြင်း၊ စိတ်ပူပန်ခြင်း စသည်စရိုက်များရှိပါ၏။

သံအဖွဲ့ဝင်တစ်ဦး ဖြစ်သော မစ္စတာဘေးကမူ စိတ်ရှည်သောလူငယ်တစ်ဦးဖြစ်သည်။ အေးချမ်းပျော်ရွှင်စွာနေ၍ သားသမီး မထွန်းကားသော သူတို့ မိသားစုအတွက် မိဘမဲ့ သမီးလေးတစ်ဦးကို မွေးစားထား၏။ မစ္စ(စ်)ဘေးသည် စန္ဒရားတီးခြင်းကို ဝါသနာပါ၍ သူတို့အိမ်သို့သွားလျှင် စန္ဒရားတီး၍ ဧည့်ခံတတ်သည်။ မစ္စ(စ်)ဘေးသည် လင်သားအား အမြဲ ရိုသေလေးစားမှုရှိသည်။ ဤသည်မှာ မစ္စ(စ်)ဘေး တစ်ဦးတည်းသာမက ကိုရီးယားအမျိုးသမီးတိုင်း၏ စရိုက်လက္ခဏာလည်းဖြစ်၏။

ကိုရီးယား အမျိုးသမီးများသည် လင်သားအပေါ် သစ္စာရှိသည်။ မုဆိုးမဖြစ်သည့်တိုင် နောက်အိမ်ထောင်မပြုဘဲ ကွယ်လွန်သူ လင်သားအပေါ် အသက်ထက်ဆုံးသစ္စာရှိတတ်၏။

www.burmeseclassic.com



လင်သားမရှိသော မုဆိုးမများသည် နောက် အိမ်ထောင်မပြုပဲ မိမိရင်သွေးငယ်၏ ပညာရေး၊ မိမိရင်သွေး၏ ဘဝတိုးတက်ရေး တို့အတွက် မိမိဘဝတစ်ခုလုံးကို ပေးအပ်ရင်းနှီး၍ ပြုစုကြသည်။

မိမိရင်သွေးငယ်များ၏ ပညာရေးအတွက် အသက်စွန့်လွှတ်သွားခဲ့သော မုဆိုးမတစ်ဦးအား ရည်စူး၍ YOLYOBI ယိုလီယိုဘီဟူသော အမည်ဖြင့် မော်ကွန်းကျောက်တိုင် တစ်ခု စိုက်ထူထားရ၏။

ကိုရီးယားအမျိုးသမီး ဇနီးသည်များသည် သူတို့၏ ခင်ပွန်းများအတွက် အကြံပေးပုဂ္ဂိုလ်များလည်း ဖြစ်ကြ၏။ ကိုရီးယား အမျိုးသမီးများသည် သူတို့၏ ခင်ပွန်းသည် လင်ယောက်ျားများကို ပျော့ပျောင်းစွာဖြောင်းဖြ အကြံပေးတတ်ကြသည်။ ကိုရီးယား ဇနီးသည်များသည် မိမိတို့၏ခင်ပွန်းများ၏ကြီးပွားရာ ကြီးပွားကြောင်းအတွက် နောက်ပိုင်းမှအကြံကောင်း ဉာဏ်ကောင်းများကို ပေးတတ်ကြ၏။ အချို့သော ကိုရီးယား ခင်ပွန်းသည် ယောက်ျားများက မိမိတို့ ၏ဇနီးများသည် အကြံပေး ပုဂ္ဂိုလ်များ ဖြစ်ကြသလို တစ်ချိန်တည်းတွင် မိမိတို့၏ ဆရာမများလည်း ဖြစ်ကြသည်ဟု ဆိုကြ၏။

မစ္စတာဘေးက မိမိ၏ဇနီးသည်သည် စိတ်ရှည်ရှုံသာမက လင်ယောက်ျားအပေါ် ကျောင်းဆရာသဖွယ် ပြုမူတတ်ကြောင်း မကြာခဏပြောပါ၏။

www.burmeseclassic.com


တကယ်တော့ ကိုရီးယားအမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများသည် မိမိတို့၏လင်သားများအပေါ် ချစ်ခင်မှု၊ သစ္စာရှိမှု၊ သားသမီးတို့၏ပညာရေး ကို အလေးထားမှုများတွင် တူညီကြပါ၏။

ကျွန်တော်မစ္စတာဘေးအား မြန်မာအမျိုးသမီးများသည် ဗုဒ္ဓ၏ အဆိုးအမတွင် တည်ရှိကြသူများဖြစ်၍ ကိုရီးယားအမျိုးသမီးများနည်းတူ လင်သားအပေါ် သစ္စာရှိကြသည်။ ရှေးအခါက ကိုရီးယားတစ်နိုင်ငံလုံးသည် ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ခဲ့သည်။ ကိုရီးယားနိုင်ငံတွင် ကိုရီယိုခေတ် (၉၁၈-၁၃၉၂) တစ်ခေတ်လုံး တွင် ဗုဒ္ဓဘာသာသည် နေလိုလလို ထွန်းတောက် ခဲ့သည်။ ထိုစဉ်က ဗုဒ္ဓ၏အဆုံးအမများသည် ယနေ့တိုင် ကိုရီးယားလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအဖြစ် ကျန်ရစ်ခဲ့၏။

ကျွန်တော်က မစ္စတာဘေးအား - လူ့ပြည်တွင် နေပြီးနောက် သေလွန်သောအခါ နတ်ပြည်သို့ရောက်ရှိနိုင်သော အိမ်ထောင်ရှင်မများ ရှိသည်။

၁။ အစာစား သည့်အခါ၊ အဝတ်တန်ဆာ ဆင်ယင်ပေးသည့်အခါ၊ မိမိခင်ပွန်းသည် လင်ယောက်ျားအပေါ် အမိကဲ့သို့ နှစ်သက်ဖွယ်ရာ ပြင်ဆင်ပေးတတ်သော မိန်းမ။

www.burmeseclassic.com



၂။ လျှို့ဝှက် အပ်သောအရာ၊ ကျစ်ကျစ်လျစ်လျစ် ရှိရမည့် အရာတို့၌ နှုမလို ရှုက်တတ်သော မိန်းမ၊

၃။ အလုပ်ကိစ္စ ရှိလာသည့်အခါ ကျွန်မလို လုပ်ကိုင်တတ်သော မိန်းမ။

၄။ အရေးအကြောင်း ရှိသည့်အခါ တိုင်ပင်ဖော် တိုင်ပင်ဖက် ရသောမိန်းမ။

၅။ အိပ်စက်အနားယူ သည့်အခါ အချစ်ဝလေ့၊ ပျော်မွေ့စေ တတ်သောမိန်းမ။

၆။ ဝတ်စားဆင်ယင်မှု၌ ပြေပြေပြစ်ပြစ် ဝတ်တတ်သော မိန်းမ။

၇။ လင်ယောကျ်ား အမျက်ထွက်သည့်အခါသည်းခံတတ်သောမိန်းမ၊ လင်ယောကျ်ားနှင့် ဖက်ပြိုင် ၍ ဒေါသထွက် စိတ်ဆိုးခြင်းမပြုဘဲနေသော မိန်းမ။

ဤမိန်းမများသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်သည့် မိန်းမများ ဖြစ်သည်။ ထို့ကြောင့် မြန်မာ အမျိုးသမီးများသည်လည်း ဤအချက် ခုနစ်ချက်နှင့် ညီအောင် နေထိုင် ကျင့်ကြံကြကြောင်း ပြောပြသောအခါ မစ္စဘေးက ထိုအချက် ခုနစ်ချက်ကို သေချာစွာ ရေးသားမှတ်ယူပါ၏။

❀ ❀ ❀

www.burmeseclassic.com


## အခန်း (၂)

## ကိုရီးယားအမျိုးသမီးနှင့်ကျားနှုတ်ခမ်းမွေးလင်ချစ်ဆေး

ကျွန်တော်နှင့်မစ္စတာဘေးတို့သည် တစ်ခါတစ်ရံလည်း မြန်မာအမျိုး သမီးများအကြောင်းပြော၊ တစ်ခါတစ်ရံမြန်မာသမိုင်း၊ မြန်မာသူရဲကောင်းများ အကြောင်း၊ တစ်ခါတစ်ရံ ကိုရီးယားသမိုင်း နှင့် ကိုရီးယားယဉ်ကျေးမှုအကြောင်း ပြောကြရင်း မကြာခဏ တွေ့ဆုံတတ်ကြ၏။

ထိုသို့တွေ့ဆုံတိုင်း မြန်မာမှုပစ္စည်းလေးတစ်ခုကို ကျွန်တော်အမြဲ ယူသွားတတ်သလို မစ္စတာဘေးကလည်း ကိုရီးယား မီးပုံးလေးမှအစ ကိုရီးယားအရုပ်ဖိနပ်ကလေးတစ်ဖက် ဖြစ်ဖြစ်ယူလာတတ်ပါ၏။ တစ်နေ့တွင်တော့ မြောက်ဥက္ကလာပ မိတ်ဆွေတစ်ဦးထံမှ ကျွန်းပြားပေါ်တွင် ထွင်းထားသော ကိန္နရီ

www.burmeseclassic.com


ကိန္နရာမောင်နှံသစ်ထွင်းပန်းပုလက်ရာ လှလှလေးတစ်ချပ်ရသောကြောင့် ထိုလက်ရာကို မစ္စတာဘေးအား ပေးရန်ယူသွားခဲ့ပါ၏။

ထိုနေ့က မစ္စတာဘေးကလည်း ကျွန်တော့်အတွက် ကိုရီးယား ပန်းချီကားတစ်ချပ်ကို လက်ဆောင်အဖြစ်ယူလာပါ၏။ စားဖို့သောက်ဖို့မမှာမီ မစ္စတာဘေးက ဒီနေ့သူ ယူဆောင်လာသော လက်ဆောင်သည် တမင်ယူလာတာဖြစ်ကြောင်းပြောပြ၏။ ကျွန်တော်က ကျွန်တော်၏ ကိန္နရီ ကိန္နရာမောင်နှံ သစ်ထွင်း လက်ရာကားချပ်ကို မပြသေးဘဲ သူ၏လက်ဆောင်က အထူးယူလာသည်ဟုဆို၍ မစ္စတာဘေး၏လက်ဆောင်ကိုရှေးဦးစွာဖွင့်ကြည့်ပါ၏။

ပန်းချီက ကိုရီးယားဟန် ကိုရီးယားလက်ရာဖြစ်၏။

ပန်းချီ၏ ဟန်နှင့်လက်ရာထက် ဆွဲထားသောအကြောင်းအရာက ပို၍စိတ်ဝင်စားဘွယ်ရာဖြစ်၏။ စိတ်ဝင်စားစရာ မကောင်းဘဲမည်သို့ရှိပါမည်နည်း ပန်းချီပုံတွင် ကျားကြီး တစ်ကောင်သည် ကိုရီးယားအမျိုးသမီးကြီးတစ်ဦး၏ ပေါင်ပေါ်တွင် စိတ်ချလက်ချအိပ်ပျော်နေသည်။ ကိုရီးယားအမျိုးသမီးကြီးက ကျားကြီးကို သူ၏သားငယ်ကိုချော့သိပ်ထားဘိအလားရှိ၏။ ဤပုံ၌ အကြောင်း ခြင်းရာ ထူးခြားချက်နောက်ခံအကြောင်းတော့ရှိမည်ဟု ကျွန်တော်ကရိပ်စားမိပါ၏။ တမင်ယူလာတာဆို၍လည်း ဤပုံမှ တစ်ဆင့် မစ္စတာဘေးထံတွင် ပြောပြ စရာအကြောင်း တစ်စုံ တစ်ရာလည်းရှိမည်ဟု ကျွန်တော်ယုံကြည်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

www.burmeseclassic.com



ကျွန်တော်က ကိုရီးယားအမျိုးသမီးကြီး၏ ပေါင်ပေါ်တွင် စိတ်ချ လက်ချအိပ်နေသော ကျားကြီးကိုလည်းကောင်း၊ ကျားကြီးကိုမိမိ၏ပေါင်ပေါ်တွင် စိတ်ချလက်ချအိပ်နေစေသော ကိုရီးယားအမျိုးသမီးကြီးကိုလည်းကောင်း သေချာစွာကြည့်ရှုပါ၏။

ကြည့်ရှုံနှင့်အဓိပ္ပါယ်မဖော်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်က စိတ်ဝင် စားစရာအလွန်ကောင်းသော ဒီပန်းချီပုံအကြောင်း ပြောပြစမ်းပါဆိုတော့ မစ္စတာဘေးကပြုံးနေပါ၏။ မစ္စတာဘေးက ဤပုံသည် ကိုရီးယားမိသားစု ကိုရီးယားအမျိုးသမီးထုတစ်ရပ်လုံး၏ နှလုံးသားကို ကိုယ်စားပြုထားသော ပုံဖြစ်၍ အလွယ်နှင့်မပြောနိုင်ပါဟုဆိုပါ၏။

မှန်ပါသည်။ နှလုံးသားရေးရာနှင့် ပတ်သက်သောကိစ္စမှန်သမျှ အဖိုးတန်၍ အဖိုးတန်နှလုံးသားရေးရာတို့အတွက် တန်ကြေးပေးရကြောင်း ကျွန်တော်သိပါသည်။ သို့သော် သူ့ပန်းချီ နှလုံးသားရေးရာကိစ္စက မည်မျှနက်နဲ ကြောင်းမသိရသေးသဖြင့် ကျွန်တော်၏ သစ်ထွင်း ကိန္နရီကိန္နရာလက်ရာကို သူ့အားမပြသေးပဲ အခုစားမယ့် နေ့လယ်စာကို ကျွန်တော်ကျွေးမယ် မစ္စတာဘေး ကြိုက်တာမှာပါ။ နေ့လယ်စာစားရင်း ဒီပန်းချီအကြောင်းကို ပြောပါဟုဆို၏။

မစ္စတာဘေးကသဘောတူပါ၏။

သူသည် ထိုပန်းချီကို ကျွန်တော့်ကိုပေးရန် တမင်စီစဉ် ယူလာသော် လည်း သူ့ပန်းချီ၏တန်ဖိုးကို အသိအမှတ်ပြုရန်၊

www.burmeseclassic.com



အမှတ်တရရှိရန်၊ အမှုမဲ့အမှတ်မဲ့မရှိရန် အခမဲ့မပြောခြင်း ဖြစ်ပါ၏။

ထိုနေ့က မစ္စတာဘေးနှင့် ကျွန်တော်သည် ခေါက်ဆွဲနည်းနည်းစီ၊ ကင်ချီတစ်ပုဂံ၊ ငါးကင်နှင့် ကော်ဖီခါးခါးတစ်ခွက်စီ မှာယူစားသောက်ရင်း မစ္စတာဘေးက ကျားနှုတ်ခမ်းမွေးဆိုသောပုံ ကို ပြောပြပါ၏။

× × ×

ဟိုရှေးရှေးတုန်းက ယွန်အုပ်ဟုအမည်ရှိသော ကိုရီးယားအိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးရှိ၏။ ယွန်အုပ်နှင့် သူ့ခင်ပွန်းတို့သည် ငယ်လင် ငယ်မယားဖြစ်သည်။ တစ်ဦးပေါ် တစ်ဦးလည်း အလွန်ချစ်ခင်ကြင်နာမှုရှိကြ ပါသည်။ တစ်နေ့တွင် ခင်ပွန်းဖြစ်သူသည် အပေါင်းအသင်းများနှင့် ပင်လယ်သို့ ငါးရှာထွက်ကြသည်။ ယခင်ကငါးရှာထွက်ပါက တစ်လကိုးသီတင်းသာကြာသည်။ ယခုတစ်ကြိမ်တွင် မုန်တိုင်းမိကာ ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်သွားပြီး တစ်နှစ်ကျော်ကြာမှ ယွန်အုပ်၏ခင်ပွန်းသည် ယွန်းအုပ်တို့ရွာသို့ ဘေးမသီ ရန်မခဘဲပြန်ရောက်လာ၏။

ယွန်အုပ်က သူ့ခင်ပွန်းပြန်လာသောအခါ ခင်ပွန်းသည် အားဝမ်းမြောက်ဝမ်းသာကြို၏။ ယွန်အုပ်သည် မသေမပျောက်အိမ်သို့ပြန်ရောက်လာသော ခင်ပွန်းသည်အား စားကောင်းသောက်ဖွယ်အမျိုးမျိုးကို ချက်ပြုတ် ကျွေး၏။ သို့သော် ယွန်အုပ်၏ခင်ပွန်းသည် ပင်လယ်မှပြန်လာပြီးနောက်ပိုင်းတွင် ဘယ်သူနှင့်

www.burmeseclassic.com


မျှလည်းစကားမပြော၊ တစ်ခါတစ်ရံလည်းဒေါသထွက်၊ မိမိချက်ပြုတ်ကျွေးမွေးသော ဟင်းလျာများကိုလည်း အလိုမကျဘဲကိုယ်အမူအရာ နှုတ်အမူအရာတို့မှာလည်း ကြမ်းတမ်းလာ၍ ဇနီးဖြစ်သူယွန်အုပ်သည် မည်သို့ ပြုလုပ်ရမည်ကို မသိဘဲရှိ၏။ ပင်လယ်တွင် ဘာတွေဖြစ်ခဲ့သည်ကိုလည်း မပြော၊ ပင်လယ်မှ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကြောင့် ယွန်အုပ်ခင်ပွန်း၏ စိတ်ထားပြောင်းလဲသွားသည်။ ယွန်အုပ်တို့ရွာမှ နှစ်တောင်ကျော်လောက်တွင် တောပျော်ရသေ့ကြီးတစ်ပါးရှိသည်။ ထိုရသေ့ကြီး သည် အဆောင်လက်ဖွဲ့ ဆေးဝါးယတြာများစီရင်ရာတွင် အလွန်ကျော်ကြားသည်။

တစ်နေ့နံနက်ခင်းတွင် ယွန်အုပ်သည် အဆိုပါရသေ့ကြီး သီတင်းသုံးရာတောင်သို့ အမောတကောသွားရောက်၏။ ယွန်အုပ်သည် ရသေ့ရှေ့သို့ ရောက်သောအခါ ရသေ့ကြီးက သူ့အားမကြည့်ဘဲ "အကြင်တကာမ- ဘာကြောင့်ကျွန်ုပ် သီတင်းသုံးရာကျောင်းသင်ခန်းသို့လာရောက်ပါသနည်း" ဟုမေး၏။ သို့သော်လည်းရသေ့ကြီးသည် ယွန်အုပ်အား လုံးဝလှည့်မကြည့် အလင်းဖြာနေသော မီးပုံသို့သာ စူးစိုက်ကြည့်နေ၏။

ယွန်အုပ်က လက်အုပ်ချီကာ "ရသေ့ကြီး. . . . ကျွန်မရောက်ရှိလာခြင်း သည် အခက်အခဲကြုံတွေ့နေ၍ ရောက်ရှိလာခြင်းဖြစ်ပါသည်။ အရှင်ရသေ့ အကူအညီပေးပါ။ တပည့်တော်မ အဆောင်ယတြာတစ်ခု လိုအပ်နေပါ၍ ချီးမြှင့် ပေးပါ" ဟုဆို၏။

www.burmeseclassic.com



ထိုအခါ ရသေ့ကြီးက “ အေးအေး အဆောင်ကောင်း လိုတာကတော့ လူတိုင်းပဲ လောကီထဲမှ နေတာဆိုတော့ လောကီ လုပ်ငန်းအတွက် အဆောင်အယောင်လိုအပ်ပေမပေါ့ သို့သော် လည်း ဘာကိစ္စအတွက် လိုအပ်တယ်ဆိုတာ ငါရသေ့သိမှ အဆောင်ယတြာစီရင်လို့ရမှာပေါ့ ” ဟု ရသေ့ကြီးက ဆို၏။

“တပည့်တော်ခင်ပွန်းပါဘုရား - တပည့်တော်တို့ ဇနီး မောင်နှံဟာ အလွန်သံယောဇဉ်ကြီးမားကြပါတယ်ဘုရား၊ တပည့်တော်မတို့သည် မိဘများကလည်း သဘောတူ၊ တပည့်တော် တို့မှာလည်း တစ်ဦးကိုတစ်ဦး မေတ္တာမျှ၊ သံယောဇဉ်ရှိ၍ အကြင် လင်ရယ်မယားရယ် အဖြစ်အတူတကွ ချစ်ခင်ယုယစွာ နေထိုင်ခဲ့ ကြတာပါဘုရား၊ သို့သော်လွန်ခဲ့သော တစ်နှစ်ကျော်ကပင် ပင်လယ်ထွက်ရာမှပြန်လာသော တပည့်တော်မရဲ့ ခင်ပွန်းဟာ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှလည်း စကားပြောခြင်းလဲမရှိ၊ လှည့်၍လည်းမကြည့်၊ တပည့်တော်မက စကားပြောခဲ့ရင်လည်း မကြားယောင်ပြုနေပါသည်။ ရှားရှားပါးပါး တစ်ခါတရံ စကားပြောခဲ့ရင်လည်း စကားများက အလွန်မှ ကြမ်းတမ်းရိုင်းပြ တဲ့စကား သူ၏နှုတ်မှထွက်ပါသည်။ သူ့အတွက် ဟင်းကောင်း ထမင်းကောင်းများချက်ပြုတ်ကျွေးလျှင်လည်း ဘယ်လောက် ကောင်းအောင် စီစဉ်ချက်ပြုတ်စေကာမူ ဟင်းပွဲ ထမင်းပွဲများကို ဒေါသတကြီး သွန်ပစ်မှောက်ပစ်၍အခန်းအတွင်းသို့ ဝင်သွားတတ်ပါ သည်။ အလုပ်ခွင်သို့ရောက်လျှင်လည်း အလုပ်တွင် စိတ်မဝင်စားပဲ

www.burmeseclassic.com


ငေးမောနေတတ်ပါသည်။ တစ်ခါတစ်ရံ ရွာအနီးမှ တောင်ပေါ်သို့တက်ခါငေးမောပြီး ပင်လယ်သို့ ကြည့်နေတတ်ပါသည်ဘုရား" ဟု ယွန်အုပ်က ဆို၏။

" ပင်လယ်ဆိုတာ အင်မတန်ကြမ်းတမ်းတယ်၊ တစ်ခါတစ်ရံ လူငယ်တွေ ပင်လယ်ထဲက ပြန်လာရင် ဒီလိုပဲ ဖြစ်တတ်ကြတယ်၊ ကဲဒကာမ ခင်ပွန်းအကြောင်းဆက်ပြောဦး " ဟု ရသေ့ကြီးက ဆို၏။

ထိုအခါ ယွန်အုပ်က " ဆက်လက်ပြောကြားစရာမရှိတော့ပါ ဘုရား၊ တပည့်တော်မ၏ ခင်ပွန်း သူ့ရဲ့မူလ အကျင့်စရိုက်အတိုင်း နူးညံ့သိမ်မွေ့လာဖို့ နဲ့ တပည့်တော်မကို အရင် ကလိုပင် ချစ်ခင်ယုယ မေတ္တာမျှပြီး တပည့်တော်မတို့ အိမ်ထောင်ရေး သာယာအေးချမ်း ပျော်ရွှင်ဘို့အတွက် တပည့်တော်မကို အဆောင်ယတြာ တစ်မျိုးမျိုး စီရင်ပေးပါဘုရား "ဆို၏။

ထိုအခါ ရသေ့ကြီးက ဒီကိစ္စကလွယ်ပါတယ် နောက်သုံးရက် ကြာတဲ့အခါမှာ ငါ့ဆီကို ပြန်လာခဲ့၊ ငါဆေးစီရင်ထားနှင့်မည် " ဟုဆို၏။

" အလွန်ကျေးဇူးတင်လှပါသည် " ဟုဆို၍ ရသေ့ကြီးအား အရိုအသေ ပေးကာ ယွန်အုပ်သည် ရသေ့ကြီးနေထိုင်ရာ တောင်မှ ပြန်ခဲ့၏။ သုံးရက်မြောက်သောနေ့တွင် ယွန်အုပ်သည် နံနက် စောစောထ၍ ရသေ့ကြီး သီတင်းသုံးနေထိုင်ရာ တောင်သို့ ပြန်သွားခဲ့၏။

www.burmeseclassic.com



ထိုအခါ ရသေ့ကြီးက “ ယွန်အုပ် မင်းအတွက် ငါဆေး စီရင်တာတော့ ပြီးသွားပြီ၊ ဒါပေမဲ့ အဲဒီဆေးထဲမှာ ထည့်ဖို့ ပစ္စည်းတစ်မယ် လိုနေတယ်၊ အဲဒီ ပစ္စည်းကိုတော့ ယွန်အုပ်ပဲ ရှာပေးမှ ရမယ် ” ဟု ဆို၏။

“ လိုအပ်တဲ့ ပစ္စည်းက ဘာပါလဲရသေ့ကြီး ”

“ ငါဖော်ထားတဲ့ဆေးမှာ ပစ္စည်းတစ်မယ် လိုအပ်တာကတော့ အသက်ရှင်နေတဲ့ ကျားတစ်ကောင်ရဲ့ နှုတ်ခမ်းမွှေးပဲ၊ အသက်ရှင်လျှက်ရှိတဲ့ ကျားနှုတ်ခမ်းမွှေးရရင်ပြီးပြီ အဲဒီပစ္စည်း တော့ ယွန်အုပ်ရေ - မင်းဘဲရှာပြီး ယူခဲ့ပေတော့ ”

“ အသက်ရှင်တဲ့ ကျားတစ်ကောင်ရဲ့ နှုတ်ခမ်းမွှေး ဟုတ်လား၊ ဒါက ဘယ်လိုရနိုင်မှာလဲ ရသေ့ကြီး ”

“ ဒါကတော့ ငါလဲမသိဘူး၊ မင်းရဲ့ခင်ပွန်းမင်းကို နဂိုအတိုင်း ပြန်လည်ချစ်ခင်မြဲ ချစ်ခင်ပြီး မင်းအိမ်ထောင် ပြန်လည်သာယာ ပျော်ရွှင်စရာကောင်းဖို့ ဖော်တဲ့ဆေးမှာ ဒီပစ္စည်း တစ်မယ်ပဲ လိုနေတာတော့ အမှန်ပဲ၊ ယွန်အုပ်၊ မင်းလာတောင်းလို့ ငါလဲဆေးဖော်ပြီးပြီ၊ လိုအပ်တဲ့ ပစ္စည်းတစ်မယ်တော့ မင်းပဲ ရှာခဲ့ ပေတော့၊ အဲဒီဆေးမှာ အသက်ရှင်နေတဲ့ ကျားရဲ့ နှုတ်ခမ်းမွှေး မပါလို့တော့မရဘူး၊ ပါမှဒီဆေးကလည်း ချက်ချင်းအစွမ်းထက်မှာ” ဟုဆိုကာ ရသေ့ကြီးသည် ယွန်အုပ်အား လှည့်မကြည့်ဘဲ အလင်း ဖြာနေသော မီးပုံကိုသာ ဆက်၍ ကြည့်နေ၏။

ယွန်အုပ်လည်း အိမ်ပြန်ခဲ့ရသည်။

www.burmeseclassic.com


အသက်ရှင်နေတဲ့ ကျားရဲ့ နှုတ်ခမ်းမွှေးရဘို့ဆိုတာက တော့မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ငါဘယ်လိုလုပ်ပြီး ဒါကို ရအောင်လုပ် ရမလဲဟု စဉ်းစားကာ တစ်ညတွင်တော့ သူ၏ခင်ပွန်း အိပ်မောကျ နေချိန်တွင် မိမိတို့ရွာ အနီးတောင်ပေါ်မှ ကျားကြီးတစ်ကောင် အောင်းနေသောဂူသို့ သွားလေ၏။ ထိုသို့သွားရာတွင် ယွန်အုပ် သည် မွှေးကြိုင်လှစွာသော အသားဟင်းတစ်အိုး ချက်ပြုတ် ယူဆောင်သွားခဲ့၏။ ကျားကြီးနေထိုင်ရာ မလှမ်းမကမ်းသို့ ရောက်သောအခါ ယွန်အုပ်သည် မိမိယူလာသော ဟင်းလျာခွက်ကို ချထားကာ လရောင်အောက်တွင် ကျားကြီးကို ကြည့်နေသည်။ ကျားကြီးကလည်း လူသူဟူ၍ မလာစဖူး ထူးဆန်းစွာရောက်ရှိ လာ၍ စူးစမ်းစွာကြည့်ရင်း ဂူဝတွင်ရပ်၍နေ၏။ ထိုအခါ ယွန်အုပ် က " ကျားကြီးငါ့မောင်လေး မင်းအတွက် အရသာရှိတဲ့ ဟင်းလျာ တွေ ပါတယ် လာစားလေ " ဟုခေါ်၏။

သို့သော်ကျားကြီးက ယွန်အုပ်ကို စူးစမ်းမြဲ စူးစမ်းကာ ကြည့်နေ၏။ ယွန်အုပ်လည်း မိမိပါလာသော အသားဟင်းခွက်ကို ထိုနေရာတွင် ချထားကာ အိမ်သို့ပြန်ခဲ့၏။

နောက်တစ်နေ့တွင်လည်း ယွန်အုပ်သည် အလားတူ အသားဟင်း တစ်ခွက်နှင့်အတူ ကျားကြီးနေထိုင်ရာဂူသို့သွားပြီး ယခုညတွင်တော့ ပထမညကထက် ရှေ့သို့ ခြေလှမ်းအနီးငယ် တိုးသွားကာ ယခင်ညကအတိုင်း ဟင်းခွက် ကို ချထားပြီး " ငါ့မောင် မင်းအတွက် အရသာရှိတဲ့ ဟင်းတွေချက်လာတယ်၊ လာစားပါ "

www.burmeseclassic.com



ဟု ခေါ်၏။ ကျားကြီးသည် ယွန်အုပ်အား စူးစမ်းသော မျက်စိဖြင့် ဂူဝမှ နေ၍ မျက်တောင်မခပ်ဘဲ ကြည့်နေချိန်တွင် ယွန်အုပ်လည်း ထိုနေရာမှပြန်ခဲ့သည်။

ယွန်အုပ်သည် ကျားကြီးနေထိုင်ရာ ဂူသို့ဟင်းတစ်ခွက်ဖြင့် ညစဉ် လာတိုင်းလာတိုင်း ယွန်အုပ်က ဟင်းခွက်ကို တစ်ညနှင့် တစ်ညနှင့်မတူ ဂူအနီး သို့ တိုး၍တိုး၍ သွားကာ ချထား၏။ ထိုကဲ့သို့ ညစဉ်ညတိုင်း ဂူအနီးသို့ နည်းနည်းချင်း တိုးကာ တိုးကာသွား၏။ လာဖန်များသောအခါ ကျားကြီးသည် ယွန်အုပ် ယခုလိုလာသည်ကို ယဉ်ပါးယဉ်ပါး လာခဲ့သည်။

တစ်ညတွင် ယွန်အုပ်သည် ကျားကြီး၏ ဂူအနီးသို့ ခဲတစ်ပစ်စာ လောက်အထိ ကပ်၍ သွားခဲ၏။ ထို့နောက် သူဆိုနေကြ အတိုင်း အလွန်သိမ်မွေ့စွာဖြင့် “ ငါ့မောင် ငါစီစဉ် လာတဲ့ အသားဟင်းကို လာစားပါ ” ဟု ယွန်အုပ်က ဖိတ်ခေါ်သောအခါ ကျားကြီးသည် ထိုည၌ ထူးဆန်းစွာ မိမိဂူဝမှ ခြေလေးငါးလှမ်း ထွက်လာပြီးမှ ရပ်နေကာ ယွန်အုပ်ကို စူးစမ်းစွာ ကြည့်၏။ ယွန်အုပ်ကလည်း ကျားကြီးကိုစိုက်၍ကြည့်၏။ ကျားကြီးနှင့် ယွန်အုပ်တို့သည် တစ်ယောက်ကို တစ်ယောက် အတန်ကြာ လရောင်အောက်တွင် စိုက်ကြည့် ဖြစ်၏။

နောက်နေ့တွင်လည်း ယွန်အုပ်သည် ကျားကြီး၏ ဂူအနားသို့ ပို၍ တိုးလာသောအခါ ကျားကြီးကလည်း ခြေလှမ်း အနည်းငယ်ပို၍ ဂူဝမှ ထွက်လာကာ တစ်ယောက် ကိုတစ်ယောက်

www.burmeseclassic.com


ကြည့်နေချိန်တွင် ယွန်အုပ်က "ငါ့မောင် . . . . . ချက်ပြုတ်လာတဲ့ ဟင်းလျာတွေကို ငါ့ဆီကိုလာပြီး ငါ့မောင် စားပါ၊ ငါ့မောင် အတွက် သက်သက်ချက်ပြုတ်လာတာ" ဟု အလွန် ချိုသာ နူးညံ့စွာဖြင့် ပြောသည်။

ထိုအခါ ကျားကြီးသည် ဂူဝမှ အတော်ကြီးထွက်လာကာ ယွန်အုပ်၏ မျက်စိကို စူးစမ်းစွာကြည့်၏။ ယွန်အုပ်၏ မျက်စေ့ မျက်နှာတွင် ကျားကြီးအား မောင်အရင်းသဖွယ် မေတ္တာထား၍ ကျားကြီးအား ခေါ်နေသည်မှာ ပေါ်လွင်၏။ ထိုအခါကျားကြီးသည် ယွန်အုပ်လာချ ပေးထားသော ဟင်းလျာများကို ထွက်၍ စား၏။ ယွန်အုပ်က ခပ်လှမ်းလှမ်းမှ မိမိချက်ပြုတ်ထားသော ဟင်းလျာ များ ကျားကြီးစားသည်ကို မမှိတ်သော မျက်စေ့ဖြင့်ကြည့်နေ၏။ တကယ်တော့ ကျားကြီးသည် ယွန်အုပ်နေ့စဉ်လာပို့နေသော စားစရာများကို ယွန်အုပ်ပြန် သွားပါက လာရောက်စားသုံးသည် သာ ဖြစ်၏။ ယနေ့မှ ယွန်အုပ်ရှိနေစဉ်တွင် စားခြင်းဖြစ်သည်။

ယွန်အုပ်သည် ကျားကြီးထွက်စားတာပြီးသည်အထိ စောင့်ကြည့် ပြီးပြန်လာခဲ့၏။ နောက်တစ်နေ့ ယွန်အုပ်သည် အလားတူ ဟင်းတမယ်ဖြင့် ကျားကြီး၏ ဂူသို့ ရောက်လာချိန် တွင်တော့ ကျားကြီးသည် ဂူမှထွက်ကာ ယွန်အုပ်ကို စောင့်နေ ရှာ၏။ ယွန်အုပ်သည် ကျားကြီးနားအထိသွားကာ မိမိ၏ဟင်းခွက် ကိုချ၍ ပေး၏။ ကျားကြီးက ယွန်အုပ်ချပေးသော ဟင်းခွက်ကို စားနေစဉ်တွင် ယွန်အုပ်က ကျားကြီးကျောနှင့်ဦးခေါင်းကို

www.burmeseclassic.com



ညင်သာစွာ ပွတ်သပ်ပေး၏။ ကျားကြီးက ယွန်အုပ်၏ ဟင်းလျာများကို စားရင်း ယွန်အုပ်၏ မောင်ရင်းလို ပွတ်သတ်ပေးမှုကို ငြိမ်သက်စွာ ခံနေ၏။ ညစဉ်ညတိုင်း ကျားကြီးနှင့် ယွန်အုပ်တို့သည် ထိုသို့တွေ့ဆုံဖြစ်ကြ၏။ ပထမစတင်၍ ကျားကြီး၏ ဂူဝသို့ရောက် ရှိခဲ့သည့်နေ့မှစ၍ ခြောက်လကြာလာခဲ့ပြီ၊ ယွန်အုပ်နှင့်ကျားကြီးတို့ တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှု၊ ချစ်ခင်ယုယမှုများ ပြည့်နေချိန်တွင် ယွန်အုပ်က "ငါ့မောင်ကျား ........ တကယ်လို့ မင်းဟာ ငါ့အပေါ်မှာ ဘယ်လိုမှ စိတ်သဘော မထားဘူး၊ ဘယ်လိုမှ ဒေါသအမျက် မထွက်ဘူးဆိုရင် မင်းဆီက ပစ္စည်းတစ်ခု ကို ငါတောင်းချင်တယ်" ဟုဆို၏။

ယွန်အုပ် ပြောသည်ကို ကျားကြီးကနားထောင်နေ၏။ ယွန်အုပ် ပြောသည်ကို ကျားကြီးက နားလည်ဘိအလားရှိ၏။ ထို့နောက် ယွန်းအုပ်က မိမိ၏ ခင်ပွန်းသည် အတွက် ဆေးဖော်ရန် လိုအပ်၍ တောင်းရခြင်း ဖြစ်ကြောင်း ထပ်မံပြောဆိုခွင့် တောင်းကာ ယွန်အုပ်က ကျားကြီး၏ နှုတ်ခမ်းမွှေးအချို့ကို ညင်သာစွာ နှုတ်ယူ၏။ ကျားကြီးက မိမိ၏နှုတ်ခမ်းမွှေးအချို့အား ယွန်အုပ် နှုတ်ယူသည် ကို ဒေါသမထွက်ဘဲ ငြိမ်သက်စွာခံယူ၏။ ထို့နောက် ယွန်အုပ်သည် ကျားနှုတ်ခမ်းမွှေးအချို့ကို ရယူကာ အိမ်သို့ ပြန်ခဲ့ပါ၏။

နောက်တစ်နေ့တွင် ယွန်အုပ်သည် အချိန်ဆွဲမနေတော့ပဲ တောပျော် ရသေ့ကြီးထံ အပြေးရောက်ရှိ လာခဲ့သည်။

www.burmeseclassic.com


" အိုရသေ့ကြီး . . . . . ရသေ့ကြီး လိုအပ်သော ကျားအရှင်ရဲ့ နှုတ်ခမ်း မွေးကို ကျွန်မ ရရှိလာခဲ့ပါပြီ၊ ရသေ့ကြီး ကတိပေးထားသည့် အတိုင်း ကျွန်မ ခင်ပွန်းက ကျွန်မကို ပြန်လည် ချစ်ခင်ယုယလာမည့် လင်ချစ်ဆေးကို ဖော်ပေးပါတော့" ဟုဆိုပါ၏။

ရသေ့ကြီးသည် ယွန်အုပ်ယူလာသောကျား နှုတ်ခမ်းမွေး ကိုယူ၍ အသေအချာစစ်ဆေး၏။ ထို့နောက် ရသေ့ကြီးက "ကျားနှုတ်ခမ်းမွေးကလဲ အစစ်ပဲ၊ ကျားအရှင် တစ်ကောင်ရဲ့ နှုတ်ခမ်းမွေးလဲ အစစ်ပဲ " ဟုဆိုကာ ယွန်အုပ် ခက်ခက်ခဲခဲ အသက်စွန့်၍ ခြောက်လကြာ အချိန်ယူကြံဆောင်ယူ လာခဲ့သော ကျားနှုတ်ခမ်းမွေး များကို မိမိ၏ရှေ့မှာ မီးပုံထဲသို့ ပစ်ထည့်လိုက်ပါ ၏။ ကျားနှုတ်ခမ်းမွေးများမှာလည်း ခဏချင်း ယွန်အုပ်၏ ရှေ့မှာပင်မီးလောင် ပြာကျသွားတော့၏။ ရသေ့ကြီးက မိမိ ခက်ခက်ခဲခဲ အသက်စွန့်ယူလာခဲ့သော ကျားနှုတ်ခမ်းမွေးများကို မီးပုံထဲသို့ ပစ်ချလိုက်၍ မိမိဘယ်လိုမှ မတားဆီးလိုက်၊ မကာကွယ်နိုင်လိုက် ချိန်မှာပင် ကျားနှုတ်ခမ်းမွေး များသည် ပြာကျ သွားသည်။ အဖြစ်အပျက်ကို ကြည့်ရင်း ယွန်အုပ်သည် ဆောက်တည်၍မရနိုင်စွာဖြင့် "အိုရသေ့ကြီး အရှင်ရသေ့ကြီး ဘယ်လိုလုပ်လိုက်တာ ပါဘဲ၊ ကျွန်မကို ဆေးဖော်ပေးမယ်ဆိုပြီး ကျားနှုတ်ခမ်းမွေးများကို ဘာပြုလို့မီးရှို့ပစ်ရတာလဲ" ဟု မေး၏။

www.burmeseclassic.com



" ယွန်အုပ် ဒီကျားနှုတ်ခမ်းမွေးများကိုသင်ဘယ်လို ရယူခဲ့တယ် ဆိုတာ ငါ့ကိုပြောပါဦး" ဟု ရသေ့ကြီးကဆို၏။

" အိုရသေ့ကြီးကျွန်မဟာ ကျားဂူဝကို ဟင်းတစ်ဇလုံနဲ့ သွားပြီး ပထမကျားကြီးမြင်အောင် အရိပ်အရောင်ပြရပါတယ်၊ နောက်တော့ ညစဉ်ရှေ့ နဲနဲနဲနဲ တိုးပြီး ဟင်းဇလုံကို သွားထား ရပါတယ်။ ဒီလိုသွားထားစဉ် ငါ့မောင် ငါကျွေးတဲ့ ဟင်းလျာ အရသာရှိရှိကို လာစားပါလို့လဲ မောင်အရင်းလို ပြောရပါတယ် ကျားကြီးဟာ ကျွန်မရဲ့ စိတ်ရှည် သည်းခံမှု၊ မောင်အရင်းလို သူ့အပေါ်သဘော ထားမှုတွေကို သိရှိပြီး တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုရှိလာရာ ကျွန်မလက်ထဲက အသားဟင်းကို လာစားတဲ့အထိ၊ ကျွန်မရဲ့ ပေါင်ပေါ်မှာ ခေါင်းတင်ပြီး ကျားကြီး အိပ်တဲ့အထိ ကျွန်မနဲ့ ကျားကြီးက ခင်မင်လာကြပြီး ကျွန်မကလည်း ကျားကြီးကို ညပေါင်းများစွာ သူ့ခေါင်း သူ့လည်ဆံမွေး တို့ကို ပွတ်သတ်ပေးပြီး နောက်ဆုံးညကျမှ သူထံမှ နှုတ်ခမ်းမွေး အချို့ကို တောင်းယူတဲ့အခါမှာ ကျားကြီးက ကြည်ဖြူစွာ နှုတ်ခမ်းမွေး များကို ပေးအပ်လိုက်ကြောင်းကို အစမှ အဆုံးတိုင်ပြောပြီး "ရသေ့ကြီး ကျွန်မ ရသေ့ကြီးစကားကို ယုံကြည်၍ ခက်ခဲစွာ ယူလာခဲ့ရသော ကျား၏နှုတ်ခမ်းမွေးများ အလဟဿ မီးလောင် သွားပါပြီ" ဟုကြေကွဲစွာ ပြောကြားလေ၏။

"ယွန်အုပ်မင်းဟာ ရိုင်းစိုင်းပြီး လူသားစားတဲ့ကျားကြီးကို မိမိ အပေါ်ယုံကြည်လာအောင် မိမိကို ချစ်လာအောင်ပြုစုနိုင်တဲ့

www.burmeseclassic.com


ကိုရီးယား အမျိုးသမီးတစ်ယောက်ပဲ၊ ဒီတော့ကျွားကိုတောင် မိမိပေါင်ပေါ်မှာ လာအိပ်အောင် အကြင်နာတရားနဲ့ မေတ္တာတရား ပြပြီး စိတ်ရှည်သည်းခံတဲ့ အိမ်ထောင်ရှင်မ တစ်ယောက်အတွက် ဘာယတြာ ဘယ်လင်ချစ်ဆေးမှမလိုဘူး၊ ဘာလက်ဖွဲ့ အဆောင် မှလဲမလိုဘူး၊ ကျွားနှုတ်ခမ်းမွှေးလည်းမလိုဘူး၊ ဒါကြောင့် မင်း ယူလာ တဲ့နှုတ်ခမ်းမွှေးကို မလိုတော့လို့ မီးရှို့ပစ်လိုက်တာ သွေးဆာ နေတဲ့ ကျွားတစ်ကောင်ကို ယဉ်ကျေးအောင်ပြုလုပ်နိုင်တဲ့ အမျိုးသမီး တစ်ယောက်ဟာ မိမိလင်ကို ယဉ်ကျေးအောင် အချစ်တွေပိုလာအောင်၊ သိမ်မွေ့အောင်အလွယ်နဲ့ ပြုမူ ဆောင်ရွက်နိုင်တယ်ဆိုတာ ငါယုံတယ်။ ကျွားကြီးကို ယဉ်ကျေး အောင် သိမ်မွေ့အောင် လုပ်ခဲ့သလို၊ မင်းခင်ပွန်းကို ပြုလုပ် မင်းယောက်ျား လူဆိုးကြီးဟာ ကျွားကြီး မင်းပေါင်ပေါ်မှာ အိပ်ပြီး မင်းမျက်နှာကို ချစ်ခင်မြတ်နိုးတဲ့မျက်လုံးတွေနဲ့ ကြည့်သလို ကြည့်လာ လိမ့်မယ်" ဟုရသေ့ကြီးက ဆို၏။

ရသေ့ကြီး၏ စကားကိုကြားသောအခါ ယွန်အုပ်သည် မိမိအိမ်သို့အပြေးပြန်လာကာ ကျွားကြီးကို စိတ်ရှည်လက်ရှည် သည်းခံပြီး ပြုစုသလို ပြုစု သောအခါ ယွန်အုပ်၏ ခင်ပွန်းသည် မေတ္တာစိတ်၊ ကရုဏာစိတ်များနိုးကြားကာ သိမ်မွေ့သော မိမိ၏ ဇနီးကို ချစ်ခင်ယုယတတ်သော ယောက်ျားတစ်ယောက် ဖြစ်လာခဲ့ သည်။ ထိုအချိန် မှစ၍ ကိုရီးယား အမျိုးသမီး အားလုံးသည်လည်း ယွန်အုပ် မိမိယောက်ျားအား ပြုစုသလို ပြုစုကြသည်။

www.burmeseclassic.com



ကိုရီးယား အမျိုးသမီးများသည် သူတို့၏ ခင်ပွန်းသည် လင်ယောကျ်ား များအား စားကောင်းသောက်ဖွယ်များ၊ အဝတ်တန်ဆာများကို မိခင်က သားငယ်အပေါ်ထားရှိသော ချစ်ကြင်နာမှုများဖြင့် ပြုစုသလိုပြုစုကျွေးမွေး ပြင်ဆင်ပေး၏ ကိုရီးယားအမျိုးသမီးတို့သည် ကျစ်ကျစ်လျစ်လျစ်ဆောင်ရွက် ရမည့်အရာများကို နှမသဖွယ်အရှက်အကြောက်ဖြင့် မိမိတို့ လင်ယောကျ်ား အတွက် ဆောင်ရွက်ပေး၏။

မိမိလင်ယောကျ်ားအတွက် ဆောင်ရွက်စရာကိစ္စများကို ကျွန်မ သဖွယ် လုပ်ဆောင်ပေးသည်။ အရေးအကြောင်း ရှိလျှင် တိုင်ပင်ဖော် တိုင်ပင်ဖက် အဖြစ် ကျောင်းဆရာမ သဖွယ် အကြံပေးသည်။ အခါမလပ် ချစ်ဖွယ်သော ဓလေ့ဖြင့် ချစ်ဖွယ်သော စကားဆို၏။ လင်၏ရှေ့တွင် ပြေပြေပြစ်ပြစ် ဝတ်ဆင်၍ လင်ကိုရိုသေသမှုပြုသည်။ လင်ယောကျ်ားအမျက် ထွက်သောအခါ တုပြိုင်စကား များကိုမဆိုဘဲ သည်းခံ၍ လင့်အမျက်ကို ငြိမ်စေအောင် ကိုရီးယားအမျိုးသမီးတို့က ပြုခဲ့ကြသည်မှာ ယွန်အုပ် သူ့ယောကျ်ားအား ချစ်ခင် ယဉ်ကျေး အောင် ပြုလုပ်ခဲ့သောအချိန်မှ ယနေ့အထိပင် ဖြစ်ပါသည် ဟုဆို၏။

ထိုချစ်ကြည်စွာ ဆောင်ရွက်မှုဓလေ့ကို ကိုရီးယား အမျိုးသမီးတို့သည် မိခင်များထံမှ သင်ကြားရယူသည်။ ကိုရီးယား အမျိုးသမီးတိုင်းက သူတို့၏ လင်ယောကျ်ားများကိုယွန်အုပ်

www.burmeseclassic.com



ကဲ့သို့ပြုစုသည်။ ကိုရီးယားအမျိုးသမီးများက မိမိတို့၏ လင်ယောက်ျားများ အပေါ်ထားရှိသည့် သဘောထားဓလေ့ အထိန်းအမှတ်အဖြစ် ယွန်အုပ်၏ ပေါင်ပေါ်တွင် ကျားကြီး အိပ်နေပုံကို ယခုကဲ့သို့ ရေးဆွဲထားခြင်းဖြစ်သည်။ ဤပုံသည် ကိုရီးယားအမျိုးသမီးများက ခင်ပွန်းသည်ယောက်ျားတို့အပေါ် နှမလိုတသွယ်၊ မိခင်လိုတစ်မျိုး ယုယပြုစုချစ်ခင်တတ်ပုံကို ရေးဆွဲထားသောပုံ ဖြစ်သည်ဟု မစ္စတာဘေးကပြောပြပါ၏။

မစ္စတာဘေးက မိမိဇနီးသည်လည်း ယွန်အုပ်လို လင်ယောက်ျားကို ပြုစုတတ်သလို မိမိ၏မိခင်ကြီး ရင်တွင်း၌လည်း ယွန်အုပ်၏ အသည်း နှလုံးရှိသည်။ ကိုရီးယားအမျိုးသမီးများ အားလုံးသည် ယွန်အုပ်ကဲ့သို့ပင် မိမိတို့၏ ခင်ပွန်းအား ပြုစုကြသည်ဟုဆိုပါ၏။

❀ ❀ ❀

www.burmeseclassic.com


# ရှမ်းကန့်(၁)တွင် ချိန်းဆို၍

မစ္စတာဘေးပြောပြသော ယွန်အုပ်နှင့် ကျားနှုတ်ခမ်းမွှေး လင်ချစ် ဆေးပုံပြင်လေးက အလွန်မှကောင်းသည်။ ကိုရီးယား အမျိုးသမီးများ၏ လင်သားအပေါ်ထားရှိသော သည်းခံမှု၊ ရို့ကျိုးမှု၊ ချစ်ခင်မှု၊ ကြင်နာမှုများလည်း ပေါ်လွင်သည်။ ကျွန်တော်က ကိုရီးယားပုံပြင်ကို နားထောင်ရသဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောပြပြီး ကျွန်တော်ယူလာသော ကိန္နရီကိန္နရာ တောင်ပံယှက်၍ ပျံလျှက် ချစ်ကြည်နူးနေကြပုံ၊ သစ်ထွင်းပန်းပုလက်ရာကို မစ္စတာဘေးအား လက်ဆောင်ပေးပါ၏။

မစ္စတာဘေးက ပုံကိုမြန်မာနိုင်ငံသို့ ရောက်ကတည်းက နေရာတကာ တွင်မိမိမြင်ဘူးသည်။ လူမျက်နှာ၊ လူကိုယ်၊ လူလက်၊

www.burmeseclassic.com



လူခြေထောက်နှင့်မြန်မာရှေ့မင်းခန်း မင်းနားအဝတ်အစား များနှင့် တောင်ပံပါရှိကာ ပျံနိုင်သော ဤပုံမှာထူးခြားသည်။ မြန်မာတို့အတွက် ထူးခြားသောယဉ်ကျေးမှု အကြောင်း အရာများ ရှိမည်ဟုဆိုပါ၏။ ထိုအခါ ကျွန်တော်က ကိန္နရီကိန္နရာတို့အကြောင်း ကို မစ္စတာဘေးအား ပြောပြရပါ၏။

ကိန္နရာသည် မြန်မာစာပေကျမ်းဂန် များထဲမှ လူတစ်ပိုင်း ငှက်တစ်ပိုင်း သတ္တဝါဖြစ်သည်။ အမကို ကိန္နရီဟုခေါ်၍ အထီးကိုကိန္နရာ ဟုခေါ်သည်။ လူနှင့်မခြား အသိဉာဏ်ရှိ၍ ဟိမဝန္တာတွင် နေကြသည်။ မြန်မာ ဗေဒင်နက္ခကျမ်းများ၌ ၁၂ - ရာသီအိမ်တွင် တစ်ရာသီ အိမ်၏အမှတ်အသားသည် ကိန္နရာဖိုမပုံ ဖြစ်သည်။ ဗုဒ္ဓဘာသာဇာတ်တော်များတွင် ကိန္နရီကိန္နရာ ဇာတ်လမ်းများ ရှိသည်။

ရှေးကဘုရင်မင်းမြတ်များ၊ မုဆိုးများသည် ကိန္နရာမတို့နှင့် သင့်မြတ် ၍ သားသမီးများ မွေးဖွားသည့်ဇာတ်လမ်းများရှိသည်။ ရှေးအခါက ပါဋလိပုတ် ပြည်သား(ယခုအိန္ဒိယနိုင်ငံရှိ ပတ္တနာမြို့) မုဆိုးတစ်ဦးသည် ကိန္နရီမဖြင့် အိမ် ထောင်ကျ၍ တိဿနှင့် သုမိတ္တဟူသော သားနှစ်ပါးကို ဖွားမြင်သည်။ ထိုသား နှစ်ပါးသည် ဝရုဏရဟန္တာထံတွင် တပည့်ခံ၍ ရဟန္တာများဖြစ်ကြကုန်သည်။

အဆိုပါတိဿရဟန္တာသည် သီရိဓမ္မာသောက မင်းကြီး နန်းသက်ရှစ် နှစ်တွင် ပရိနိဗ္ဗာန်ပြုရာ၊ ထိုရဟန္တာ၏ လောင်တိုက်၊ တလား စသည်တို့ပေါ်တွင် မိခင်ကိန္နရီမပုံအား ထုထွင်း ပြုလုပ်

www.burmeseclassic.com


ပူဇော်ခဲ့သည်မှ စ၍ ဘုန်းကြီးပျံ စသည်တို့တွင် ကိန္နရီကိန္နရာ ပုံများ ထုလုပ်တပ်ဆင်ကြသော အလေ့ ရှိသည်။

မြန်မာဘုရင်တို့၏ ရာဇပလ္လင် ဥကင်လက်ဝဲ လက်ယာ တို့တွင်လည်း ကိန္နရာ ကဟန်များကို ထုလုပ်လေ့ရှိသည်။ ထိုသို့ ပြုလုပ်ခြင်း၏ အကြောင်း အရင်းကတော့ ကိန္နရာတို့သည် နူးညံ့သိမ်မွေ့သော အမူအရာရှိခြင်း၊ ပန်းဝတ်ဆံ တို့ကိုစားသုံးခြင်း၊ ငါးပါးသော အဆင်းအင်္ဂါတို့နှင့်ပြည့်စုံခြင်း၊ လှပတင့်တယ်၍ ရှုချင်စဖွယ်ရှိခြင်း၊ ဘုရားပွင့်တော်မူသော နေ့တွင် ဝမ်းမြောက်စွာ ကခုန်မြူထူး လေ့ရှိခြင်းစသော မင်္ဂလာတို့ကြောင့် ရာဇပလ္လင် ဥကင်ဝဲယာ တို့တွင် ကိန္နရာ ပုံများထုလုပ်ခြင်းဖြစ်ကြောင်း၊ ကျွန်တော်က ပြောပြ၏။

ထိုင်းနိုင်ငံပတ္တာရာကမ်းခြေ အာကဇာဇာတ်ပွဲ ဇာတ်ရုံ ကြီးတွင် ကပြသောနာမည်ကြီး ဒွေးမယ်နော်ဇာတ်သည် ကိန္နရီ ဇာတ်ပင် ဖြစ်သည်။ ကိန္နရာယဉ် ကျေးမှုသည် ဗုဒ္ဓဘုရားဟော ဇာတ်တော် များနှင့်လည်း ဆက်နွယ် နေ၍ ဗုဒ္ဓဘာသာ ထွန်းကား သောနိုင်ငံများတွင် ကိန္နရာယဉ်ကျေးမှု ရှိကြသည့် အကြောင်းကို ကျွန်တော်က ရှင်းလင်းပြောပါ၏။

မြန်မာနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ကယား ပြည်နယ်၏ အလံတွင် ကိန္နရာရုပ်ပါရှိ၍ ကယားလူမျိုး တို့က မိမိတို့သည် ကိန္နရာမျိုးရိုးမှ ဆင်းသက်လာသူများ ဟု ယုံကြည်

www.burmeseclassic.com



ကြသည်။ ကိန္နရာသည် ယဉ်ကျေးမှုကဏ္ဍတွင် သာမက ချစ်မေတ္တာအရာ တွင်လည်း အလွန်မှ နံမည်ကြီးသည်။

တစ်ခါက ကိန္နရာ အဖိုနှင့်အမတို့ရှိသည်။ သူတို့သည် အလွန်မှတစ်ဦးအပေါ်တစ်ဦးချစ်ကြသည်။ သူတို့သည် ပန်းပွင့်များကိုခင်း၍ ပန်းမွှေ့ရာ ပေါ်တွင်နေကြကာ ပန်းဝတ်မှုံများကိုစား၍ ချစ်စကားဆိုကြသည်။ တစ်နေ့ သောအခါတွင် ထိုကိန္နရာ အဖိုအမတို့နေထိုင်ရာတောထဲတွင် မိုးမုန်တိုင်းကြီး ကျရာ ကိန္နရာအဖိုနှင့် အမကွဲသွားကြသည်။ မုန်တိုင်းကြောင့် ကိန္နရာ အဖိုနှင့်အမ တို့သည် တစ်ဦးကချောင်းဘက်ကမ်းတွင် ကျန်ရစ်၍ တစ်ဦးက ချောင်းအခြားဘက်ကမ်းသို့ မုန်တိုင်းဖြင့်လွင့်ပါသွားခဲ့သည်။ ကိန္နအဖိုနှင့် အမတို့သည် ညကလည်းမှောင်၊ မုန်တိုင်းကလည်း ဆက်လက် တိုက်ခတ်နေ သောကြောင့် တစ်ညလုံး တစ်ယောက်ကို တစ်ယောက်ရှာမတွေ့ကြဘဲ ချောင်းခြား၍ နေခဲ့ကြသည်။ နံနက်မိုးလင်း၍မုန်တိုင်းစဲမှပင်ချစ်သူနှစ်ဦးပြန်တွေ့ကြရာ တစ်ညတာကွဲတာကို အသည်းနာလွန်း၍ နှစ်ပေါင်း ခုနှစ်ရာ ငိုကြသည်။ "ကျွန်တော်တို့မြန်မာများသည် အချစ်နှင့်ပတ်သက်၍ ကိန္နရာမောင်နှံကို စံပြုပြောဆိုရုံသာမက သီချင်းသီကုံးစပ်ဆိုကြသည်" ဟု ကျွန်တော်ကပြောပြသည် ထိုအခါ တစ်ညတာကွဲတာကို နှစ်ပေါင်းခုနှစ်ရာဆွေးရသည့်အကြောင်း ဇာတ်လမ်းသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးအချစ်ဇာတ်လမ်းဖြစ်မည်ဟု မစ္စတာဘေးကဆိုပါ၏။

www.burmeseclassic.com


ကျွန်တော်က မြန်မာတွင် တော်ဝင်မိန်းမသားလေးဦး ရှိကြသည်။ ထိုအမျိုးသမီးလေးဦးကို တော်လေးဝဟုခေါ်သည်။ မြန်မာအမျိုးသမီးများသည် ထိုတော်လေးဝ မိန်းမသားလေးဦး အားစံပြုကာ နေထိုင်ကြသည်။ တော်ဝင်မိန်း မသားလေးဦးကဲ့သို့ ဖြစ်အောင် မိဘ ဆရာသမားများက မြန်မာမိန်းကလေးတို့ အား ဆိုဆုံးမမှုများပြုကြသည်။ မြန်မာအမျိုးသမီးများသည် မိမိတို့ အိမ်ထောင် မိမိတို့ခင်ပွန်းသည် လင်ယောက်ျားများအပေါ်တွင် တော်ဝင်မိန်းမသားများကဲ့သို့ တတ်နိုင်သမျှကျင့်ကြံနေထိုင်ကြ သည်။

ထိုတော်လေးဝဝင် အမျိုးသမီးထဲတွင် စန္ဒကိန္နရီသည် တစ်ဦး အပါအဝင်ဖြစ်သည်ဟုဆိုတော့ မစ္စတာဘေးကတော်လေး ဝဝင် စန္ဒကိန္နရီ အမျိုးသမီးအကြောင်းပြောပြပါဟုဆို၏။

ဒီနေ့တော့ အချိန်မရှိတော့

လာမည့်စနေနေ့ နေ့လယ်စာ စားချိန်တွင်ပြောပြမည်ဟု ကျွန်တော် ကဆို၏။ မစ္စတာဘေးကပုံပြောပြမည့်နေ့ ညစာကိုသူက ကျွေးမွေးမည်။ မည်သည့်ဆိုင်တွင်စားမလဲဟု ကျွန်တော်ကိုမေး ပါ၏။ ကျွန်တော်က တော်လေးဝဝင် စန္ဒကိန္နရီဇာတ်ကို တွေ့ကရာ ဆိုင်၊ တွေ့ကရာနေရာတွင် မပြောလို၊ ဘယ်ဆိုင်ကို ရွေးမည်ဆိုသည့် အကြောင်း ကျွန်တော်ဖုံးဆက်ပါမည်ဟု ဆိုသောအခါ မစ္စတာဘေး က သဘောတူပါ၏။

www.burmeseclassic.com



နောက်တစ်ပါတ် ထမင်းချိန်းစားရန် ရက်နီးလာသည့်တိုင် ကျွန်တော်က မစ္စတာဘေးထံ ဘယ်ဆိုင်ကိုရွေးကြောင်း ဖုံးမဆက်ဖြစ်ဘဲ ရှိ၏။ တော်လေး ဝဝင် အမျိုးသမီးတစ်ဦးဖြစ်သူ စန္ဒကိန္ဒရီ အကြောင်းကို သိလိုစိတ်ပြင်းပြနေသော မစ္စတာဘေးက ဖုန်းဆက်လာပါ၏။

ဦးချစ်စံ လာမည့်စနေနေ့ ဘယ်ဆိုင်မှာတွေ့ ကြမလဲ၊ ကျွန်တော် သံလျင်ဘက်ကို ဂေါတ်သွားရိုက်မယ့် ကိစ္စတောင် ဖျက်ထားသည်ဟု မစ္စတာဘေးက ဆိုပါသည်။ ကျွန်တော်က ရွှေတိဂုံစေတီ တောင်ဘက်မုဒ်ရှိ ဦးဝိစာရလမ်းပေါ်မှ ရှမ်းကန်(၁) စားတော်ဆက်ကို ရွေးထားကြောင်း၊ နေ့လည် ၁၂ နာရီခွဲတိတိ လာရန်ချိန်းတော့ မစ္စတာဘေးက ကျွန်တော်ရွေးချယ်သော နေရာကို လက်ခံပါ၏။ ရှမ်းကန်(၁)စားသောက်ဆိုင်သည် ကန်တော်မင်္ဂလာပန်းခြံအလယ် တွင်ရှိသည်။ သစ်ပင်ပန်းမာန်တို့ အလယ်တွင်ရှိသော စားသောက်ဆိုင်တစ်ခု ဖြစ်သည်။ ရှမ်းကန်(၁) စားတော်ဆက်၏ ပတ်ဝန်းကျင်သည် သစ်ကြီးဝါးကြီးများ နှင့် အုံ့ဆိုင်းနေ၍ သာယာလှပသော ရေကန် လည်းရှိ၏။ ရှမ်းကန်(၁) ၏ ရေကန် သစ်ပင်တို့သည် ဟိမဝန္တာအလားရှိသည်။ ရွှေတိဂုံစေတီတော် ကြီးကို လည်း ရှင်းလင်းထင်ရှားစွာ ဖူးတွေ့ နိုင်သည်။ ကြည်လင်သော ကောင်းကင် ကိုလည်း တွေ့နိုင်သည်။ စည်ပင်မှ စိုက်ပျိုး ထားသော ပန်းမျိုးဥယျာဉ်တွင် သစ်ပင်တို့ စုံလင်သည်။ ရှမ်းကန်(၁) တွင် လိမ္မာရေးခြားရှိ၍ စားသုံးသူတို့၏ အလိုကို

www.burmeseclassic.com


လိုက်သော ဧည့်စားပွဲထိုး တို့လည်း ရှိသည်။ ရှမ်းကန်(၁)၏ ဟင်းလျာများကို ကျွန်တော်နှစ်သက်စွဲလမ်း၏။ ထို့ကြောင့် ကျွန်တော်သည် တောလေးဝဝင် ကိန္နရာဇာတ်လမ်းကို ကိုရီးယား နိုင်ငံခြားသားတစ်ဦးအား ပြောပြရေး အတွက် ရွေးချယ်ရာတွင် ရှမ်းကန်(၁) ကို ရွေးချယ်ခဲ့ခြင်းဖြစ်၏။

ထို့ပြင် ထိုကန်တော်မင်္ဂလာဥယျာဉ်သည် ရန်ကုန်မြို့၌ ချစ်သူတို့ အများဆုံးချိန်းဆို ဆုံတွေ့ကြရာနေရာလည်းဖြစ်သည်။ ရှမ်းကန်(၁)ကန်တော် မင်္ဂလာပန်းခြံတွင်းဝယ် ရွှေလည်တွဲ၍ ချစ်ချင်းပြိုင်နေကြသော ချစ်သူစုံတွဲများကို မိုးလင်းမှမိုးချုပ် တိုင်တွေ့ရသည်။ ထို့ကြောင့် စန္ဒကိန္နရီဇာတ်တော်ကို ပြောရာတွင် ထိုနေရာသည်အကောင်းဆုံး အသင့်မြတ်ဆုံးဖြစ်သည်။ ထို့ပြင် ငယ်ရွယ်သူ ရှမ်းကန်စားသောက်ဆိုင်ပိုင်ရှင်များ ဖြစ်ကြ သော ကိုခင်မောင်ဦးနှင့် မခင်ဝင်းကြည်တို့ကလည်း ကိန္နရာဖိုမသဖွယ် ဖြစ်သည်။

ချိန်းသောနေ့တွင် ကျွန်တော်က ရှမ်းကန်(၁)တွင် စားနေ ကျဖြစ်သော ဘဲကင်တစ်ခြမ်း၊ ပုဇွန်တစ်ပွဲ၊ ကိုက်လံတစ်ပုဂံ၊ ငါးခူ အပွကြော်နှင့် ကျောက်ပွင့် သုတ်မှာ၏။ မစ္စတာဘေးက ငါးတစ်ပွဲ နှင့် ဟင်းချိုတစ်ခွက်ထပ်မှာကာ စားသောက်ကြရင်း မိုးဖွဲဖွဲရွာ နေသော နေ့လယ်ခင်းတွင် ကျွန်တော်က စန္ဒကိန္နရီ ဇာတ်လမ်းကို ပြောပါသည်။

❀ ❀ ❀

www.burmeseclassic.com


# အခန်း (၄)

## စန္ဒကိန္နရီ(သို့မဟုတ်) ချစ်လင်ကလွဲ ဖွဲ့ဆန်ကွဲ

ကျွန်တော်က စန္ဒကိန္နရီဇာတ်သည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော ဇာတ်တော်ဖြစ်သည်။ ထိုဇာတ်ကို ဘာကြောင့်မြတ်စွာဘုရား ဟောကြားတော်မူသည်ဆိုသောကိစ္စကလည်း စိတ်ဝင်စားစရာကောင်းသည်။ မစ္စတာဘေးစိတ်ဝင်စားမည်ဆိုပါက မြတ်စွာဘုရား ထိုဇာတ်တော်ကို ဟောကြားတော်မူ သည့် အကြောင်းအရင်းကစ၍ ပြောလိုပါသည်ဟု ကျွန်တော်က ဆို၏။ ထိုအခါမစ္စတာဘေးကပြောပါ စိတ်ဝင်စားစရာကောင်းဖြစ်မှာပါဟု ဆို၏။

× × ×

www.burmeseclassic.com


ဗုဒ္ဓမြတ်စွာဘုရားသည် တရားစစ် တရားမှန်ကိုရှာဖွေရန် သိဒ္ဓတ္ထ မင်းသားဘဝမှ အသက် ၂၉ နှစ်အရွယ်တွင် နန်းတော်မှ တိတ်တဆိတ်ထွက် ခဲ့ပြီး အမှန်တရားကိုရှာဖွေခဲ့သည်။ သိဒ္ဓတ္ထ မင်းသားသည် ဒုက္ကရစရိယာ ခြောက် နှစ်ကျင့်တော်မူသော်လည်း အမှန်တရားကိုမတွေ့ ရှိပဲ သက်တော် ၃၅နှစ်သို့ ရောက်တော်မူမှ ပင် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့၏။

ဘုရားအဖြစ်သို့ရရှိတော်မူပြီးသော် ကျွတ်ထိုက်သူတို့အား တရား ရေအေးတိုက်ကျွေးကာနေခဲ့၏။ ခမည်းတော်၏ မိန့်မှာချက် ကြောင့် ဖွားဘက် တော်လည်းဖြစ်၊ တတ်သိလိမ္မာခြင်းလည်းရှိသော ကာဠုဒါယီ အမတ်ကြီးက မြတ်စွာဘုရားအား လျှောက်ထားသော အခါတွင်မှသာ မိမိစွန့်ခွာလာခဲ့သော ကပ္ပိလဝတ်နန်းတော် သို့ကြွရောက်လာရန်ကတိပေးခဲ့ပြီး တစ်ခုသော တပေါင်းလတွင် ခမည်းတော်၊ သားတော်နှင့် ယသောဓရာမင်းသမီးတို့ရှိရာ ကပ္ပိလဝတ်နန်းတော်သို့ မြတ်စွာဘုရားကြွတော်မူခဲ့၏။

မြတ်စွာဘုရားသည် ဖခမည်းတော် သုဒ္ဓေါဒနမင်း ကြီး၏ နန်းတော်သို့ ရဟန်းတော်များခြံရံလျက် ဗုဒ္ဓရှင်တော်မြတ်သည် ကြွရောက် တော်မူသည်။ ဖခမည်းတော်၏နန်းတော်တွင် အာရုဏ်ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းဘုဉ်းပေးပြီးအချိန်တွင် ဖခင်ခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော် မျိုးတော်တို့အား မဟာဓမ္မပါလ ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဟောတော် မူသည်။ ထိုတရားပွဲသို့ ဆွေတော်မျိုးတော်များအားလုံးကြွရောက်လာကြ

www.burmeseclassic.com


သော်လည်း ရာဟုလာမယ်တော်ယသော်ဓရာမင်းသမီးတစ်ယောက် လာရောက် ခဲ့ခြင်းမရှိခဲ့ပါ။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတစ်လျှောက်လုံး မိမိနှင့်သေအတူ ရှင်မကွဲလက်တွဲကာ ပါရမီဖြည့်ဘက် ဖြစ်သည့် ဗိမ္ဗာရွှေလှော် မယ်ယသော်တစ်ယောက်ကိုမတွေ့ မမြင်ရသည့် အတွက် ရာဟုလာမယ်တော်ယသော်ဓရာ၏ ခန်းဆောင်သို့ကြွရောက်၍ ပါရမီဖြည့်ဘက်တစ်ယောက်၏ကျေးဇူးဂုဏ်ကို ဖွင့်ထုတ်ဟောကြားဦးမည် ဟုစိတ်ကူးသည်။ ထို့နောက်ခမည်းတော်မင်းကြီးအား သပိတ်တော်ကိုပိုက်ယူစေပြီး လက်ယာရံ လက်ဝဲရံ အမြတ်ဆုံးသော တပည့်သာဝကကြီး နှစ်ပါးခြံရံလျက် ယသော်ဓရာ၏ခန်းဆောင်သို့ ကြွတော်မူခဲ့သည်။

ထိုအချိန်တွင် ယသော်ဓရာမင်းသမီးသည် အခြံအရံကချေသည် မောင်းမမိဿံပေါင်းလေးသောင်းနှင့်အတူ မိမိ၏အခန်းဆောင်တွင်ရှိနေသည်။ ထိုမောင်းမပေါင်းလေးသောင်းထဲ တွင်မင်းမျိုးမင်းနွယ် မင်းသမီးချည်း တစ်ထောင့်ကိုးဆယ်တိတိ ပါဝင်၏။ ယသော်ဓရာမင်းသမီးသည် ဗုဒ္ဓရှင်တော် မြတ်နန်းတော် သို့ကြွရောက်တော်မူမည့်သတင်းကို သိရှိရစဉ်ကပင် သူ၏ရံရွေတော်လေးသောင်းတို့ကို "အားလုံးအဝါရောင်များသာ ဝတ်ဆင်ထားရမည်" ဟု အမိန့်ထုတ်ထားခဲ့၏။

www.burmeseclassic.com



သူကိုယ်တိုင်ကမူ အလောင်းတော် သိဒ္ဓတ္ထမင်းသားတော်ထွက်ချိန်မှစ၍ ယနေ့အထိ အဝါရောင်ကိုသာ ဆင်မြန်းလျက်ရှိပေ၏။ အဘယ်ကြောင့် ဤသို့ဝတ်ဆင်နေပါသနည်းဆိုသော် သူသည် သူ၏မောင်တော် သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉နှစ်အရွယ် လွန်ခဲ့သောခြောက်နှစ်ကျော်ခုနစ်နှစ်လောက်က တစ်ခုသော ဝါဆိုလပြည့် တနင်္လာနေ့ည တစ်ညတွင် စီးတော်မြင်းကဏ္ဍက ကိုစီးလျှက် ငယ်ကျွန်ကြီး မြင်းမြီးဆွဲမောင်စံ တစ်ယောက်ကို အဖော်ပြု၍ အနော်မာ သောင်ကမ်းသို့ထွက်သွားခဲ့သည်။ နောက်တစ်နေ့တွင် ငယ်ကျွန်ကြီး မောင်စံ တစ်ယောက်တည်းပြန်ရောက်လာခဲ့သည်။ မောင်စံသည် ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ယသော်ဓရာမင်းသမီးအား သံတော်ဦးတင် သည်။ မောင်စံ ပြောပြချက်အရ သူ၏မောင်တော်သည် တောသို့ရောက်သည့်အခါ လှပသော သူ၏ဆံကေသာတို့ကို သံလျက်ဖြင့် ဖြတ်ကာ စွန့်ပယ်လိုက်သည်။ သူ၏ မင်းဝတ် တန်ဆာများကိုလည်း ချွတ်ပယ်ကာ ခါးဝတ်ရော အပေါ်ရုံပါ အဝါရောင် သင်္ကန်းကိုသာ ဝတ်ဆင်ကြောင်းသူသိရသည်။ ထိုအချိန်ကစ၍ ယသောဓရာမင်းသမီးသည်လည်း သူ၏ဆံကေသာများကို အမွှေးနံ့သာများဖြင့်ချယ်သမှု မပြုတော့ဘဲ သာမန်သာပင်ထားလိုက်တော့သည်။ အဝတ်တွင်လည်း ခါးဝတ်သော အပေါ်ရုံကိုပါ တစ်ခြားအရောင်များမဝတ်တော့ဘဲ အဝါရောင်ကိုသာ ဝတ်တော့သည်။ ထို့ကြောင့် ယခုမောင်တော်ဖြစ်သော၊ ဗုဒ္ဓရှင်တော်မြတ်နန်းတော်သို

www.burmeseclassic.com


ကြွရောက်တော်မူမည့် အကြောင်းသိရသည့်အခါ သူသာမက သူ၏ရံရွေတော်များပါ အားလုံးအဝါရောင်ချည်း ဝတ်ရမည်ဟု ညွှန်ကြားလိုက် ခြင်းဖြစ်သည်။ သူ၏ရံရွေတော်များကလည်း သူ၏အမိန့်အတိုင်း အားလုံးအဝါ ရောင်ချည်းဝတ်ဆင်ထားကြ၏။ ထို့ကြောင့် ထိုနေ့က သူ၏နန်းတော်တစ်ခုလုံး တွင် အဝါရောင်တို့သာ လွှမ်းမိုးကြီးစိုးလျှက်ရှိကြ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ယသော်ဓယာ၏ ခန်းဆောင်သို့ ရောက်သည့်အခါ ခင်းထားသော နေရာတွင်ထိုင်တော်မူလိုက် သည်။ ဤသို့ဗုဒ္ဓရှင်တော်မြတ် ထိုင်လိုက်သည်နှင့် တပြိုင်နက် ရံရွေတော်မောင်းမ အားလုံးတို့သည် တပြိုင်နက် တည်းဟစ်အော် ငိုကြွေးလိုက်ကြသည်မှာ ပွက်ပွက်ညံသွားတော့သည်။ ယသော် ဓယာကြင်ယာတော်သည်လည်း ခုနစ်နှစ်ပတ်လုံး ရက်ပေါင်း ၂၅၀၀ကျော်၊ နာရီပေါင်းခြောက်သောင်းကျော် တငွေ့ငွေ့နှင့် တမြေ့မြေ့ လောင်မြိုက်နေသော သောကမီးကို သည်ကနေ့ကျမှ မောင်တော်ဖြစ်ခဲ့သော် ဗုဒ္ဓရှင်တော်မြတ်၏ ခြေဖမိုးကို မျက်နှာအပ်ကာ မျက်ရည်မိုးတို့ဖြင့် သွန်းဖြိုးရွာချပြီး နဖူးပြင်၊ ဆံပင်၊ ပါးပြင်တို့ဖြင့် ပွတ်တိုက်လျှက် ငိုကြွေးကာ သူ၏ သောကမီး ကိုငြိမ်းအေးစေလိုက်သည်။ ခုနစ်နှစ်လုံးလုံး အောင့်ထားခဲ့ရသော ငိုချင်နေမှုကို သည်ကနေ့ကျမှ အားရပါးရငိုချလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ယသော်ဓယာမင်းသမီးသည် မျက်ရည်များကို

www.burmeseclassic.com


သိမ်းထုတ်ကာ မင်းသမီးဟူသောဟန်ဖြင့် ရှိသေလေးစားမှုမပျက် ထိုင်နေလိုက်သည်။ ယသော်ဓယာသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား မဖြစ်ခင် အလောင်းတော် မင်းသားဘဝက မင်းသား၏ဇနီးမယား ဖြစ်ခဲ့ရုံမျှသာမက ဗုဒ္ဓရှင်တော်မြတ်နှင့် မောင်နှမဝမ်းကွဲ တော်စပ်သူ မင်းသမီးကြီးတစ်ပါးဖြစ်၏။ ထို့ပြင် သံသရာ တစ်လျှောက်လုံးလည်း ဒီမောင်တော်နှင့်ပင် အတူတွဲကာ ပါရမီဖြည့်ခဲ့သူ တစ်ယောက်ဖြစ်၏။ ယခုဘဝတွင်လည်း ပါရမီဖြည့်ဖက်ပီပီ မယားဝတ္တရားနှင့်အညီ လင့်ဝတ္တရားကို ကျေပွန်စွာပြုစုခဲ့သူဖြစ်၏။ တစ်ကြိမ်တစ်ခါမျှ အနည်းငယ်မျှ မောင်တော်အပေါ်တွင် အချစ်ပြယ်ခဲ့သည်။ ပျက်ခဲ့သည်မရှိ၊ ယခုလိုတောထွက်ခြင်းသည် မိမိနှင့်မည်သို့မျှ မပတ်သက်၊ မောင်တော်ဘာသာ မောင်တော် အတွေးတစ်မျိုးဝင်၊ အမြင်တစ်မျိုးပေါက်၊ အကြောင်း တစ်မျိုးဖန်၊ အကြံတစ်မျိုးဖြစ်၊ အပြစ်တစ်မျိုးထင်မြင်လျက် တောထွက်သွားခြင်းဖြစ်၏။ သူတောထွက်ရခြင်းအကြောင်းရင်းတွင် မိမိ၏ ချွတ်ယွင်းချက် အပြစ်တစ်စုံတစ်ရာ မပါဝင်ခဲ့။ မိမိတွင် ဘာအပြစ်မှမရှိ၊ ပကတိနေရင်းက မိမိမှာတစ်ခုလပ်ဘဝရောက်ရ၏။ မုဆိုးမဘဝရောက်ရသည်က အကြောင်းမဟုတ်ပါ။ မင်းသား တစ်ပါး၏ဇနီးမယားတစ်ယောက်သည် အချိန်မရွေးမုဆိုးမ ဘဝ ရောက်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မင်းသားဟူသည် စစ်သားပင်ဖြစ်သည်။ စစ်သားဟူက စစ်တိုက်ရသည့်အခါ ကျဆုံးနိုင်သည်။ ထိုအခါ စစ်သား၏ ဇနီးမယား၊ မင်းသား၏

www.burmeseclassic.com


ဇနီးမယားတစ်ယောက်သည် မုဆိုးမ ဖြစ်ရတော့မည်မှာ သေချာပါသည်။ ဤသည်ကို နဂိုကပင်သိထားသူဖြစ်ပါသည်။ ဤအတွက် မိမိတွင် စိုးစဉ်းမျှတုန်လှုပ်မှုမဖြစ်ပါ။ ထိုမျှပင်မက ယခုလည်း မောင်တော်အလိုကျ ဘာမဆိုလိုက်လျောရန် အဆင်သင့်ပင်ရှိပါ၏။ သံသရာတစ်ခုလုံးကလည်း မိမိကိုယ်ကိုပင် မောင်တော်က လှူလိုလျှင်ကြည်ဖြူခဲ့သူပင်မဟုတ်ပါလား။ ဤသို့တာဝန်ကျေသူဇနီးမယားတစ်ယောက်အနေဖြင့် အပြစ်တင်ကင်းသူပီပီ မာနခဲ ဖွဲနဲ့မာန်ဖီကာခပ်တည်တည် ထိုင်နေခြင်းဖြစ်ပါသည်။ ဤမာန်မျိုးရှိနေ သည့်အတွက်ကြောင့်ပင်နန်းတော်သို့လင်တော်မောင်ဖြစ်ခဲ့ဖူးသော ဗုဒ္ဓရှင်တော်မြတ်ကြွလာသည်ကိုသိသော် လည်း သူတကာကဲ့သို့ အပြင်ထွက်ကာ သွားရောက်ဖူးတွေ့မှုမပြုဘဲ နေခဲ့ခြင်းဖြစ်ပါသည်။ မရိုသေမလေးစားသော စိတ်ထားဖြင့် နေခဲ့ခြင်းမဟုတ်ပါ။ ရိုသေလေးစားမှုကတော့ အပြည့်ရှိပါ၏။ သို့သော်မောင်တော်ဘုရားသည် ငါ့ကျေးဇူးကိုအသိအမှတ်ပြုလျှင် ငါ့ဆီသို့ကြွလာ လိမ့်မည်ဟူသော စိတ်ထားဖြင့်မဖူးဘဲနေခဲ့ခြင်းသာ ဖြစ်ပါသည်။

သာကီဝင်မျိုးတို့သည် မာနကြီးကြသည်ဆိုသည်မှာ ဟုတ်ပေရာသည်။ ဤသို့ယသော်ဓရာ၏ မာန်မျိုးကို ဤယခုဗုဒ္ဓ၏နှမတော် ယသော်ဓရာ တွင်သာတွေ့ရသည်မဟုတ်။ ဗုဒ္ဓနှင့် ညီအစ်ကိုဝမ်းကွဲ တော်သူညီတော် အာနန္ဒာဆီတွင်လည်း တွေ့ ရ၏။ တစ်ချိန်ကဗုဒ္ဓရှင်တော်မြတ်ထံ အလုပ်ကျွေး နောက်လိုက်

www.burmeseclassic.com



ရဟန်းတစ်ပါးဟူ၍ သတ်သတ်မှတ်မှတ်ဟူ၍မရှိပေ။ အလျဉ်းသင့်သလို သူဝင်လုပ်လိုက် ကိုယ်ဝင်လုပ်လိုက်အနေဖြင့်သာရှိနေ၏။ တစ်ခါတစ်ရံတွင် ဗုဒ္ဓမြတ်စွာဘုရားအနီးတွင် အလုပ်အကျွေး ရဟန်းတစ်ပါးမှမရှိပဲဖြစ်နေ တတ်သည်။ ထိုအခါမျိုးတွင် ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ့်သပိတ်ကိုယ်ပိုက်ပြီး ကိုယ့်သင်္ကန်းကို ကိုယ်တိုင်သယ်ပိုး၍ ကြွတော်မူရသည့်အခါမျိုးနှင့် ကြုံရ၏။ ဓမ္မသဘင်တစ်ခုတွင် ဘုရားရှင်ကအမြဲစွဲ အလုပ်အကျွေး နောက်လိုက် တစ်ပါး ရှိထားဖို့လိုကြောင်း မိန့်တော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ် အပါအဝင် အလုပ်အကျွေးဖြစ်လိုသူများစ၍ တစ်ပါးပြီးတစ်ပါးက ဗုဒ္ဓမြတ်စွာဘုရားအားမိမိ အလုပ်အကျွေးပြုလိုကြောင်း ထ၍လျှောက်ထားကြသည်။ ဘုရားရှင်ကလည်း လျှောက်ထားသမျှကို လက်မခံ၊ အားလုံးပယ်ချတော်မူသည်။ ထိုအချိန်က ညီတော်အနန္ဒာသည် ထိုအလုပ်အကျွေးနေရာအတွက် မိမိပြုလုပ်လိုပါသည် ဟု ဝင်၍မလျှောက် ခပ်တည်တည် ပင်ထိုင်နေ၏။ ထိုအခါ အရှင်အာနန္ဒာနှင့် အနီးကပ်ထိုင်နေသော ရဟန်းက “ ငါ့ရှင် အနန္ဒာ ဘုရားရှင်အား အမြဲတမ်း အလုပ်အကျွေးပြုရန်အတွက် သင်လျှောက်ထားပါလား”ဟု တိုက်တွန်းသည်။ ထိုအခါ အရှင်အနန္ဒက “ ငါ့ရှင် . . . ဘုရားရှင် ငါ့ကိုမမြင်သည်မဟုတ်၊ မြင်တော်မူနေသည်။ သူအလိုတော်ရှိပါလျှင် အာနန္ဒ သင်ငါ့အားအမြဲတမ်း လုပ်ကျွေးပြုစုလော့”

www.burmeseclassic.com


ဟုမိန့်တော်မူနိုင်ပါသည်။ ဟုပြန်ပြောကာ မာနခဲဖွဲ့နဲ့ မာန်ဖီကာ မလျှောက်ဘဲ ခပ်တည်တည်ပင်ထိုင်နေသည်။ ယခုလည်း နှမတော် ယသော်ဓယာသည်လဲ ခပ်တည်တည်ပင်ထိုင်နေ၏။

ယသော်ဓယာသည် ငိုတုန်းကတော့ ခုနှစ်နှစ်စာကို တစ်ခဏအတွင်း ငိုချပစ်လိုက်သည်။ ခြေဖမိုးတော်ကို မျက်နှာနှင့်အပ်၊ နဖူးနှင့်တိုက်၊ ပါးနှင့်ပွတ်၊ ဆံပင်နှင့် ပွတ်ကာ အားရပါးရ မြတ်နိုးယုယစွာ ငိုကြွေးလိုက်သည်။ ဟုတ်ပါသည်။ ယသော်ဓယာသည် ဟိုတုန်းကလည်း သူ၏မောင်တော်ကို မြတ်နိုးပါသည်။ ချစ်ပါသည်။ ရိုသေပါသည်။ ယခုလည်း မောင်တော်ဘုရားကို မြတ်နိုးပါသည်။ ချစ်ပါသည်။ ရိုသေပါသည်။ ချစ်နေဆဲပင်ဖြစ်ပါသည်။ အချစ်ပြယ်၍ မရိုသေမလေးစား၍ ယခုလိုခပ်တည်တည် ထိုင်နေခြင်းမဟုတ်ပါ။ ရိုသေလေးစားမှုကတော့ အပြည့်ရှိနေပါသည်။ အပြည့်အဝချစ်နေလျက်ပင်ရှိ ပါသည်။ သို့သော် မျက်နှာကတော့ "သူ့အမေဆယ်အိမ်မင်းပေမို့ တင်းလှ တယ်လေး" ဟူသော မျက်နှာမျိုးဖြစ်၏။

ထိုအခါ ဘုရင်ကြီး သုဒ္ဓေါဒနသည်ချွေးမတော် သို့မဟုတ် တူမတော် မင်းသမီးကလည်း စကားမပြော တံဏှိဘောဖြင့် ခပ်တည်တည်ထိုင်နေ၊ သားတော်ဘုရားကလည်းဘာမျှ မိန့်တော် မမူသေးသည့်အတွက် ကြားထဲမှ အနေခက်ဟန်တူသည်။ ထို့ကြောင့် ချွေးမတော်၏ဂုဏ်အရည်အသွေးများကို ဖော်ထုတ်ကာ

www.burmeseclassic.com



ဤသို့စကားစတင်လျှောက်ထားလိုက်၏။

သုဒ္ဓေါဒနေ - "မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ဒီချွေးမတော် ယသော် ဓယာဟာ အရှင်ဘုရားတို့ အဝါရောင် သင်္ကန်းကို ဆင်မြန်းတယ်ကြားကတည်းက အဝါရောင်ကို ဘဲဝတ်ဆင် နေပါတယ်ဘုရား အရှင်ဘုရားတို့ပန်းပန်ခြင်း၊ နံ့သာလိမ်း ကျံခြင်း ကိစ္စတို့ကို စွန့်ပယ်လိုက်တယ် ကြားကတည်းက သူလဲ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း ကိစ္စတို့ကို မပြုလုပ်တော့ပါဘုရား၊ အရှင်ဘုရားတို့ မြေကြီး မှာအိပ်တယ်ကြားကတည်းက သလွန် ပေါ်တက် မအိပ်တော့ပါဘုရား၊ အရှင်ဘုရားတို့ တောထွက် ပြီး၊ ရဟန်းပြုသွားတဲ့ နောက်ပိုင်း "မုဆိုးမ" ဖြစ်ကျစ်ရစ်ခဲ့ပေမယ့် တစ်ခြားမင်းတွေက ပို့ဆက်လိုက်တဲ့ လက်ဆောင်ပဏ္ဏာတွေကို မယူ တော့ပါဘုရား၊ အရှင်ဘုရား အပေါ်မှာ တွန့်တို ဆုတ်နစ်သွားတဲ့ စိတ်အစဉ်ထာဝရ မရှိပါဘုရား။ အချစ်ပြယ်သွားတဲ့ စိတ်မျိုးမရှိပါဘုရား၊ အင်မတန်တော်ပါတယ်၊ ပြောရရင်ကုန်မယ် မထင်ပါ မြတ်စွာဘုရား။"

ဗုဒ္ဓ - "ခမည်းတော်မင်းကြီး ရာဟုလာ မယ်တော်

www.burmeseclassic.com


ယသော်ဓယောအား ယခုလိုနောက်ဆုံးဘဝ ရောက်လာတဲ့ အခါ ငါ့အပေါ်မှာ ချစ်နေတဲ့ စိတ်ရှိနေတာ တွန့်တိုဆုတ်နစ် လျော့ပါးပြီး အချစ်ပြယ်သွားတဲ့စိတ်မျိုးမရှိတာ၊ သူ့ရဲ့ စိတ်တစ်မျိုးတစ် ဖုံပြောင်းလဲမသွားတာမှ မဆန်းပါဘူး၊ အံ့ဩစရာလဲမဟုတ်ပါဘူး၊ ခမည်း တော် မင်းကြီး အတိတ်ဝေးစွာ ရှေးအခါတုန်းက ဗာရာဏသီ ပြည်မှာ ဗြဟ္မဒတ်မင်းမင်းပြုတဲ့အခါ ဘုရားအလောင်းတော်ဟာ ဟိမဝန္တာတော အရပ်မှာကိန္နရာမျိုးဖြစ်ခဲ့တယ်။ အဲဒီကိန္နရာရဲ့ ဇနီးက ကိန္နရာမကို စန္ဒာလို့ခေါ်တယ်။ သူတို့ ကိန္နရာဇနီးမောင်နှံဟာစန္ဒလို့ခေါ်တဲ့ ငွေတောင် မှာနေကြတယ်။ အဲဒီအချိန်မှာ ဗာရာဏသီ မင်းဟာ တိုင်းပြည်ကို အမတ်တွေလက်ထဲ အပ် နှင်း သစ်ခေါက်ဆိုးအဝတ် တစ်စုံကိုဝတ်ပြီး လေးမြားအစုံအလင်နဲ့ ဟိမဝန္တာတောထဲ ကိုဝင်ခဲ့တယ်။ တောထဲရောက်တဲ့အခါ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ တွေကိုပစ်ခတ် စား သောက်ရင်း မြစ်ငယ်တစ်ခုကိုရောက်လာတယ်။ အဲဒီမင်းဟာ အဲဒီမြစ်ငယ်အတိုင်း အထက် ဘက်ကို ဆန်တက်ပြီး လျှောက်လာတယ်။

www.burmeseclassic.com


အဲဒီအချိန်မှာ စန္ဒငွေတောင်မှာနေကြတဲ့ ကိန္နရာမောင်နှံတို့ဟာလဲမိုးတွင်းကာလမိုးများတဲ့အခါမှာ တောင်ပေါ်မှာပဲနေကြတယ်။ တောင်အောက် ကို မဆင်းကြဘူး၊ မိုးကာလကုန်လို့နွေကာလရောက်တဲ့အခါ တောင်အောက် ကိုဆင်းလာတတ်ကြတယ်။ အဲဒီနေ့မှာလဲ ကိန္နရာမောင်နှံဟာ တောင်အောက်ကို ဆင်းလာကြတယ်။ သူတို့ဟာ ဟိုနေရာ ဒီနေရာမှာတွေ့ကြ၊ အမွှေးနံ့သာတွေကို လိမ်းကျံခြယ်မှုန်းကြပြီး နွယ်ပုခက်၊ နွယ်ဒန်းတို့ကိုစီးကာ သီချင်းတကြော်ကြော်နဲ့ ပျော်နေကြတယ်။

သူတို့ ကိန္နရာဇနီးမောင်နှံ နှစ်ယောက်ဟာ အဲဒီပြဟ္မဒတ်မင်းလျှောက်လာတဲ့ မြစ်ငယ်ရဲ့ မြစ်ကွေ့တစ်ခုမှာ ပန်းတွေပြန့်ကြဲပြီး ရေကစားကြတယ်၊ ပန်းပုဆိုး၊ ပန်းထဘီတို့ကို ဆင်ယင်ခြုံလွှမ်းပြီး၊ ငွေပြားခင်းထားသလို ငွေရောင် တောက်နေတဲ့ သဲပြင်ပေါ်မှာ ပန်းမွှေ့ရာခင်းကာ ကိန္နရာဖိုဟာ ဝါးလုံးတစ်လုံးနဲ့တုတ်တစ်ချောင်းကိုယူပြီး ထိုင်လိုက်တယ်။ နောက်ဝါးလုံးကိုတီးပြီး သီချင်း ဆိုတယ်။ ကိန္နရာမဟာ နူးညံ့တဲ့ လက်ကလေးတွေကို ကွေးညွှတ်ပြီး ကိန္နရာဖိုးနားမှာ ကနေတယ်၊ သီချင်းလဲဆိုတယ်။

အဲဒီအချိန်မှာ မြစ်ကြောင်းအတိုင်းဆန်တက်ပြီး လျှောက်လာတဲ့ ပြဟ္မဒတ်မင်းဟာ အဲဒီကိန္နရာတို့ရဲ့ သီချင်းဆိုသံ၊ စည်းဝါးတီးသံကို ကြားလိုက် တော့ တဖြေးဖြေးချင်း ခြေသံမကြားအောင်လျှောက်လာပြီး ခြုံပုတ်တစ်ခုကို ကွယ်ရပ်ကာ ကြည့်နေလိုက်တယ်။ ပြဟ္မဒတ်မင်းက ကိန္နရာမကို ယူမယ်ဆိုတဲ့ အကြံနဲ့

www.burmeseclassic.com


ကိန္နရာဖိုကို လေးနဲ့ပစ်လိုက်တယ်။ ကိန္နရာဖိုမြှားမှန်ပြီး အပြင်း အထန်ဒုက္ခဝေဒနာခံစားရင်း အခုလိုငိုကြွေးမြည်တမ်းတယ်။"

ကိန္နရာ - "အို -စန္ဒာ၊ သွေးအိုင်ထဲမှာ လူးနေရတဲ့ ငါ့စိတ် အစဉ်ဟာ ပြတ်တောက်တော့မယ်လို့ငါထင်တယ်၊ ဒီနေ့ငါ့ရဲ့အသက်ကို စွန့်လွှတ်ရတော့မယ်လို့ ငါထင်တယ်၊ ငါ့ရဲ့ထွက်သက်ဝင် သက်တို့ဟာ ရပ်စဲတော့မယ်လို့ ငါထင်တယ်စန္ဒာ၊ ငါ့ရဲ့ဒုက္ခ ဟာ ငါ့ရဲ့နှလုံးသားထဲမှာ နစ်ဝင်နေတယ်၊ ပူလောင်ပင်ပန်း လှတယ်စန္ဒာ၊ ငါအခုလိုပင်ပန်း ဆင်းရဲရတာ မင်းအတွက်ပဲ စန္ဒာ၊ မင်းဟာငါမရှိ လျှင် စိုးရိမ်သောကရောက်ကာ ပူဆွေး ငိုကြွေး တော့မယ်၊ အဲဒါကို ငါတွေးပြီး ငါဆင်းရဲလှတယ် စန္ဒာ၊ ပူလောင်တဲ့ကျောက်တုံးပေါ်မှာ ပစ်ထား တဲ့မြတ်ပင်လို၊ သစ်ညွန့်လို ငါညှိုးခြောက်ရတော့ မယ်စန္ဒာ၊ ရေနည်းသွား တဲ့မြစ်လို ငါ့အသွေး အသားတွေ ခြောက်ခန်းရတော့မယ်စန္ဒာ၊ ငါအခု လိုပူလောင်ဆင်းရဲရတာ မင်းအတွက်ပဲစန္ဒာ မင်းဟာငါမရှိလျှင် စိုးရိမ်သောကရောက်ကာ ပူဆွေငိုကြွေး တော့မယ်၊ အဲဒါကို ငါတွေးပြီး ငါဆင်းရဲလှတယ်စန္ဒာ၊ တောင်ခြေမှာရွာတဲ့မိုးလို ငါ့မျက်ရည်တွေဟာ စီးဆင်းနေ တယ်စန္ဒာ

www.burmeseclassic.com


ငါအခုလိုပူလောင်ဆင်းရဲရတာမင်းအတွက်ပဲ စန္ဒာ၊ ငါမရှိရင် စိုးရိမ်သောကရောက်ကာ မင်းပူဆွေးငိုကြွေး တော့မယ်၊ အဲဒါကိုတွေးပြီး ငါဆင်းရဲလှတယ်စန္ဒာ။"

ကိန္နရာဖိုဟာ အဲဒီလို ငိုကြွေးပြီး ပန်းမွေ့ရာပေါ်မှာ လဲနေရင်းကပဲ ချာလည်လည်ကာ သတိမေ့သွားခဲ့တယ်။ တဘက်ကမ်းက ဘုရင်ကြီးကတော့ ရပ်ပြီးကြည့်နေတုန်းပဲ၊ ဖြုန်းကနဲတော့ ကိန္နရာမဟာ သူ့အဆိုနဲ့ သူအကပေါ်မှာ နစ်မြုပ်ပြီးပျော်နေမိလို့ ကိန္နရာဖိုမြှားမှန်တာကို မသိလိုက်ဘူး၊ သတိမေ့ပြီးလဲ ကျသွားတော့မှပဲ အကရပ်လိုက်ပြီး ကြည့်လိုက်တယ်၊ ငါ့မောင်တော်ဘာဖြစ်တာပါလိမ့် ဆိုပြီးကြည့်တော့မှ မြှားမှန်ထားတဲ့ ဒဏ်ရာဝက သွေးတွေကိုထွက် နေတာတွေ့တော့တယ်။ အဲဒီတော့မှ ကိန္နရာမဟာ မရပ်မတည်နိုင်ဖြစ်ကာ ငိုကြွေးတော့တယ်။

အဲဒီအခါမှာ တဘက်ကမ်းက ဘုရင်ကြီးဟာ ကိန္နရာဖိုတော့သေပြီဆိုပြီး ချုံထဲက ထွက်လာကာ သူ့ကိုယ်ကိုရပ်ပြလိုက်တယ်။ အဲဒီတော့မှ ကိန္နရာမက ငါ့မောင်တော်ကို မြှားပစ်တာ ဒီလူဆိုးဘဲဆိုပြီး တုန်လှုပ်ချောက်ခြားကာ တောင်ထိပ်ပေါ်သို့ပြေးတက်သွားခဲ့တယ်၊ ပြီးတော့တောင်ထိပ်ပေါ်က ရပ်ပြီး ဘုရင်ကြီးကို ကျိန်ဆဲတယ်။

ကိန္နရီ - " အို . . . မင်းသား သင်ဟာအလွန်ယုတ်မာ၏။ ငါ့ယောကျ်ား ကိုလေးနဲ့ပစ်တယ်၊ ငါ့ယောကျ်ား

www.burmeseclassic.com


အခုမြေပေါ်မှာလဲသေနေပြီ၊ ငါ့ရဲ့နှလုံးသားမှာ ဖြစ်တဲ့ပူလောင်မှုမျိုးသင့်မှာ ဖြစ်ပါစေ၊ ငါ့ရဲ့ နှလုံးသားမှာဖြစ်တဲ့ ပူလောင်မှုမျိုး သင့်မယားမှာ ဖြစ်ပါစေ။

ငါ့ကိုလိုချင်တဲ့အတွက် ငါ့ယောကျ်ားကိုသင် သတ်တယ်၊ ငါ့လင်နဲ့ငါကွဲသလို ငါ့လင်ကိုငါမတွေ့ မမြင်ရတော့ပြီဖြစ်သလို သင်ဟာ သားကိုလဲမမြင် ရပါစေနဲ့၊ မယားကိုလဲမမြင်ရပါစေနဲ့၊

ငါ့ကိုလိုချင်တဲ့အတွက် ငါ့ယောကျ်ားကိုသင် သတ်တယ်၊ သင့်မယားဟာ သားကိုလဲမမြင်ရပါစေ နဲ့၊ လင်ကိုလဲမမြင်ရပါစေနဲ့။”

အဲဒီလို ရေရွတ်လိုက်တယ်၊ အဲဒီအခါမှာ ဘုရင်ကြီးဟာ တောင်ထိပ်မှာ ရပ်ပြီး၊ သူ့ကိုကျိန်ဆဲရေရွတ်နေတဲ့ ကိန္နရာမကို သူက ဒီလိုပြောလိုက်တယ်။

ဘုရင် - “အို-စန္ဒာ၊ (ကိန္နရာ မမေ့မြောခင်က “စန္ဒာလို့ ခေါ်လိုက်သံကို သူကြားလိုက်တဲ့အတွက် အခုလိုသူ ခေါ်နိုင်ခြင်းဖြစ်သည်။) မငိုပါနဲ့၊ စိုးရိမ်သောက ရောက်မနေပါနဲ့၊ တောရောင်ပြေးကာ ပန်းရောင် တောက်နေတဲ့ မျက်လုံးပိုင်ရှင် အိုစန္ဒာ၊ သင်ဟာ ငါ့မယားအဖြစ် ခံယူပါ၊ ငါ့ရဲ့နန်းတော်ကျရင် မင်းကို မိဖုရား တစ်သောင်းခြောက်ထောင်ထဲမှာ အကြီး

www.burmeseclassic.com


အမှုးမိဖုရားခေါင်ကြီး မြှောက်ပါမယ်။”

အဲဒီလိုဘုရင်ကြီးရဲ့စကားကို ကြားလိုက်တော့ ကိန္နရာမက

ကိန္နရီ - “အိုမင်းသား၊ သင်ငါ့ကိုဘာပြောတာလဲ၊ ငါ့ကို လိုချင်တဲ့အတွက် ငါ့ယောက်ျားကိုသတ်တယ်၊ ငါဟာ သင့်မယားတော့ အဖြစ်မခံဘူး၊ ငါ့ကိုယ်ငါ သတ်သေ ပစ်လိုက်မယ်မှတ်ပါ”

အဲဒီလိုကိန္နရာမရဲ့ စကားကိုကြားရတဲ့အခါ ဘုရင်ကြီး ဟာ ကိန္နရာမ အပေါ်မှာ မုန်းတီးသွားပြီး အခုလိုပြောလိုက်တယ်။

ဘုရင် - “အို . . . . . ကြောက်အားကြီးတဲ့ ကိန္နရာမ၊ နင်အသက်ရှင်လိုသေးရင် တောထဲကိုပဲသွားပါ။ တောင်ဇလပ်ရွက်ကိုသာစားတဲ့ အိုကိန္နရာမ၊ နင့်ကို တစ်ခြားသားသမင်တွေ မွေ့ပျော်ကြလိမ့်မယ်၊ မင်းဟာ ဘုရင့်နန်းတော်နဲ့မတန်ဘူး”

ဟုဆိုကာ ဘုရင်းကြီးသည် ထိုနေရာမှ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်ခွာ သွားလေ၏။

စန္ဒကိန္နရာမသည် မင်းကြီး ထိုနေရာမှ ထွက်ခွာသွားလျှင် သွားခြင်း တောင်အောက်သို့ဆင်းကာ ကိန္နရာအဖို၏ အလောင်း အားလည်းပင်းဖက်ကာ ယှဉ်တွဲ၍ ဘေးကင်းရာတောင်ထိပ်ပေါ် သို့တွဲ၍တင်၏။ တောင်ထိပ်သို့ရောက်တော့ စန္ဒကိန္နရီမသည် ကိန္နရာအဖို၏ ဦးခေါင်းကိုပေါင်ပေါ်တွင်တင်၍ သည်းစွာ ငိုကြွေးတမ်းတမှုကိုပြုပြန်၏။

www.burmeseclassic.com


ကိန္နရီ - "အိုမောင်တော် ကိန္နရာ၊ မောင်တော်နှင့်စန္ဒာတို့ အတူသွား အတူလာ အတူနေခဲ့သော ပျော်မွေ့ဘွယ်ရာ သည်တောသည်တောင်တွင် ချောက်ကမ်းပါးတို့သည် ယခင်အတိုင်းသာ ရှိနေပါ၏။ သို့သော်သည်နေရာများတွင် မောင်တော်မရှိတော့ပါ။ မောင်တော်မရှိတော့သောသည်တော၊ သည်တောင်အရိပ်တွင် မောင်တော်မရှိဘဲ စန္ဒာသည် မည်သို့နေထိုင်မည်နည်း။"

"မောင်တော် ......နှမတော်၏ အသက်ကို နှင်းဆက်အပ်နှံ၍ ချစ်ရပါသော မောင်တော်ဘုရား... ပွင့်ဖတ်၊ ပွင့်ချပ်၊ ပန်းဝတ်မှုံများ၊ မျောနေသော အလွန်တရာကြည်လင်အေးမြသည့် ကျောက်တောင်နှစ်ခုကြားမှ နက်ရှိုင်းသောမြစ်သည် မောင်တော်ရှိစဉ်ကလိုပင် စီးဆင်းမြဲစီးဆင်းနေပါ၏။ သို့သော် ထိုနေရာတို့တွင် မောင်တော်မရှိတော့ပြီတကား. . . . . . .

ယခင်က မောင်တော်နှင့် အတူသွားလာခဲ့သော နေရာတွေဟာ ဟိုးတုန်းကလိုပဲ ခုလဲရှိနေကြတယ်။ အဲဒီနေရာတွေမှာ မောင်တော်ကို စန္ဒာ မတွေ့မမြင်ရတော့ပြီဖြစ်ပါ၏။ မည်ကဲ့သို့ ဖြေသိမ့်ရပါမလဲ"

www.burmeseclassic.com


အဲဒီလို ကိန္နရာမဟာ ငိုကြွေးပြီး ကိန္နရာဖိုရဲ့ ရင်ညွှန့် ပေါ်ကို လက်ကလေးတင်ကြည့်လိုက်တယ်။ အဲဒီအခါမှာ ကိန္နရာဖိုရဲ့ ရင်ညွှန့်ဟာ တစ်လှုပ်လှုပ်ခုန်ပြီး အပူငွေ့လေး ရှိနေသေးတာကို သူသိလိုက်ရတယ်။ အဲဒါနဲ့ "ကိန္နရာဖိုဟာ အသက်ရှိနေသေးတယ်။ မသေသေးဘူး၊ နတ်တွေကို တိုင်တည်ဦးမယ်" ဆိုပြီး " လောကကို စောင့်ရှောက်တဲ့နတ်တွေဆိုတာ မရှိကြတော့ဘူးလား၊ ဒါမှမဟုတ် တခြားသွားနေကြပြီလား၊ ဒါမှမဟုတ် အခုချိန်မှာ သေကုန်ကြပြီလား၊ အဲဒီနတ်တွေဟာ အခုကျွန်မ ယောကျ်ားကို မစောင့်ရှောက် မကြည့်ရှုကြတော့ဘူး လားလို့" အဲဒီလိုနတ်တွေကို ကဲ့ရဲ့ပြစ်တင် လိုက်တယ်။

အဲဒီ ကိန္နရာမရဲ့ သောကအဟုန်ရိုက်ခတ်တဲ့အတွက် သိကြားမင်းရဲ့ နေရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ ပူလောင်ကြမ်းတမ်း တင်းမာလာခဲ့တယ်။ ထိုအခါ သိကြားမင်းသည် အကြောင်းအရာကို ဆင်ခြင်လိုက်သောအခါ၊ ကိန္နရာတို့ ဇနီးမောင်နှံနှစ်ဦး၏ ဖြစ်နေပုံကို သိလိုက်ရ၏။ ထိုခဏ၌ သိကြားမင်းလည်း ပုဏ္ဏားအသွင် ဆောင်ယူပြီး ထိုနေရာသို့ အလျင်အမြန်လာ၏။ ရောက်သောအခါ သိကြားမင်းသည် ရေကရားထဲမှ ရေကိုယူပြီးကိန္နရာဖိုကို ဆွတ်ဖြန်း၏။ ထိုသို့ ဆွတ်ဖြန်းလိုက်သောအခါ မြားအဆိပ်တွေလျှော၍ ပျောက်ပြယ်သွားတယ်။ အနာဒဏ်ရာဟာလဲ ချက်ချင်းပဲ ကျက်ပြီး ပျောက်သွားတယ်။ မြားမှန်ထားတာ ဘယ်နေရာလဲလို့

www.burmeseclassic.com


တောင်မသိတော့ဘူး၊ ကိန္နရာဖိုဟာ ဇနီးသည် ကိန္နရာမ၏ ကျေးဇူးကြောင့် အသက်မသေဘဲ ဝေဒနာပျောက်ကာ ကျန်းကျန်း မာမာပဲ ထရပ်နိုင်သွားတယ်၊ အဲဒီအခါမှာ ကိန္နရာမဟာ သူ့ရဲ့ မောင်တော် ကောင်းသွားတာကိုမြင်ရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ သိကြားမင်း ပုဏ္ဏားတို့အား “ အိုတန်ခိုးကြီးလှ မြင့်မြတ်လှတဲ့ အရှင်၊ အရှင်ဟာ ဆင်းရဲပင်ပန်း စွာရရှိထားတဲ့၊ ကျွန်မသိပ်ချစ်တဲ့ ကျွန်မရဲ့ ယောကျ်ားကို အမြိုက်ရေနဲ့ သွန်း လောင်းပေးတယ်၊ ကျွန်မတို့ဟာ ရှေးကထက်ပိုမိုမြတ်နိုး ချစ်ဆတိုးကာ ပေါင်းဆုံရပါတော့မယ်” . . . . အဲဒီလိုပြောပြီး ရှိခိုး ဦးတိုက်လိုက်တယ်။

အဲဒီအခါ သိကြားမင်းကလဲ “ဒီနေ့ကစပြီး နောင်ကို တောင်အောက် ကိုဆင်းပြီး လူတွေရဲ့လမ်းကြောင်းကို မသွားကြနဲ့၊ ဒီတောင်ပေါ်မှာပဲ နေရစ်ကြ” ဟု မှာကြားကာ တာဝတိံသာသို့ ပြန်လေ၏။

စန္ဒကိန္နရာ အမျိုးသမီးသည် မိမိ၏ ချစ်လင်အပေါ် သစ္စာတရားရှေ့ ထား၍ ချစ်လင်ကလွဲပါက ဖွဲဆန်ကွဲထင်ကာ လင်သားအပေါ်သစ္စာရှိသည်။ ဗြဟ္မဒတ်မင်း၏ စည်းစိမ်ကိုပင် မလိုချင်ပဲ မိမိချစ်လင်ကိုမှ ယောကျ်ားဟု ထင်မှတ် ချစ်တတ် သောကြောင့် မြန်မာ့ယဉ်ကျေးမှုမြန်မာ့အမျိုးသမီးလောက တွင် စန္ဒကိန္နရီအား တော်လေးဝဝင် မိန်းမမြတ်တစ်ပါး အဖြစ် ထားရှိကြောင်း ပြောပြသောအခါ မစ္စတာဘေးက ထိုအကြောင်း

www.burmeseclassic.com



မိမိတစ်ခါမှ မကြားဖူးပါကြောင်း ပြောဆိုပါ၏။

ထိုနေ့က ထမင်းအတူတကွ စားသောက်ရခြင်းသည် အရသာနှင့် ပြည့်စုံသလို ကြားရသော ပုံပြင်ကလည်း တစ်ကဲ့သစ္စာကို အရင်းတည်သော ပုံပြင်များဖြစ်၍ သစ္စာတရား အကြောင်းကို ပြောရမည့်အဖြစ် ကြုံရတိုင်း စန္ဒကိန္နရီကို သတိရပါမည်ဟု မစ္စတာဘေးက ဆိုပါသည်။

❀ ❀ ❀

www.burmeseclassic.com


## အခန်း (၅)

# သမ္ဘူလ (သို့မဟုတ်) နူနူဝဲဝဲရွဲရွဲစိုစို

စန္ဒကိန္နရီအကြောင်းကိုပြောပြီး တစ်ပတ်ခန့်အကြာတွင် မစ္စတာဘေးထံမှ တယ်လီဖုန်းလာပါ၏။ မိမိသည် စန္ဒကိန္နရီဇာတ်ကို မိမိတို့နှင့် တကွ မိမိ၏ကိုရီးယားမိတ်ဆွေများကိုပါပြောကြားရာ အားလုံးက ဇာတ်လမ်း ကိုအလွန်နှစ်သက်ကြသည်။ မြန်မာတို့တွင် တော်လေးဝရှိသည်။ ယခုမိမိသည် တော်လေးဝထဲမှ စန္ဒကိန္နရီ တစ်ဦးတည်းအကြောင်းကိုသာသိရသေးသည်။ အခြားတော်လေးဝ ဝင်အမျိုးသမီးတို့၏ ဖြစ်ရပ်ဇာတ်လမ်းများကိုလည်း သိလိုပါသည်။ မိမိ၏ဇနီးကလည်း မြန်မာတို့စံပြုသည့်အမျိုးသမီးတစ်ဦး အကြောင်းပြောသည်ကိုသူပါ နားထောင်လိုပါသည်။ သို့ပါ၍ လာမည့်စနေနေ့ညတွင် မိမိအိမ်၌ ညစာစားကြွရောက်

www.burmeseclassic.com


စားသုံးပါရန်နှင့် ကျွန်တော်နှင့်တကွ တစ်အိမ်သားလုံးကြွရောက်ပါရန် ဖိတ်ကြားသည်။ ထိုနေ့တွင် တော်လေးဝဝင် အမျိုးသမီးများထဲမှ မပြောရသေးသော အမျိုးသမီးတစ်ဦး၏အကြောင်းကို ပြောပါဟု ဆို၏။

ကျွန်တော်က ကျွန်တော့်ဇနီးနှင့်တိုင်ပင်ကာ မစ္စတာဘေးနှင့် မစ္စစ်ဘေးတို့ဖိတ်ကြားသော ညနေစာကိုလက်ခံခဲ့ပါ၏။ ချိန်းထားသောနေ့သို့ ရောက်ရှိသောအခါ ကျွန်တော်နှင့်ဇနီးအပါအဝင် သားများပါ မစ္စတာဘေး တည်ခင်းသည့် ညစာစားပွဲသို့ ထွက်လာကြ၏။ မစ္စတာဘေးနှင့် မစ္စစ်ဘေးတို့ ငှားရမ်းနေထိုင်သောအိမ်က ဗဟန်းမြို့နယ်အတွင်း၌ဖြစ်၍ ကျွန်တော့်အိမ်နှင့် များးစွာမဝေးလှ။

ကျွန်တော်တို့ မစ္စတာဘေးအိမ်ကိုရောက်တော့ သူတို့ဇနီးမောင်နှံက အိမ်ဝမှထွက်၍ကြို၏။ မစ္စစ်ဘေးသည် အသားဖြူဖြူသေးသေး သွယ်သွယ်ကိုဟန်ရှိသည့် အရှေ့တိုင်းသူတစ်ဦး ဖြစ်သည်။ သိမ့်မွေ့ယဉ်ကျေးသည်။ သူကစန္ဒယားတီး၍ဧည့်ခံ သည်။ သူတို့၏ ချစ်လှစွာသော သမီးငယ် အတွက် ကျွန်တော်တို့က မြန်မာကစားစရာအရုပ်များကိုပေးပါ၏။ ထိုနေ့က မစ္စတာဘေးနှင့် မစ္စစ်ဘေးတို့က အခြားသောကိုရီးယားအမျိုးသားတစ်ဦးဖြစ်သူ မစ္စတာပတ်အားလည်း ညစာအတူစားရန် ဖိတ်ခေါ်ထားပါ၏။

မစ္စတာဘေးနှင့် မစ္စစ်ဘေးတို့၏အိမ်ကိုကျွန်တော်အရင်ကမရောက်ဘူးပါ။ ရောက်သွားတော့ ကျွန်တော်ရှက်သွား၏။

www.burmeseclassic.com


ဘေးတို့၏အိမ်တွင် မြန်မာမှုမြန်မာအသုံးအဆောင်များကိုသူတို့ ဇနီးမောင်နှံ စုဆောင်းထားသည်။ ဝါးပစ္စည်းဆိုလျှင် ဇကော၊ ဇကာ၊ ပြည်တောင်းတို့ပါသည်။ မြန်မာအလေးချိန်ခွင် ကိုလည်း စုထား၏။ အင်းလေးပိုးထည်၊ အမရပူရပိုးထည်ပစ္စည်းများကို အမြတ်တနိုး ဧည့်ခန်းတွင် အသုံးပြုထားသည်။ ရှေးက ကျေးလက်အလှူ အတန်းတွင် အသုံးပြုကြသော ကြေးအိုးများ၊ နွားချူ ခလောက်၊ မြန်မာကြိုးအမျိုးမျိုးကိုဝယ်၍ စုဆောင်းထားကြ၏။

ကြေးကွမ်းအစ်နှင့်ကွမ်းညှပ်၊ ယောက်မ၊ လက်ကိုင်ရိုးအရှည်နှင့် ရေခတ်သည့်အုတ်မှုတ်ခွက်၊ ခေါင်းပေါင်းမှအစ ငရုပ်ဆုံစသည်တို့မကျန် စုဆောင်းထားကြ၏။ ကျွန်တော်တို့၏ ဧည့်ခန်းနှင့် အသုံးအဆောင်ပစ္စည်းများ တွင် ပလပ်စတစ်နှင့် စတီးဂျိုင့်များသာ နေရာယူနေချိန်တွင် ကိုးရီးယားမိသားစုအိမ်တွင် ကျွန်တော်တို့ အဘိုးအဘွားတို့အသုံးပြုခဲ့ကြသော ပစ္စည်းများကို အမြတ်တနိုး သိမ်းဆည်းထားသည်ကိုတွေ့ရတော့ ကျွန်တော်တို့မှမရှက်လျှင် မည်သူရှက်ရပါမည်နည်း။ သူတို့ကိုမလေးစားလျှင် ဘယ်သူကို လေးစားရပါမည် နည်း။

ကျွန်တော်က မြန်မာပစ္စည်းများကို အခုလိုစုဆောင်းထား၍ လေးစားရပါကြောင်းပြောတော့ ဘေးကကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိစဉ် ကျွန်တော်တို့လည်း မြန်မာပဲလေဟု ဘေးက ဆိုပါ၏။ သို့သော် ထိုနေ့ညကတော့ ကိုရီးယားထမင်းဟင်း၊ ကင်ချီ၊ မရိုးနီ(စ်) စသည်တို့ဖြင့် ကိုရီးယားလိုနှင့်ရော ဥရောပလိုပါ

www.burmeseclassic.com



ရောကျွေး၍ ဟိုဟင်းခွက်နှိုက်၊ ဒီဟင်း ခွက်နှိုက်နှင့် ကျွန်တော်တို့ ဗိုက်ပြည့်ခဲ့ရပါ၏။

ထမင်းဝိုင်းတွင် ကျွန်တော်ကတော်လေးဝ ဝင်အမျိုးသမီး လေးဦးအနက်မှ စန္ဒကိန္နရီဇာတ်ကိုပြောပြီးဖြစ်၍ ယနေ့ညတွင် တော့ သမ္ဗုလအကြောင်းကို ပြောပြဖြစ်ခဲ့ပါသည်။

× × ×

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံ တော်မူစဉ်၊ သားတော် သောတ္ထိသေနသည် အိမ်ရှေ့မင်း ဖြစ်သည်။ အိမ်ရှေ့မင်းသား၏ ကြင်ရာတော်သမ္ဗုလသည် မိဖုရားအားလုံးတို့တွင် အမြတ်ဆုံးသော မိဖုရားခေါင်ကြီးဖြစ်သည်။ သမ္ဗုလသည် မိဖုရားခေါင်ကြီးဖြစ်မည်ဆိုက ဖြစ်ထိုက်၏။ သူသည်မြင့်မြတ်သောအရည်အချင်းရှိသူဖြစ်၏။ သူ၏ကိုယ်ရောင် အဆင်းသည် ဝါဝင်းတောက်ပလှ၏။ လေငြိမ်ရာတွင်ထွန်းညှိထား သည့် ဆီမီးတောက်လိုထင်ရ၏။

ဤသို့မြင့်မြတ်သော ကိုယ်ရောင်အဆင်းနှင့် ပြည့်စုံခြင်း ရှိသည့် အတွက် မိဖုရားခေါင်ကြီးဖြစ်လာခဲ့သော်လည်း တစ်ဘက် က ကံမကောင်းရှာခဲ့။ အဘယ့်ကြောင့်ဆိုသော် သူ၏ကြင်ရာတော် အိမ်ရှေ့မင်းသား သောတ္ထိသေနသည် အိမ်ရှေ့မင်းအဖြစ်မှာပင် ကုဋ္ဌနူနာစွဲလာခဲ့၏။ သူ၏ နူနာရောဂါမှာ တစ်နေရာ တစ်ကွက် စာမျှမဟုတ်။ တစ်ကိုယ်လုံး ရစရာမရှိအောင် ရွံရှာ စက်ဆုပ်ဖွယ်ရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်လာခဲ့သည်။ နောက်ဆုံး တိုင်းပြည်ရှိ

www.burmeseclassic.com


သမားတော် အားလုံး လက်လွှတ်ရသည့်အခြေအနေသို့ ရောက်ခဲ့ရ၏။

သို့ဖြင့် သောတ္တိသေန အိမ်ရှေ့မင်းသားသည် သူ၏ရောဂါအတွက် စိမ်းမချမ်းမသာများစွာဖြစ်လျှက် "ဒီလိုကုဌနူနာရောဂါသည်ဘဝနဲ့ အိမ်ရှေ့မင်းသားလုပ်နေလို့ ငါ့အတွက်ဘာလုပ်တော့မှာလဲ၊ တောထဲသွားပြီး ကိုးကွယ် ရာမဲ့ သေရတာကကောင်းသေးတယ်" ဟု ဆုံးဖြတ်ချက်ချလိုက်၏။ ထို့နောက်သူ၏ဆုံးဖြတ်ချက် ကို ဖခမည်းတော် ဘုရင်ကြီးအားလျှောက်ထားပြီး နန်းဆောင်ကို စွန့်ခွါခဲ့တော့သည်။

ဤအခြေအနေတွင် အိမ်ရှေ့မင်း၏ မိဖုရားခေါင်ကြီးသမ္ဘူလသည် သစ္စာရှိသောဇနီးမယားပီပီ သူ၏လင်တော်မောင်နှင့် သေအတူရှင်မကွဲ တပါတည်းလိုက်ဖို့ဆုံးဖြတ်ခဲ့၏။ သူ့အားအကြောင်းအမျိုးမျိုးပြကာ ဝိုင်း၍ တားမြစ်ကြပါသော်လည်း၊ သမ္ဘူလကနောက်မဆုတ်ဘဲ "ငါဟာငါ့ရဲ့လင်တော်မောင်ကို တောထဲလိုက်ပြီး ပြုစုလုပ်ကျွေးမယ်" ဟု ရဲရဲကြီးကြေညာကာ လင်တော်မောင်နှင့်အတူ နန်းရပ်က ထွက်ခွါခဲ့ကြ၏။

သူတို့သည် တောတွင်းသို့ရောက်သည့်အခါ ရေမိုးရလွယ်သည် နေရာ၊ အရိပ်အာဝါသ ကောင်းမွန်သည့်နေရာ၊ သစ်ဥသစ်ဖု သစ်မြစ်သစ်သီး ကြီးငယ်ရလွယ်သည့်နေရာတွင် သစ်ရွက်မိုးတဲငယ်လေးထိုးကာနေကြသည်။ နန်းတော်ဆောင်မှာ ချမ်းချမ်းသာသာ နေလာခဲ့သော မင်းသမီးသမ္ဘူလသည် သူ၏ဆုံးဖြတ်ချက်

www.burmeseclassic.com


အတိုင်း သူ၏လင်တော်မောင် အနူကြီးကို ကောင်းမွန်စွာ လုပ်ကျွေးခဲ့သည်။

သမ္ဘူလသည် မိုးလင်းသည်နှင့် သူတို့၏ သစ်ရွက်မိုးတဲလေးကို သုတ်သင်ရှင်းလင်းလှဲကျင်းပြီးဖြစ်နေသည်။ သောက်ရေ သုံးရေတို့ အပြည့်ဖြည့်ပြီး ဖြစ်နေပြီ။ ထို့နောက် လင်တော်မောင် အား မျက်နှာသစ်ရေ၊ သွားတိုက်စရာ တို့ကိုပေးထားခဲ့ပြီးလျှင် သူ၏လင်တော်မောင် မျက်နှာသစ်သွားတိုက်နေသည့် အချိန်တွင် သူကလင်တော်မောင်၏ အနာရောဂါအတွက် ဆေးကြိတ်လျှက် ရှိနေ၏။ ပြီးလျှင်လင်တော်မောင်ကို ဆေးလိမ်းပေး၏။ ပြီးလျှင် ချိုမြိန်ကောင်းမြတ်သည့်သစ်သီးတို့ကို ကျွေးမွေးသည်။ စားပြီးလျှင် ပါးလုပ်ကျင်းဖို့ရေးပေးပြီး၊ လက်များကိုဆေးကြောပေးသည်။ ထို့နောက် " မောင်တော် သတိဝီရိယနဲ့ နေခဲ့နော်" ဟုပြောကာ လက်အုပ်ချီလျှက်ဦးချလိုက်၏။ ထို့နောက် သမ္ဘူလသည် သစ်သီး ထည့်ရန်ခြင်းတောင်း၊ သစ်ဥသစ်ဖုတူးရန် တူရွင်း၊ သစ်သီး ချူရန်တံချူတို့ကို ယူဆောင်ပြီး တောသို့သစ်သီးရှာထွက်ခဲ့သည်။

ပြန်လာသည့်အခါ သစ်သီးကြီးငယ်စားသုံးဖွယ်တို့ကို သင့်တော်ရာမှာ ထားလိုက်ပြီး ရေးအိုးကိုယူကာ စမ်းချောင်းသို့ ထွက်ခဲ့သည်။ စမ်းချောင်းမှ ရေကိုရေအိုးဖြင့်ရွက်ခဲ့ကာ ဆေးသစ်ရွက်မှုန့်၊ မြေညက်မှုန့်တို့ဖြင့် ပွတ်တိုက်ကာ လင်တော်မောင်ကို ရေချိုးပေးသည်။ ရေချိုးပေးပြီးလျှင် ချိုမြိန်ကောင်းမြတ်သည့် သစ်သီးတို့ကိုခွဲစိတ်ကာ လင်တော်မောင်အားတစ်ခါထပ်၍

www.burmeseclassic.com


ကျွေးပြန်သည်။ စားပြီးသည့်အခါ ဆေးနံ့သာဖြင့် ထုံမွှမ်းထားသော ရေကိုတိုက်သည်။ ဤသို့ လူနာဝတ္တရား၊ လင့်ဝတ္တရားတို့ကို ပြုလုပ်ပေးပြီးမှ မိမိအတွက် သစ်သီးကြီးငယ် တို့ကို အာဟာရ ဖြည့်တင်း၏။ မိမိစားသောက်ပြီးသည့်အခါ လင်တော်မောင်အနီး တွင် ပျဉ်ချပ်တစ်ခု ခင်းလိုက်သည်။ ပြီးလျှင်ထိုပျဉ်ချပ်ပေါ်တွင် လင်တော်မောင် လဲလျောင်းသည့်အခါ လင်တော်မောင်၏ ခြေတို့ကို ဆေးကြောပေးသည်။ အလယ်ပိုင်းကြောကုန်းတပိုက်နှင့် ခါးတို့လည်း ကြိတ်နှယ်ပေးသည်။ အောက်ပိုင်းခြေထောက်တို့ကို လည်း ဆုတ်နယ်ပေး သည်။ ထို့နောက်တွင်ကား သမ္ဘူလသည် လင်တော်မောင်အိပ်နေ သည့်နံဘေးတွင် တိုးကပ်၍အိပ်နေ လိုက်တော့သည်။ ဤကား သမ္ဘူလ၏ တစ်နေ့တာလုပ်ငန်း အချိန်ဇယားဖြစ်၏။

သမ္ဘူလသည် လင်တော်မောင်အား ဤသို့နေ့စဉ်ပြုစု လုပ်ကျွေးခဲ့ရာ တစ်နေ့တွင် အနှောင့်အယှက်တစ်ခုကပေါ်လာ၏။ သမ္ဘူလသည်တောမှ သစ်သီးရှာပြီးပြန်လာခဲ့စဉ် တောင်နှစ်ခုကြား မှ စမ်းချောင်းတစ်ခုကိုတွေ့ရသည့်အတွက် ရေချိုးအုံးမည်ဟူသော စိတ်ကူးဖြင့် ခေါင်းပေါ်မှသစ်သီးတောင်းကို အသာချ လိုက်သည်။ ပြီးလျှင် ထိုစမ်းချောင်းကန်စပ်တွင်ရပ်လျက် သူ၏ဝါဝင်းနေသော ကိုယ်လုံးလေးကို ဖွင့်လှစ်ကာ စမ်းချောင်းထဲသို့ ဆင်းလိုက်သည်။ သမ္ဘူလသည် သူ၏တစ်ကိုယ်လုံးကို ပွတ်တိုက်သုတ်သင်ကာ အားရပါးရရေချိုးလိုက်သည်။ သူ၏ဝါဝင်းသောကိုယ်ရောင်အဆင်း သည် ပတ်ဝန်းကျင်တစ်တောလုံးကို တစ်ရောင်တည်းဖြစ်ကာ

www.burmeseclassic.com



ဝါဝင်းလင်းထိန်သွားတော့သည်။ သမ္ဘူလသည် ရေချိုးပြီး၍ စမ်းချောင်းထဲမှတက်ခဲ့ကာ သူ၏လျှော်တေအဝတ်ကလေးကို ကောက်ဝတ်လိုက်သည်။ ပြီးလျှင်သူ၏သစ်သီးတောင်းလေးကို ယူကာပြန်တော့မည်။

"အမလေး"

သမ္ဘူလသည် သစ်သီးတောင်းရှိရာ နောက်ဘက်သို့လှည့်ကာ အလှမ်းလိုက် သူ့နောက်တွင် ဒါနဝနတ်တစ်ယောက်က သူ့အားစူးစူး စိုက်စိုက်ကြည့်နေသည်ကိုတွေ့လိုက်ရသည်။ (ဒနူမည် သောနတ်သမီး၏သား ဒါနောရက္ခိုမ်ဟုလည်းခေါ်သည်)။ ဒါနဝ အသူနာနတ်ဘီလူးတစ်ယောက်သည် အစာရှာဖွေသွားလာ လှည့်လည်ရင်း သမ္ဘူလရေချိုးနေသည်ကိုတွေ့၍ ရပ်ကြည့်နေခြင်း ဖြစ်သည်။ ဤသို့တွေ့လိုက်သည်နှင့် ချစ်စိတ်ပြင်းကာ -

ဒါနဝ - "စမ်းချောင်းလေးမှာ တုန်ခိုက်စွာတစ်ကိုယ်တည်း သာရပ်တည် နေသည့်ထွာဆိုင်သေးသေးသွယ်သွယ် နှင့်လုံးကျစ်တဲ့ ပေါင်လုံးပိုင်ရှင်လေး၊ မင်းဟာဘာလဲ၊ မင်းရဲ့အမည်နာမအမျိုး အနွယ်ကိုပြောစမ်းပါ။"

(ခါးလေးမှာ လက်နှစ်ဘက်ဖြင့်ထွာလိုက်လျှင် ဟိုဘက် အထွာနှင့် ဒီဘက်အထွာ အလယ်မှာထွာဆိုင်နေ လောက်အောင် သေးသွယ်လှသည့်၊ နှစ်ထွာလောက်သာရှိသည့် ခါး၊ လူရိုင်းမတို့၏ ခါးကဲ့သို့ တုတ်ခိုင်ပြီးမနေဟုဆိုလို သည်။ ထို့ပြင် ရေချိုးထားသည့် အတွက် တုန်တုန်ခိုက်ခိုက်ဖြစ်နေသည်ကိုပင် ဒါနဝနတ်အဖို့ ကြည့်လို့တစ်မျိုးလှနေသည်ဟု ဆိုလိုဟန်ရှိသည်။)

www.burmeseclassic.com


ဒါနဝ - “ခါးသေးတင်ကျယ် အို-အလှမယ်လေး ခြသေ့်၊ ကျားသစ် များတို့ပျော်ပါးရာ ဤတောဝနာသည် သင့်ကိုယ်ရောင်ဖြင့် ဝင်းဝါကာတစ်မျိုးလှနေသည်။ သင်ဟာဘယ်သူလဲ၊ ဘယ်သူ့ သမီးလဲ၊ ဝါဝါဝင်းနေသည့် အိုလှယမင်း၊ သင့်ကိုငါဦးညွှတ်လို ပါတယ်၊ ငါဟာ ဒါနဝနတ်တစ်ယောက်ပါ။ ငါရဲ့ဦးညွှတ်မှုဟာ သင့်အတွက်ဖြစ်ပါစေ။”

သမ္ဘူလသည် မမျှော်လင့်ဘဲတွေ့လိုက်သည့်အတွက် ထိတ်လန့် သွားသော်လည်းကြွေခြွေဆည်ကာ သူ၏အမေးကို ဤသို့ ပြောလိုက်သည်။

သမ္ဘူလ - “အို-ဒါနဝနတ်၊ အရှင့်ကို ကျွန်မရှိခိုးလိုက်ပါ တယ်၊ ကျွန်မနာမည် သမ္ဘူလပါ။ ကာသိတိုင်း၏ဘုရင့်ရဲ့ သားတော် သောတ္ထိသေနဆိုတာ လူအများသိပါ တယ်၊ ကျွန်မဟာ သူ့ရဲ့မယား သမ္ဘူလပါ၊ သူဟာ နူနာရောဂါစွဲကပ်နေတဲ့အတွက် တောထဲမှာလာနေ ပါတယ်၊ ရောဂါစွဲနေတဲ့ တစ်ယောက်တည်းသော သူ့ကိုတစ်ယောက်တည်းသောကျွန်မက ပြုစု လုပ်ကျွေးနေပါတယ်၊ ကျွန်မဟာ တောထဲမှာ လှည့်လည်ပြီး သစ်သီးကြီးငယ်ကိုရှာဖွေပါတယ်၊ ပျားကောင်းလေးများမရှိ တော့တဲ့ပျားအုံကိုယူ ပါတယ်။ ခြသေ့် သစ်ကျားတို့ရဲ့ စားသောက်ပြီးထား ခဲ့တဲ့သမင်သား၊ ကြောင်သားတို့ကိုလဲ ယူပါတယ်။

www.burmeseclassic.com



အဲဒါကို ကျွန်မယောက်ျားစားရပါတယ်၊ ဒီကနေ့ အဲဒီလိုအသားမျိုးမရတဲ့အတွက် ကျွန်မယောက်ျားရဲ့ ကိုယ်ခန္ဓာဟာ နေပူမှာလှန်းထားတဲ့ ပဒုမ္မာကြာလို ညှိုးနွမ်းနေပါတယ်။”

ဒါနဝ - “အို-သမ္ဘူလ၊ ကျင်နာခံခက် ရောဂါနှိပ်စက်နေတဲ့ အဲဒီရောဂါသည်နဲ့ ဒီတောထဲမှာ ဘာလုပ်မလဲ၊ ငါ့ကိုမင်းရဲ့ ယောက်ျားဘဲလို့သာ သဘောထား လိုက်ပါ။”

သမ္ဘူလ - “အိုရှင်၊ စိုးရိမ်သောကရောက်နေရတဲ့၊ ဆင်းရဲ ဒုက္ခဖြစ်နေရ တဲ့ကျွန်မရဲ့ရုပ်ကို ဘာလုပ်မှာလဲ၊ ကျွန်မထက်လှတဲ့ အခြားသူ တစ်ယောက်ကိုရှာ ယူပါ။”

ဒါနဝ - “အို - သမ္ဘူလ၊ ဆင်းရဲနွမ်းပါးနေတဲ့ ခန္ဓာကိုယ် ဖြစ်နေရလို့ဆိုပြီး မစိုးရိမ်ပါနဲ့၊ လာပါ၊ ဒီတောင်ပေါ် ကိုတက်ပါ၊ ဒီတောင်ပေါ်မှာ ငါ့ရဲ့ဗိမ္မာန်ရှိပါတယ်၊ အဲဒီဗိမ္မာန်မှာ ငါ့ရဲ့မယား ၄၀၀ရှိပါသေးတယ်။ အဲဒီ ၄၀၀ ထဲမှာ မင်းကိုအကြီးအမှူး ထားပါ့မယ်၊ ကြယ်တာရာအဆင်းနဲ့ပဝင်းလှတဲ့ အိုသမ္ဘူလ၊ ငါ့ဆီမှာ အသုံးအဆောင်အဝတ်တန်ဆာတွေလဲ ရှိပါတယ်၊ မင်လိုချင်တာ ငါ့ဆီမှာ ရလွယ်ပါတယ်၊

BURMESE CLASSIC .com
www.burmeseclassic.com


လာပါ၊ ငါနဲ့သာမွေ့ပျော် ပါ။”

“အိုသမ္ဗူလ၊ မင်းတစ်ခုစဉ်းစားပါ၊ အကယ်လို့ မင်းဟာ ငါရဲ့ မိဖုရားခေါင်းကြီးအဖြစ်နဲ့ မလိုက်လျော ဘူးဆိုရင် မင်းဟာ ငါ့အတွက် နံနက်စာဘဲ၊ နက်ဖြန် နံနက် မင်းကို ငါသတ်စား လိုက်ဖို့ အဆင်သင့်ပဲ”

ဤသို့ ပြောဆိုရင်းခေါင်းပေါ်တွင် အချွန်နှစ်ခုရှိနေသည့် ပြင်ကြမ်းတမ်း ယုတ်မာရိုင်းစိုင်းသည့်ပါးစပ်နှင့် အပြင်သို့အစွယ် လေးချောင်းထွက်နေသည့် လူသားစား ဒါနဝရက္ခိဿသည် ထိုတော တွင်း တစ်နေရာမှာ အားကိုရာမဲ့နေသည့် သမ္ဗူလ၏လက်မောင်း တို့ကိုဆုပ်ကိုင်လိုက်သည်။

ဤသို့ ကိလေသာ တဏှာမျက်လုံးနဲ့ ရိုင်းစိုင်းစွာ လွှမ်းမိုး လာတဲ့ ဒါနဝဘီလူးရဲ့ ရှေ့မှောက်သို့ရောက်နေရသော သမ္ဗူလ သည် မိမိအတွက်မပူမိ၊ သစ်ရွက်မိုးတဲကျောင်းတွင် နေရစ်ခဲ့သည့် လင်တော်မောင်အတွက်သာ စိုးရိမ်သောကရောက်နေရသည်။ ငါ အချိန်ကြာနေလို့ ငါ့လင်တော်မောင် စိတ်တစ်မျိုးဖြစ်သွားမဲ့ ဒုက္ခသာ ငါ့အတွက် ဒုက္ခအစစ်ပါ။ ဒီဒါနဝရက္ခိဿ အစားခံရလို့ ရောက်ရတဲ့ ဒုက္ခဟာ ငါ့အတွက် ဒုက္ခမဟုတ်ပါဘူး။

သမ္ဗူလသည် ဒါနဝရက္ခိမ် သူ့လက်မောင်းကို ကိုင်လိုက် တဲ့အခါ နတ်တွေကို တိုင်တည်လိုက်တော့သည်။ (ကဲ့ရဲ့ပြစ်တင် လိုက်တော့သည်) “ဒီလောကမှာ သီလရှိတဲ့သူ၊ လင်ကို နတ်လို ကိုးကွယ်တဲ့သူကို စောင့်ရှောက်တဲ့နတ်တွေ မရှိတော့ဘူးလား၊

www.burmeseclassic.com


အခုလို ကိုယ်နှုတ်နှလုံးကို မစောင့်စည်းတဲ့သူ၊ အနိုင့်အထက် လုပ်တဲ့သူကို တားမြစ်နိုင်တဲ့ နတ်တွေမရှိတော့ဘူးလား” ဟူ၍ ဤသို့မြည်တမ်းကာ ငိုကြွေးတော့သည်။

ထိုအခါ သမ္ဘုလ၏ စောင့်ထိန်းထားသည့် သီလတန်ခိုးကြောင့် သိကြားမင်းစံရာ ဗိမာန်လွှာသည် လှုပ်ခါသွားတော့သည်။ ထိုင်နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်လည်း ပူလောင်တင်းမာလာတော့သည်။ ထို့ကြောင့် သိကြားမင်းသည် အကြောင်းအရာကိုကြည့်ရှုဆင်ခြင်လိုက်သည့်အခါ တောတွင်းတစ်နေရာ၌ သမ္ဘုလ ဒုက္ခရောက်နေသည်ကို တွေ့လိုက်ရ၍ သိကြားမင်းသည် စွဲကိုင်နေကျ ဝရဇိန်လက်နက်ကိုကိုင်စွဲ၍ အလျင်အမြန်ပင် ထွက်လာခဲ့ရ၏။ ထိုနေရာသို့ရောက်လျှင် ဒါနဝ၏ ခေါင်းပေါ် တည့်တည့်တွင် ရပ်ပြီး လုပ်ငန်းကို ခမ်းကြမ်းကြမ်းပင် စတင်လိုက်ရသည်။

သိကြားမင်း - “ဟယ် ဒါနဝရက္ခိုသ်၊ မိန်းမတွေထဲမှာ ဒီမိန်းမ ဟာ အလွန်မြင့်မြတ်တယ်၊ ငြိမ်သက်အေးဆေးမှုလဲရှိတယ်၊ အသိဉာဏ်ပညာနဲ့လဲ ပြည့်ဝတယ်၊ ကိုယ်နေဟန်ထား အချိုးအစားလဲ ပြေပြစ်တယ်၊ အဲဒီမိန်းမကို မင်းစားမယ် ဆိုရင် မင်းခေါင်း ခုနစ်စိတ်ကွဲသွားမယ်မှတ်ပါ။ လင်ကို မြတ်နိုးတန်ဖိုးရှိလှတဲ့အဲဒီမိန်းမကို မင်းပူလောင်အောင် မလုပ်ပါနဲ့၊ အခုလွှတ်လိုက်ပါ။”

BURMESE CLASSIC .com
www.burmeseclassic.com


ဒါနဝရက္ခိုသည် အားမတန်၍ မာန်လျှော့ရသည်။ သမ္ဘူလကို လွှတ်လိုက်သည်။ သို့သော် သိကြားမင်းကမကျေနပ်သေး။ ဒီဒါနဝ ကောင်ဟာ - ဒီအလုပ်မျိုးထပ်လုပ်စရာရှိတယ် ဆိုပြီး နောက်တစ်ခါထပ်မလုပ်နိုင်အောင် ဒါနဝရက္ခိုသ်ကို နတ်ထိပ်တုံးခတ်ကာ တတိယမြောက်တောင်ကြား ချိုင့်ဝှမ်းထဲ ပစ်ထားလိုက်သည်။ ထို့နောက် သိကြားမင်းသည် သမ္ဘူလအား သတိဝီရိယနဲ့နေဖို့ ဩဝါဒပေးပြီးပြန်သွားခဲ့သည်။

မင်းသမီး သမ္ဘူလသည် ဒါနဝနတ် နှောင့်ယှက်နေသည့်အတွက် မိုးချုပ်နေဝင်ဖြစ်သွားခဲ့သည်။ လူသားစားဒါနဝရက္ခိုသ် လက်မှလွတ်ပြီးနောက် အစာရှာသွားသောငှက်ငယ်မသည် ဆာလောင်နေသော ငှက်ကလေးများရှိရာ အသိုက်ဆီသို့ပြန်လာသကဲ့သို့၊ မိခင်နွားမသည် ဦးချိုထွက်ခါစ နွားငယ်ကလေးများ ရှိရာ တိတ်ဆိတ်နေသော တင်းကုတ်ဆီသို့ပြန်လာသကဲ့သို့၊ တိတ်ဆိတ်နေသည့်သစ်ရွက်မိုးတဲ့ကျောင်းသို့ လရောင်ဖြင့်ပြန်လာခဲ့သည်။

ထိုအချိန်တွင် သစ်ရွက်မိုးတဲကျောင်းရှိ သောတ္ထိသေန သည် ဤသို့စဉ်းစား၏ "သမ္ဘူလ-အတော်ကြာပါကလား၊ မိန်းမ ဆိုတာ လော်လီဖောက်ပြားတတ်တယ်၊ ငါ့အတွက် ရန်သူကိုလဲ ခေါ်ပြီးလာတတ်တယ်" ဤသို့စိတ်ထဲတွင် သက်ာမကင်းဖြစ်လာသည်နှင့် သစ်ရွက်မိုးကျောင်းထဲမှ ထွက်ခဲ့ကာ တစ်နေရာရှိ ချုံပုတ်ကြားတွင် ဝင်ထိုင်နေလိုက်သည်။ ထို့ကြောင့် သမ္ဘူလ ပြန်လာသည့်အခါ သူ့ကိုမတွေ့ရဖြစ်ခဲ့သည်။

www.burmeseclassic.com



မင်းသမီး သမ္ဘူလသည် သောကအပူကြောင့်ရီဝေနေ သော မျက်လုံးများဖြင့် သူ့အားထားရာ သူ့လင်တော်မောင် သောတ္ထိသေနကိုရှာဖွေရာ မတွေ့ရသည့်အတွက် ဤသို့ငိုကြွေး မြည်တမ်း နေ၏။

"ရဟန်း ပုဏ္ဏားတို့ကို ကျွန်မရှိခိုးပါတယ်၊ အကျင့်တရား နဲ့ပြည့်ဝတဲ့ ရသေ့တို့ကို ကျွန်မရှိခိုးပါတယ်၊ မင်းသားကို ကျွန်မ မတွေ့မမြင်ရပါ၊ ကျွန်မယောကျ်ားမင်းသားနေတဲ့နေရာကို သိရင် ပြောကြပါ။ သင်တို့အားကိုးကွယ်ဆည်းကပ်ပါတယ်။"

"ခြင်္သေ့ သစ်ကျားတို့ကို ကျွန်မရှိခိုးပါတယ်၊ တခြားသား သမင်များကိုလည်း ကျွန်မရှိခိုးပါတယ်၊ လင်တော်မောင်မင်းသားကို ကျွန်မမတွေ့မမြင်ရပါ။ ကျွန်မယောကျ်ားမင်းသားနေတဲ့နေရာ ကိုသိရင် ပြောကြပါ။ သင်တို့အား ကျွန်မ ကိုးကွယ်ဆည်းကပ် ပါတယ်။"

"ဆေးဘက်ဝင်နွယ်မြက်သစ်ပင်တို့ကိုလဲ ကျွန်မရှိခိုးပါ တယ်၊ တောတောင်တွေကိုလဲ ကျွန်မရှိခိုးပါတယ်၊ လင်တော်မောင် မင်းသားကို ကျွန်မမတွေ့မမြင်ရပါ။ ကျွန်မယောကျ်ားမင်းသား နေတဲ့ နေရာကို သိရင်ပြောကြပါ သင်တို့အား ကျွန်မကိုးကွယ် ဆည်းကပ်ပါတယ်။"

"ငုရွှေဝါပွင့်အရောင်တောက်နေတဲ့ အို-ညဥ့်၊ နက္ခတ် တာရာ ကြည်တာရာပန်းကို ပန်ဆင်ထားတဲ့ အို-ညဥ့်၊ သင့်ကို ကျွန်မရှိခိုးပါတယ်၊ လင်တော်မောင်မင်းသားကို ကျွန်မမတွေ့မမြင်

www.burmeseclassic.com


ရပါ။ ကျွန်မယောကျ်ား မင်းသားနေတဲ့နေရာကို သိရင်ပြောကြပါ။ သင်တို့အား ကျွန်မကိုးကွယ်ဆည်းကပ်ပါတယ်။”

“ အို ဂင်္ဂါမြစ်စောင့်နတ်၊ သင့်ကိုကျွန်မရှိခိုးပါတယ်၊ လင်တော်မောင်မင်းသားကို ကျွန်မမတွေ့မမြင်ရပါ။ ကျွန်မယောကျ်ား မင်းသားနေတဲ့နေရာကိုသိရင်ပြောကြပါ။ သင်တို့အား ကျွန်မကိုးကွယ် ဆည်းကပ်ပါတယ်။”

“ကျောက်သားတို့ဖြင့် တစ်ခဲနက်သိပ်သည်းလှတဲ့၊ တောင်တကာတို့၏သနင်း - အို ဟိမဝန္တာတောင်မင်း (ဟိမဝန္တာတောင်စောင့်နတ်) သင့်အား ကျွန်မရှိခိုးပါတယ်၊ လင်တော်မောင်မင်းသားကို ကျွန်မမတွေ့မမြင်ရပါ။ ကျွန်မယောကျ်ားမင်းသားနေတဲ့နေရာကို သိရင်ပြောကြပါ။ သင်တို့အား ကျွန်မကိုးကွယ်ပါတယ်။”

ဤသို့ ငိုကြွေးမြည်တမ်းကာ လှည့်လည်နေသည့် သမ္ဘူလကိုမြင်ရသည့်အတွက် သောတ္ထိသေနက စဉ်းစားသည်။ “ဒီသမ္ဘူလအလွန် မတန်ကိုလှပါကလား၊ အကယ်လို့ ငါ့အတွက် အခုလိုငိုတာဆိုရင် ကြာရင်သူ့နှလုံး သားကွဲသွားနိုင်တယ်။ သူ့ကိုပထမစမ်းကြည့်ဦးမယ်၊ ဤသို့စိတ်ကူးပြီး ပုန်းကွယ်နေရာမှ ထွက်လာခဲ့ကာ သစ်ရွက်မိုးတဲကျောင်းတံခါးဝမှာ ထိုင်နေလိုက်သည်။

www.burmeseclassic.com



သမ္ဘူလသည် လင်တော်မောင် သောတ္ထိသေန၏ ခြေအစုံ တို့ကို ကိုင်လှုပ်ကာရှိခိုးလျက် မေးလိုက်သည်။ "အရှင်မင်းသား ဘယ်သွားနေ တာပါလဲ"

သောတ္ထိသေန - "အို-ရှင်မ သမ္ဘူလ၊ တခြားနေ့တွေမှာ ဒါလောက် မိုးမချုပ်ပါ၊ ဒီနေ့အလွန်မတန်ညဥ့်နက်လှပါ ကလား ငါ့ထက်ချစ်တဲ့သူ မင်းတွေ့နေပြီလား"

သမ္ဘူလ - " အရှင့်သား၊ ကျွန်မ သစ်သီးရှာပြီးပြန်လာတဲ့ အခါ ဒါနဝရက္ခိုတ် တစ်ယောက်နဲ့ ဆုံရပါတယ်၊ သူကကျွန်မကို ချစ်ရေးဆိုပြီး ကျွန်မလက်ကိုကိုင် ပါတယ်၊ အကယ်လို့ သူ့စကား အတိုင်းကျွန်မ မလိုက်လျောဘူးဆိုရင် ကျွန်မကို စားမယ်လို့ပြော ပါတယ်။ အဲဒီအချိန်မှာလဲ ကျွန်မဟာအရှင့် သားကိုပဲစိုးရိမ်တမ်းတပြီး ငိုကြွေးမိပါတယ်။ ငါ့ကိုတော့ ရန်သူဖမ်းထားပြီ၊ နောက်ကျတဲ့ ငါ့ကိုမင်းသားက အထင်မှားပြီး စိတ်တစ်မျိုး ဖြစ်သွားမှာ ငါစိုးရိမ် မိပါတယ်၊ အဲဒီဆင်းရဲရမှု သည်သာ ငါ့အဖို့ကြီးမားလှတဲ့ဆင်းရဲမှုပါ။ ဒီရန်သူအစားခံရမယ့်ဆင်းရဲဟာ ငါ့အဖို့ဆင်းရဲ မဟုတ်လှပါ။ အဲဒီလို ကျွန်မ စိုးရိမ်တမ်းတ ငိုကြွေးရပါတယ်။ အရှင့်သား ကျွန်မဟာ အဲဒီအချိန်မှာ ရန်သူဒါနဝရက္ခိုဉ်လက်က

www.burmeseclassic.com


မလွတ်နိုင်တဲ့အတွက် နတ်တွေကို တိုင်တည်ပါတယ်။ (ကဲ့ရဲ့ပြစ်တင်ပြီး ငိုကြွေးပါတယ်)၊ အဲဒီအခါသိကြားမင်း ရောက်လာပြီး ဒါနဝနတ်ကို ခြိမ်းခြောက်မောင်းမဲပြီး ကျွန်မကိုလွှတ်ခိုင်းပါတယ်၊ အဲဒီနောက် သိကြားမင်းက ဒါနဝနတ်ကို နတ်သံခြေကျဉ်းခတ်ပြီး တတိယမြောက် ထောင်ချပ်ကြားချိုင့်ဝှမ်းမှာ ပစ်ထားလိုက်ပါ တယ်၊ သိကြားမင်းဟာ ကျွန်မကို ဆုံးမပြီး ပြန်သွားပါတယ်၊ သိကြားမင်းကိုမှီပြီး ကျွန်မ အခုလိုအသက်မသေဘဲ ပြန်လာရပါ တယ်။”

သေတ္တိသေန - “ထားပါတော့ သမ္မုလ၊ မိန်းမနှုတ်ဖျားက သစ္စာစကားဆိုတာ အလွန်ရှားပါတယ်၊ “မိန်းမ သစ္စာမုသား တည်း” တဲ့ မိန်းမတွေနှုတ်ဖျားက စကားဟာဒီလိုဟိုလိုနဲ့မှန်ရာမှ အမှားဖြစ်လာရတယ်။ ဟိုလိုဒီလိုနဲ့ မှားရာက အမှန်ဖြစ်လာရတာပဲ၊ “မိန်းမအလို၊ သဘောကိုလျှင်၊ ထဲသို့ ပိုက်ထား၊ ရေ၌ငါးသို့၊ ထင်ရှားဘယ်ခါ၊ မသိရာဘူး” တဲ့ ရေထဲမှာသွားလာနေတဲ့ငါး ဘယ်နားမှာဆိုတာ မသိနိုင်သလို မိန်းမတွေရဲ့ အတွင်းသဘာဝကိုလဲ သိနိုင်ဖို့ ခဲယဉ်းလှတယ်၊ ဒီမယ် သမ္မုလ၊ ဒီဟိမဝန္တာမှာ - တောမှာကျက်စား

www.burmeseclassic.com


တော်ပျော်ကြီးများဖြစ်ကြတဲ့ရသေ့၊ ဇော်ဂျီ၊ ဝိဇ္ဇာဓိုရ်
ယောက်ျားအများရှိကြတယ်၊ မင်းစကား ကို
ဘယ်သူယုံမလဲ။"

သမ္ဘူလ - "အရှင့်သား၊ ကျွန်မစကားကိုအရှင့်သားမယုံရင်
သစ္စာစွမ်းအားနဲ့အရှင့်သားကိုကျွန်မဆေးကုမယ်"

ဤသို့ပြောပြီးလျှင် သမ္ဘူလသည် ရေအိုးနဲ့ရေအပြည့်ခပ်ယူလာပြီး "အရှင့်သားထက် ချစ်နှစ်သက်တဲ့ တခြားယောက်ျားကို ကျွန်မသိမျှပင် မသိခဲ့ဖူးပါ ၊ အခုပြောကြားတဲ့ကျွန်မစကားများ မလွဲဧကန်မှန်ပါလျှင် ဤမှန်သော သစ္စာစကားသည် ကျွန်မအား အခုလဲစောင့်ရှောင်ပါစေသား၊ နောင်အခါလဲ စောင့်ရှောက်ပါစေသား" ဟု သစ္စာစကားကိုဆို၏။

သမ္ဘူလသည် ဤသို့သစ္စာဆိုပြီးလျှင် သောတ္ထိသေန၏ ဦးခေါင်းတည့် တည့်မှာနေ၍ ရေကိုသွန်းလောင်းချလိုက်သည်။ ဤသို့ သစ္စာရေသွန်းလောင်း လိုက်သည်နှင့်တပြိုင်နက် ရေစိုရွှဲရာနေရာများသည် အချဉ်ရည်ဖြင့် ပွတ်တိုက်ခံလိုက်ရသော ကြေးညှိအညစ်အကြေးကဲ့သို့ နူနာအရိအရွဲများသည် ပြောင်တလင်းခါသွားတော့သည်။ သောတ္ထိသေန တစ်ကိုယ်လုံးသည် ရောဂါကင်းလျက်၊ မိမွေးတိုင်း ဖမွေးတိုင်း ပကတိသန့်ရှင်းသွားခဲ့သည်။ ထို့နောက်သူတို့နှစ်ယောက်သည် ထိုသစ်ရွက်မိုးကျောင်းမှာပင် နှစ်ရက် သုံးရက်နေကြပြီး လေးရက်မြောက်နေ့တွင် တောမှထွက်ခဲ့ကြပြီး ဗာရာဏသီသို့လာခဲ့ကြသည်။ ဗာရာဏသီသို့

www.burmeseclassic.com


ရောက်ကြလျှင် သူတို့သည် နန်းတော်သို့မသွားကြဘဲ ဥယျာဉ်တော်ထဲတွင်နေကြသည်။

ဖခမည်းတော်မင်းကြီးသည် သားကြီးသောတ္ထိသေန ဥယျာဉ်တော် တွင်ရောက်ရှိနေကြောင်းကို ဥယျာဉ်စောင့်မှတစ်ဆင့် ကြားသည့်ရသည့်အခါ ထိုဥယျာဉ်တော်မှာပင် သားကြီး သောတ္ထိသေနကို ထီးဖြူဆောင်းမိုး၍ မင်းမြှောက်လိုက်သည်။ ချွေးမတော်သမ္ဘူလကိုလည်း အမြတ်ဆုံးမိဖုရား ခေါင်ကြီးအဖြစ် တင်မြှောက်ပြီး သူတို့နှစ်ဦးလုံးကို ဘိသိတ်သွန်းလောင်းကာမြို့ တော်သို့ သွင်းခေါ်ခဲ့သည်။ ခမည်းတော်မင်းကြီးသည် သားတော် ကြီးအား ဤသို့စီစဉ်ပြီးနောက်၊ မိမိကိုယ်တိုင်ကားရသေ့ရဟန်း အသွင်ဆောင်ယူကာ ဥယျာဉ်တော်၌ပင် တရားအားထုတ်နေခဲ့ သည်။ ဆွမ်းကိစ္စအတွက်ကား နန်းတော်သို့သာလာရောက်၍ သုံးဆောင်နေခဲ့သည်။

သောတ္ထိသေနသည် မင်းအဖြစ်ရောက်လာပြီးနောက် ငယ်ပေါင်းကြီး ဖေါ်သစ္စာရှိသည့် ကျေးဇူးရှင်သမ္ဘူလကို မိဖုရား ခေါင်ကြီးနေရာပေးထား သည်မှတစ်ပါး အခြားဘာတစ်ခုမှ နောက်ထပ်ချီးမြှောက်မှုမပြုခဲ့။ သမ္ဘူလ တစ်ယောက်ရှိနေသေး သည်ကိုမျှ မသိသလောက်ဖြစ်နေပြီး တခြားအသစ်စက်စက် မိဖုရားလေးများဖြင့်သာ ပျော်မွေ့နေခဲ့သည်။

www.burmeseclassic.com



သမ္ဘူလသည် လင်တူမိဖုရား၏ သရော်စော်ကား ချုပ်ချယ်မှု များကြောင့် မခံချင်စိတ်၊ ဒေါသစိတ်များဖြင့် ပိန်ချုံးလျှက်ဖြစ်နေ၏။ သူကိုယ်တွင် ဖြူဖတ်ဖြူရော်ဖြစ်ကာ အကြောပြိုင်းပြိုင်းထနေ၏။ သို့ဖြင့် တစ်နေ့တွင် သမ္ဘူလသည် နန်းတော်သို့ ဆွမ်းစားကြွလာသော ယောက္ခမရသေ့ကြီး ဆွမ်းစား နေသည့်နေရာသို့ သူခံစားနေရသောသောကများ ပျောက်လို ပျောက်ငြားဆိုပြီး ထွက်လာခဲ့သည်။

ယောက္ခမ ခမည်းတော်ရသေ့ကြီးသည် သူ့ချွေးမတော်၏ ညှိုးနွမ်း သွေ့ခြောက်လျက် ရုပ်ပျက်ဆင်းပျက်စိတ်လက်မရွှင်ပျ သည့် ပုံဟန်ကို မြင်လိုက်ရသည့်အတွက် များစွာအံ့သြသွားသည်။ သူ့ချွေးမတော်သည် နဂိုက ဝင်းပကြည်လင်၍မီးထွန်းထားသလို ထိန်လင်းနေသည့်ခန္ဓာကိုယ်ပိုင်ရှင်မဟုတ်ပါလား။ ထို့ကြောင့် ဤသို့မေးလိုက်သည်။

ခမည်းတော် - " အိုချစ်နတ်သမီး သမ္ဘူလ၊ ငါတို့ရဲ့ ဒီဗာရာဏသီမြို့ ကို စစ်ဆင် ၇၀၀၊ လက်နက်ကိုင်ဆင်စီးသူရဲ ၇၀၀၊ ထို့ပြင် လေးသမား သူရဲ ၁၆၀၀ တို့ဟာ နေ့ရောညရော စောင့်ကြပ်နေကြ တယ်၊ အဲဒါလောက်လုံခြုံမှုအပြည့်ရှိနေတဲ့မြို့မှာနေရပြီး ဘယ်လိုကြောက်စရာ သတ္တဝါကို နင်တွေ့နေရပါ သလဲ၊ အို ချစ်နတ်သမီးသမ္ဘူလ၊ သင့်အတွက် ကြောက်မက်ဖွယ်ရာ ဘေးရန်အသွယ်သွယ်ရှိတဲ့

www.burmeseclassic.com


တောမှာနေလာခဲ့ပြီး တောက လာစဉ်တုန်းကလဲ သင့်ရုပ်အဆင်းဟာ ဝါဝင်းလျက် အရောင်ထွက်နေလျက်ပဲ၊ အခုမြို့ ရောက်တော့မှပဲ ညှိုးနွမ်းသွေ့ခြောက် သစ်ရွက်ခြောက်လိုဖြစ်နေ ပြီး အတော့်ကိုရုပ် ပျက်ဆင်းပျက်ပင်ပန်းဆင်းရဲ လှချေတကား၊ နင်ဘယ်သူ့ ကိုများကြောက်လန့်နေရသလဲ၊ ပြောစမ်း။"

သမ္ဘူလ - " ဖခမည်းတော်၊ သင် ဖခမည်းတော်ရဲ့ သားတော်ဟာ သမီးအပေါ်မှာ အရင်လိုမဟုတ် တော့ပါ၊ သူဟာ အဆင် တန်ဆာတွေ ဝေဆာ အောင်ဆင်မြန်းတဲ့၊ ပဒုမ္မာကြာဝတ်လွှာလို အသားရေစိုပြည်ပြီး ရွှေရောင်တောက်နေတဲ့ ခါးသေးရင်ချီပြီး ဟင်္သာမလို သာယာစွာသီဆို တတ်တဲ့ မောင်းမတွေဆီကိုပဲ မျက်နှာလှည့် နေပါတယ်၊ သူတို့ရဲ့ သီဆိုတီးမှုတ်သံကိုသာ နားတော် ခံလျက်ရှိပါတယ် ဖခမည်းတော်။ " " "ရွှေနဲ့လုပ်ထားတဲ့ ရင်လွှမ်းတန်ဆာတွေဝတ်ဆင်ထားတဲ့လူနတ်သမီးမတွေ၊ ကဲ့ရဲ့စရာအပြစ်အနာအဆာမရှိတဲ့ မင်းသမီးပျိုတွေကိုသာ ခမည်းတော်ရဲ့ သားတော်သောတ္ထိသေနက စွဲလန်းတပ်မက်နေပါတယ် ခမည်းတော်။ "

www.burmeseclassic.com



" ဖခမည်းတော်၊ သမီးတော်ဟာ သူ့ကိုအရင် ကလို နူနာ ရောဂါနဲ့ပဲ တောထဲဝင်ပြီး သူ့ရဲ့ မြတ်နိုးမှုကိုခံယူကာ ပြုစုလုပ် ကျွေးနေချင်ပါ တော့တယ်၊ လင်တူမိန်းမတွေရဲ့ နှိပ်စက်ခံနေရ တဲ့ဒီနန်းတော်မှာနေရာတာထက် တောထဲပြန် နေရတာကကောင်းပါသေးတယ်ဖခမည်းတော်"

"ဖခမည်းတော်၊ များပြားလှတဲ့ ထမင်းအဖျော် ယမကာ၊ စားသောက်ဖွယ်ရာတို့ပြည့်စုံစွာရှိနေတဲ့ နေရာမှာ ချောမွေ့တဲ့အဆင်တန်ဆာတွေ ဆင်မြန်းပြီးနေရပေမယ့်၊ လင်ယောက်ျားရဲ့ ချစ်မြတ်နိုးမှုကို မခံယူရတဲ့ မိန်းမတစ်ယောက် အဖို့ လည်ပင်းမှာကြိုးဆွဲပြီး သေရတာကမှ ဒီနန်းတော်မှာ နေရတာထက်ကောင်းပါသေး တယ် ဖမည်းတော်။ "

" ဖခမည်းတော်၊ အလွန်တရာ ဆင်းရဲနွမ်းပါးပြီး အပိုဆို လို့ ဝတ်အိပ်တဲ့လုံချည်တာရှိတဲ့ မိန်းမ တစ်ယောက်ဟာ လင်ရဲ့ ချစ်မြတ်နိုးမှုကို ခံယူ ရတဲ့အတွက် အလုံးစုံအကုန် ပြည့်ဝနေတဲ့ လင်ပယ်မထက် မြတ်ပါသေးတယ် ခမည်းတော်"

ရွှေဘုံပေါ်မှာနေရသော်လည်း၊ လင်တူမိန်းမတို့၏ နှိပ်စက်မှုအတွက် ရတတ်မအေး၊ တအုံနွေးနွေး ပူဆွေးသောက

www.burmeseclassic.com


ရောက်နေရသော သမ္ဘူလ တစ်ယောက်သည် တောကြီးမြိုင်ညိုတွင် တူနှစ်ကိုယ်နေခဲ့ရသည်ကို ပြန်လည်၍ တမ်းတမိသည်ဆိုသည်မှာ ဖြစ်နိုင်ပေရာ၏။

လင်ကိုယ်မယားနှစ်ယောက်တည်းသာ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရတာကမှ သမ္ဘူလ၏ ယခုအဖြစ်ထက်ကောင်းနိုင် သေးရာ၏။ သမ္ဘူလလည်း တူနှစ်ကိုယ်တဲအိုပျက်မှာနေလာသူ တစ်ယောက်ပင်ဖြစ်ပေ၏။

တူနှစ်ကိုယ်တစ်လင်တစ်မယား ဆင်းရဲသူမကမှ မောင် အရင်လို မဟုတ်တော့ဘူးဆိုလျှင် ပြန်လာသည့်အခါ ရန်တွေ့မည် ဟုစိတ်ကူးလို့ရနိုင် သေး၏။ သို့သော်လည်း ပြန်လာသည့်အခါတွင် တော့ ရန်မတွေ့ဖြစ်တော့ပါ။လင်တော်မောင်က ချော့လိုက်သည် နှင့် ပျော့ခွေသွားရတော့သည်ကများ ပါသည်။ ယခုသမ္ဘူလ အဖြစ်သည်ကား ပြန်လာရင်ရန်တွေ့ဖို့လည်းစိတ်ကူး၍မရ၊ ရန်တွေ့သော်လည်း သူ့မောင်တော်က သူ့အားလာချော့ရကောင်း မှန်းမသိ။

ထို့ပြင် မောင့်ကိုဘယ်သူမှ မချစ်ရဘူး ဟူသောစာတန်း ရေးကာ သောတ္ထိသေန ရင်ဘတ်မှာ သွားကပ်၍မရ၊ ဘုရင်ဟူက မိဖုရားမောင်းမ မိသံကြိုက်သလောက်ထားပိုင်ခွင့်ရှိသည် မဟုတ်ပါလား၊ သမ္ဘူလအဖြစ်သည်ကား ဆိုးလေစွ၊ သမ္ဘူလခံစားနေရ သောဒဏ်ချက်ကား ဒဏ်ရာမနက်၊ သွေးမထွက် သောအနာပါ တကား၊ လူအများကမူ သွေးထွက်မှသာနာသည်ဟုထင်ကြ၏။

www.burmeseclassic.com



သွေးမထွက်ပဲအသက်ထွက်သွားသောဒဏ်ရာတို့ များစွာရှိနေသည် တကား။

ယခု သမ္ဘူလသည် စိတ်ကြမ်းမဝင် စိတ်ကောင်းယှဉ် နေသေးသည့် အတွက်ကြောင့်သာ ယခုလိုယောက္ခမ ခမည်းတော် ကြီးအား တိုင်ကြားအသိ ပေးနေခြင်းဖြစ်သည်။ ယခုသမ္ဘူလခံစားရ သကဲ့သို့ ခံစားရသူ ရောဟိဏီ လောင်းလျာမိဖုရားမတစ်ယောက် သည်ကား ဤသို့မဟုတ်၊ သူ့လင်တော်မောင် မင်းကြီးသည် ယခု သမ္ဘူလ၏လင်တော်မောင် သောတ္ထိသေနကဲ့သို့ပင် ကချေသည်မ နှင့် ပျော်မွေ့ကာ သူ့အားမေ့နေသည်။ ထိုအခါ ထိုမိဖုရားမသည် ယခုသမ္ဘူလခံစားရသကဲ့သို့ပင် ခံစားနေရ၏။ နောက်ဆုံးမခံမရပ် နိုင်ဖြစ်လာသည့်အခါ သူကတော့မည်သူ့ကိုမှ တိုင်ကြား၍ အကူအညီယူမတော့ဘဲ စိတ်ရိုင်း ဝင်ကာ ဤသို့စီစဉ်လိုက်၏။

အဆိုပါ မိဖုရားမသည် သူ၏လူယုံများနှင့် ခွေးလှေးယား သီးများကို အမှုန့်ထောင်းကာ သူ့လင်တော်မောင်ဘုရင်ကြီး၏ အသည်းစွဲ ထိုကချေသည်မ၏ အိပ်ရာပေါ်သို့ သူ့လူများကို ဖြူးခိုင်းထား၏။ ပြီးလျှင် သူကိုယ်တိုင်ကလည်း မိဖုရားခေါင်ကြီး ဟူသောမာန်ဖြင့် ထိုကချေသည်မ၏ ကိုယ်ပေါ်သို့ ထိုခွေးလှေး ယားသီးမှုန့်များကို တိုက်ရိုက်ဖြူးချကာ ပွတ်တိုက်ကုတ်ခြစ်ဖွဲ့ရွဲ့ လျက် စိတ်ရှိသလောက်လုပ်လိုက်၏။

ထိုကချေသည်မသည် အဆမတန်ယားလွန်းယံလွန်းသည့် အတွက် ကုတ်ရင်းဖွဲ့ရင်း လူးလှိမ့်နွမ်းကြေကာ သေပွဲဝင်ခဲ့ရတော့

www.burmeseclassic.com


သည်။ ပြုလုပ်သူ တရားခံ မိဖုရားခေါင်ကြီးသည်လည်းသေသည့် အခါ သူ့လုပ်ရပ်ကံကြောင့် ငရဲသို့ကျရ၏။ ထိုမှဖြင့် သူ့လုပ်ရပ်၏ အကျိုးဆက်က အရှိန်မသတ်သေး၊ လူ့ဘဝသို့ပြန်ရောက်သည့်တိုင် ကိုယ်ယားယံသောရောဂါသည်ဘဝဖြင့် လူရှေ့မထွက်ရဲဖြစ်နေခဲ့ရ၏။

ဤသို့ ရောဟိဏီလောင်းလျာမိဖုရားမ - ငရဲကျရမှု၊ ရောဂါရမှု၏ တရားခံအစစ်သည် သူ့လင်တော်မောင်ဘုရင်းကြီး၏ မသိသားဆိုးဝါးမှု ဟုဆိုရမည်ဖြစ်ပေသည်။

ဤသို့လင်တူမယားတို့အား ယောကျ်ားသားတို့၏ နှိပ်စက်မှု၊ အကုသိုလ်ပေးမှုကား ဤသို့သိမ်မွေ့လှပေ၏။ တရားခံ အစ သူတို့ကဟူသည် ကိုပင် သိမှသိကြပါလေစ။ ယခုခေတ်တွင် လည်း ထိုလင်တူမယားတို့ တစ်ယောက်ကိုတစ်ယောက် သေကြောင်းကြံကြ၊ ချောက်ချကြ၊ ဒုက္ခပေးနေကြ သည်များကို မျက်မြင်ဒိဋ္ဌပင် တွေ့မြင်ကြားသိနေကြရပါ၏။ ထိုယောကျ်ားမျိုး တို့သည် တစ်ယောက်မကောင်းက အလွယ်တကူပင် တစ်ယောက် သို့ပြောင်း တတ်ကြ၏။ တစ်ပင်မလဲသေးဘဲနှင့် တစ်ပင်ကိုထူတတ် ကြ၏။ ဤကား ယောကျ်ားများ၏ ကိုယ့်ဘဝခရီးအစက အတူတူ လက်တွဲလာကြသည့် ကိုယ့်ဘဝအဖော်မွန်ကို တာဝန်မကျေပွန်မှု များဖြစ်၏။ “ မထေမဲ့ကင်း၊ အပ်နှင်း ဥစ္စာ၊ မိစ္ဆာကြဉ်ရှောင် ” ဟူသည့်အတိုင်း မိမိမယားမှတစ်ပါး အခြားတစ်ပါးသော မိန်းမ တို့ကို လိုက်စားခြင်းသည် မိစ္ဆာ - မှားယွင်းသောလုပ်ရပ်ဖြစ်၏။

www.burmeseclassic.com



ဤလုပ်ရပ်ကို ရှောင်ကြဉ်မှသာ လင့်ဝတ္တရားအပြည့်အဝကျေပွန်သည်ဟု ဆိုရမည်ဖြစ်သည်။ မိဖုရားခေါင်းကြီးရာထူးပေးထားရုံမျှ ဖြင့် တာဝန်ကျေကုန် သည်ဟု ယူဆရန်မသင့်ချေတကား။

ယခုလည်း သောတ္ထိသေနမင်းသားသည် မင်းအဖြစ်ရောက်ခါမှ အသစ်တွေ့၍အဟောင်းကိုမေ့ကာ အသစ်များနှင့်ပျော်မွေ့လျက် သူ့ကျေးဇူးကိုမေ့နေသည်။

ဖခင်ရသေ့ကြီးသည် ချွေးမတော်၏စကားများကိုကြားရပြီးနောက် သားဖြစ်သူ ဘုရင်သောတ္ထိသေနအား အခေါ်ခိုင်းလိုက်၏။ သောတ္ထိသေနဘုရင် ရောက်လာသည့်အခါ -

ခမည်းတော် - " ချစ်သားသောတ္ထိသေန၊ သမ္ဗူလဟာ မင်းနူနာရောဂါ စွဲကပ်နှိပ်စက်လို့ တောထဲဝင်ပြီး နေရတဲ့အခါတုန်းက မင်းနဲ့အတူလိုက်ပြီး ပြုစုလုပ်ကျွေးခဲ့တယ်၊ ဒါတွင်မက သူ့သစ္စာစွမ်းအားနဲ့ မင်းနူနာရောဂါကြီးကို ကုသခဲ့တယ်၊ အဲဒီအတွက်မင်းဟာ ဘုရင်အဖြစ်ရခဲ့တယ်။ အဲဒီလိုမင်း အတွက် မင်းစည်းစိမ်းကိုရအောင် ပြုလုပ်ပေးသူမျိုးကို သူဘယ်လိုနေတယ်၊ ဘာဖြစ်နေတယ်ဆိုတာကိုမှမင်း မသိဘဲဖြစ်နေတယ်၊ မလုပ်ကောင်းတာလုပ်နေတာဘဲ၊ မိတ်ဆွေကို ပြစ်မှားတာ၊ ကျေးဇူးရှင်ကို ကျေးစွပ်တယ် ဆိုတာ ယုတ်မာတဲ့အလုပ်ပဲ ချစ်သား။ "

www.burmeseclassic.com


"ချစ်သား သောတ္တိသေန၊ အကြင်မိန်းမသည် ယောက်ျား ရဲ့ အကျိုးစီးပွားကို လိုလားတယ်၊ ယောက်ျားအပေါ်မှာ နူးညံ့ပျော့ပျောင်းတဲ့စိတ်ရှိတယ်၊ ယောက်ျားကို အမြဲတမ်း စောင့်ရှောက်တယ်၊ အဲဒီမိန်းမမျိုးတစ်ယောက်"

"အကြင်ယောက်ျားသည် မိန်းမရဲ့အကျိုးစီးပွားကို လိုလားတယ်၊ မိန်းမရဲ့ပြုထားတဲ့ကျေးဇူးကို သိတတ်တယ်၊ အဲဒီနှစ်ယောက်ကျားမျိုးက တစ်ယောက်၊ အဲဒီနှစ် ယောက်လုံးဟာလောကမှာ အင်မတန်ရခဲတယ်၊ ရှားတယ်"

" ချစ်သား သောတ္တိသေန၊ ဒီသမ္ဘုလဟာ မင်းရဲ့အကျိုးစီးပွားကိုလဲ လိုလားတယ်၊ အကျင့်သီလစာရိတ္တနဲ့လဲပြည့်ဝ တယ်၊ အဲဒါကြောင့် သူ့အပေါ်မှာ တရားနဲ့အညီ ကျင့်သုံးပါ ချစ်သား၊ သူပြုထားတဲ့ကျေးဇူးကိုသိပြီး သူ့အပေါ်မှာ ကြင်နာပါချစ်သား၊ သူ့ရဲ့စိတ်နှလုံးချမ်းမြေ့သာယာရှိလာပါစေ ချစ်သား။"

ဖခမည်းတော်ရသေ့ကြီးသည် ဤသို့ဩဝါဒပေးပြီး ဥယျာဉ်တော်သို့ကြွသွားခဲ့သည်။ သောတ္တိသေနသည် ဖခမည်းတော်ကြွသွားပြီးနောက် သမ္ဘုလကိုခေါ်ပြီး " ရှင်မသမ္ဘုလ၊ ဒီလောက်အချိန်အထိ မင်းကို ငါစိတ်ဆင်းရဲ အောင်ပြုခဲ့မိတဲ့

www.burmeseclassic.com



ငါ့အပြစ်ကိုသည်းခံပါ။ ဒီနေ့ကစပြီး မင်းအလိုအတိုင်းဖြစ်ရပါစေမယ်။ မင်းမှာရတနာအစုအပုံပေါ်မှာ အဘိသိက်သွန်းပြီး မိဖုရားခေါင်ကြီးဖြစ်ကာ စည်းစိမ်ဥစ္စာပြန့်ပြောစွာရှိနေပေမယ့် ငြူစူမှုဝဲဩဃမှာ ကူးခပ်နေရတဲ့အတွက် သေခြင်းတရားဘက်ကို ခြေလှမ်းနေခဲ့ရတယ်။ (သေရတော့မလိုဖြစ်ခဲ့ရတယ်)”

“ ဒီမှာ အခုရှိကြတဲ့ မင်းသမီးမျိုး မောင်းမမိဿံအားလုံးတို့ဟာ မင်းစကားအတိုင်းလိုက်နာရမယ့်သူတွေဖြစ်စေရပါမယ်။ (မင်းက ထိုင်ဆိုထိုင်၊ ထဆိုထ၊ စေသည့်ထွန်၊ ထွန်သည့်နွားပမာ ရှိစေရပါမယ်။) မင်းသဘောကျ ဒီမင်းစည်းစိမ်ကိုစီစဉ်ပါ ရှင်မသမ္ဘုလ။ ”

သောတ္ထိသေနသည် ဖခမည်းတော်၏အဆုံးအမဩဝါဒကို ခံယူရ သဖြင့် ကျေးဇူးတရားကို ပြန်လည်အမှတ်ရကာ သမ္ဘုလမိဖုရားခေါင်ကြီးအား စည်းစိမ်အားလုံး၊ ပိုင်ခွင့်အားလုံးကို စုပုံပေးအပ်လိုက်လေ၏။ ဤနေ့မှစ၍ မင်းမိဖုရားနှစ်ပါးတို့သည် စိတ်တူ ကိုယ်တူပျော်ရွှင်ချမ်းမြေ့စွာနေကြရလျက် ဒါန၊ သီလ၊ ဘာဝနာတို့ကို ချမ်းချမ်းသာသာပြုလုပ်ပွားများ အားထုတ်ကြပေတော့သည်။

| | | |
|---|---|---|
| သမ္ဘုလ | = | မလိကာမိဖုရားကြီး၊ |
| သောတ္ထိသေန | = | ကောသလမင်းကြီး |
| ဖခင်ရသေ့ | = | ဘုရားအလောင်းတော်၊ |

(တိသနိပါတ်၊ သမ္ဘုလဇာတ် အဌကထာ)

www.burmeseclassic.com


## အခန်း(၆)

## မဒ္ဒီဒေဝီ(သို့မဟုတ်)ချစ်လင်နားမှ တစ်ဖဝါးမခွာ

ကိုရီးယားမိတ်ဆွေများက တော်ဝင်မိန်းမသားများ၏ အကြောင်းကို စိတ်ဝင်စားကြ၏။ ယခင်အပတ်က မစ္စတာဘေး၏ အိမ်တွင် တော်လေးဝဝင် သမ္ဘူလမိဖုရားအကြောင်းကိုပြောရာ ထိုအကြောင်းကို ဘေးတို့ဇနီးမောင်နှံသာမက မစ္စတာပတ်က လည်းစိတ်ဝင်စား၍ သမ္ဘူလမိဖုရားအကြောင်းကိုမိမိဇနီးဖြစ်သူ အားပြောပြသည်ဟုဆိုပါသည်။ မစ္စတာပတ်၏ဇနီးကလည်း ထို အကြောင်းကို စိတ်ဝင်စား၍ တော်လေးဝဝင်အမျိုးသမီးများ အကြောင်း လာရောက်ပြောပြပါရန်နှင့် ထိုနေ့အတွက်ညစာကို မစ္စတာပတ်တို့ မိသားစုက တာဝန်ယူမည်ဟုဆိုပါ၏။

www.burmeseclassic.com



မစ္စတာပတ်သည် မစ္စတာဘေးနှင့် ပတ်သက်ပြီးတော့ ကျွန်တော်နှင့် သိသူဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော်နှင့် မစ္စတာပတ်တို့သည် ပြည်မြို့သို့ သွားရောက်လည်ပတ်ဖူးသည်။ မစ္စတာပတ်သည်လည်းသဘောကောင်းသူ တစ်ဦးဖြစ်၍ မစ္စတာပတ်သည် ထန်းပင်နှင့်အုန်းပင်ကိုမကွဲသူဖြစ်၏။ ဒီအပင်က ထန်းပင်ဖြစ်သည်ဟု အပင်ကိုပြသထားပြီး အုန်းပင်တွေ့လျှင် ဒါထန်းပင်လား ဟု မေးတတ်သူဖြစ်၏။

သူနှင့်ကျွန်တော် ပတ်တို့မိသားစုနှင့်အတူ ပြည်မြို့သို့ သွားရောက် သောအခါတွင်မှ ကျွန်တော်၏နောင်တော်ကြီး၊ ကျားပျံ ဦးအုန်းမောင်၏ မင်္ဂလာဥယျာဉ်ဟိုတယ်တွင် ထန်းပင်ရော အုန်းပင်ပါရှိသောနေရာတွင်မှ ထိုအပင်နှစ်ပင်ကို ဟော့ဒါက အုန်း၊ ဟော့ဒါက ထန်းဟု ရှင်း၍ပြသောအခါမှ မစ္စတာပတ်သည် ဘယ်ဟာက ထန်းနှင့် ဘယ်ဟာက အုန်းဆိုသည်ကိုခွဲနိုင် သူဖြစ်၏။ မင်္ဂလာဥယျာဉ်ဟိုတယ်တွင် နံနက်စောစောထန်းရည်ချပေးရာ ထန်းရေကအလွန်ချိုနေသည်။ ကျွန်တော်အပြင်ခဏထွက်ကြပြီး နေ့လယ်စာ ပြန်စားသောအခါ ထိုအချိန်တွင် ထန်းရည်တစ်အိုး ထပ်ချပေး၍ တိုက်ပြန်ရာ ထိုထန်းရည်မူးလာ၍ အချိန်ဖြင့် အရသာရော အရည်အသွေးပါပြောင်းလဲ လာသော ထန်းရည်ကို မစ္စတာပတ်သည် အလွန်အံ့သြခဲ့သူဖြစ်ပါ၏။

မစ္စတာပတ်တို့ကလည်း ကျွန်တော်တို့မိသားစုရော၊ မစ္စဘေးတို့ မိသားစုကိုပါ ဖိတ်၍ညစာကျွေးပါ၏။ မစ္စတာပတ်တို့

www.burmeseclassic.com



အိမ်တွင်တော့ ထမင်းချက်ကောင်းကောင်းရှိသည်။ မစ္စတာပတ်က ထမင်းချက်နှင့်စီစဉ်ကာ ကျွန်တော်တို့မိသားစုရော ကိုရီးယား မိသားစုများပါစားနိုင်ရန် ညစာကိုစီစဉ်ရင်း ထိုနေ့ညက ကျွန်တော် က မစ္စတာပတ်နှင့် မစ္စတာဘေးတို့ မိသားစုများအား မဒ္ဒီဒေဝီ အကြောင်းကို ပြောပြပါ၏။

× × ×

ဝေဿန္တရာမင်းကြီး၏ဘဝသည် ဘုရင်မဖြစ်မီဗုဒ္ဓ၏ နောက်ဆုံးဘဝ ဖြစ်သည်။ ဝေဿန္တရာမင်းကြီးသည် အလှူအတန်း ပြုရာတွင် အလွန်ရက်ရော သည်။ ဝေဿန္တရာမင်းကြီးဘဝသည် ဒါနပါရမီ၏အစွမ်း ကုန်ဖြည့်ဆည်းကုသိုလ် ပြုခဲ့သည့် ဗုဒ္ဓ၏ နောက်ဆုံးဘဝဖြစ်သည်။

ဝေဿန္တရာမင်းဘဝတွင် ဘုရားအလောင်းတော်သည် မိမိ၏စည်းစိမ် ဥစ္စာ၊ မိမိ၏သားသမီး၊ မိမိ၏မျက်လုံး၊ မိမိ၏အသက် ကိုသာမက မိမိ၏ဇနီးကိုပါ မတွန့်မတို ကြည်ဖြူစွာလှူဒါန်းခဲ့သည်။ ဆင်အမျိုးအစားအများအပြားရှိရာ ပစ္စယဆင်ရှိပါက ထိုနိုင်ငံသည် မိုးလေဝသမှန်ကန်သည်။ မိုးလေဝသဖောက်ပြန် ခြင်းမရှိပေ။ တစ်ကြိမ်တွင် ဝေဿန္တရာမင်းကြီးသည် မိမိတိုင်းပြည်တွင်ရှိသော ပစ္စယဆင်ဖြူတော်ကို အခြားတစ်ပါးသော တိုင်းပြည်မှ မိမိတို့ နိုင်ငံတွင် မိုးလေဝသမမှန်ကန်ဖြစ်နေပါသည်။ သို့ပါ၍ ပစ္စယ ဆင်တော်အား လှူဒါန်းပါရန် လာရောက်အလှူခံသည်ကို လှူဒါန်း တော်မူသည်။

www.burmeseclassic.com



ဝေဿန္တရာမင်းကြီးတွင် မဒ္ဒီဟူသော မိဖုရားခေါင်ကြီး ရှိ၏။ သူတို့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ထွန်းကား ၍ ခမည်းတော်သိဉ္စည်းမင်းကြီး၏ နန်းတော်တွင် ချမ်းမြေ့ပျော်ရွှင်စွာနေကြချိန်ဖြစ်သည်။

ထိုအချိန်တွင်မှ ဝေဿန္တရာမင်းကြီးသည် ပစ္စယဆင်ဖြူတော်ကို လှူဒါန်းမှုနှင့်ပတ်သက်၍ ပြဿနာအရေးအခင်းကြီး တစ်ရပ်နှင့် ကြုံခဲ့ရသည်။ ထိုပြဿနာသည် အခြားမဟုတ် ဝေဿန္တရာမင်းကြီးသည် ပစ္စယဆင်ဖြူတော်ကို ကာလိင်္ဂတိုင်းမှ ပုဏ္ဏားတို့အား လှူဒါန်းလိုက်သောကြောင့် သိဝိတိုင်းသူပြည်သားတို့သည် ဝေဿန္တရာမင်းကြီးအပေါ်၌ များစွာမကျေမချမ်းဖြစ် ကြ၏။ ထို့ကြောင့် တိုင်းသူပြည်သားမြို့နေလူများသည် တုန်လှုပ်ချောက်ချားကြကာ နန်းတော်ကို ဝန်းရံပြီး ခမည်းတော်သိဉ္စည်းမင်းကြီးအား အရေးဆိုကြသည်။

ခမည်းတော်သိဉ္စည်းမင်းကြီးသည်လည်း သံဃာအားဘုရားမဆန်သာ၍ တိုင်းသူပြည်သားတို့၏အလိုအတိုင်း သားတော်ဝေဿန္တရာကိုမင်းကြီး ကိုယ်တိုင် ပြည်နှင်ဒဏ်ပေးမည်ဟု ကတိပြုဝန်ခံလိုက်ရ၏။ ထို့နောက်မင်းချင်း တစ်ယောက်ကို သားတော်ဝေဿန္တရာထံသို့ ဤအကြောင်းကို ပြောကြားရန် လျှောက်ထားခိုင်းလိုက်သည်။ ထိုအခါမင်းချင်းက ခမည်းတော်မှာကြားသည့်အတိုင်း မှာကြားလျှောက်ထားလေ၏။

www.burmeseclassic.com



မင်းချင်း - " အရှင်မင်းကြီး၊ ကောန္တိမာရမြစ်ကမ်းစပ် ကနေပြီး အာရဋ္ဌရ တောင်ခြေကိုဦးတည်ပြီး တော့ တိုင်းပြည် နှင်ထုတ်ခံရတဲ့ မင်းတွေသွားတဲ့ လမ်းအတိုင်း ဝေဿန္တရာ မင်းကြီးသွားရမယ်လို့ သိဝိတိုင်းသူပြည်သားတို့က တောင်းဆိုနေကြ ပါတယ် အရှင်မင်းကြီး။"

ဝေဿန္တရာ - " ကောင်းပြီ မောင်မင်း၊ အပြစ်ရတဲ့ဘုရင်မင်း တွေသွားရတဲ့လမ်းကြောင်းအတိုင်း ငါသွားပါ မယ်၊ ဒါပေမယ့်မောင်မင်း တိုင်းသူပြည်သားတွေ ဟာ တခြားအပြစ်နဲ့ငါ့ကို တိုင်းပြည် ကနှင်ထုတ် တာမဟုတ်ဘူး၊ ဆင်ဖြူတော်ကိုလှူတဲ့အပြစ် နဲ့နှင်ထုတ်ကြတာပဲဖြစ်တယ်။ အဲဒါကို နှင်ထုတ် သော်လည်းပဲ ငါတစ်ခုတောင်းဆိုချင်တယ်၊ အဲဒါက ဘာလဲဆို တော့ ငါဟာ ခုနစ်ရွာ ခုနစ်မျိုး အလှူကြီးကို ပေးလှူချင် သေးတယ်။ အဲဒီအလှူ ကြီးပေးဖို့အတွက် ငါ့ကို မြို့သူမြို့သားတွေက အခွင့်တစ်ရက်လောက်တော့ ပေးစေချင်တယ်၊ နက်ဖြန်ငါလှူပေးပြီး သန်ဘက်ခါ တတိယ မြောက်နေ့မှာ ငါသွားပါမယ်။

မင်းချင်း - ကောင်းပါပြီအရှင်မင်းကြီး၊ မြို့သူမြို့သားတွေကို ဒီအကြောင်း ကျွန်တော်မျိုးပြောပြပါမယ်။

www.burmeseclassic.com



မင်းချင်းယောက်ျားပြန်သွားပြီးတဲ့အခါ ဝေဿန္တရာမင်း ကြီးသည် စစ်တပ်ထိန်းသိမ်းရေးမှူးကို ခေါ်ပြီး " အမောင်၊ နက်ဖြန်ခါ ငါခုနစ်ရာ ခုနစ်မျိုး အလှူကြီးပေးချင်တယ်။

၁။ **ဆင်ခုနစ်ရာ**

၂။ **မြင်းခုနစ်ရာ**

၃။ **ရထားခုနစ်ရာ**

၄။ **အမျိုးသမီးခုနစ်ရာ**

၅။ **နို့စားနွားမခုနစ်ရာ**

၆။ **ကျွန်ယောက်ျားခုနစ်ရာ**

၇။ **ကျွန်မိန်းမခုနစ်ရာ** တို့ကို စီစဉ်ထားပါ။

နောက်ပြီး စားဖွယ်သောက်ဖွယ် ထမင်းအဖျော်ယမကာတို့ကိုလည်း အသင့်လုပ်ထားပါ။ ယုတ်စွအဆုံး သေရည်သေရက်ကိုလဲ စီစဉ်ထားပါ။

ဤသို့အလှူအတွက် စီစဉ်ပြီးနောက် အခြံအရံအမတ် တို့ကို ပြန်လွှတ်လိုက်ပြီး တစ်ယောက်ထီး၊ မဒ္ဒီဒေဝီ၏ တိုက်ခန်းသို့ လာခဲ့သည်။ မဒ္ဒီဒေဝီ၏ကျက်သရေတိုက်ခန်းသို့ရောက်သည့်အခါ အိပ်ရာထက်တွင်ထိုင် လျက်ဤသို့စကားစတင်ဆိုသည်။

**ဝေဿန္တရာ** - အို မဒ္ဒီ သင့်ကို ငါပေးထားတဲ့ ရွှေငွေ ပုလဲ ကျောက်မျက်ရွဲ စတဲ့ဥစ္စာပစ္စည်းများ၊ သင့်ဖခင်

www.burmeseclassic.com


ကြီးပေးလိုက်တဲ့ဥစ္စာ ပစ္စည်းများ၊ အဲဒါတွေ သင့်ဆီမှာရှိနေတယ် မဟုတ်လား၊ အဲဒီပစ္စည်းတွေကို မြှုပ်နှံထားပါမဒ္ဒီ ” ဟု ဆိုလေ၏။

ထိုစကားကိုကြားရသည့်အခါ မိဖုရားမဒ္ဒီသည် ဤသို့စဉ်းစား၏။ ငါ့လင်တော်မောင်သည် အချိန်ဒီလောက်ကြာခဲ့ပြီး ပစ္စည်းဥစ္စာများကိုမြှုပ်ထားပါ ဟူ၍ တစ်ခါမှမပြောခဲ့ဘူး၊ အခုကျမှ ဤစကားမျိုးကို ပြောနေ၏။ ဘယ်နေရာမှာ မြှုပ်ရမလဲဆိုတာ ပြန်မေးကြည့်ဦးမှဖြစ်မည်ဟု စဉ်းစားလျက် -

**မဒ္ဒီ** - “ အိုမောင်တော် ဝေဿန္တရာ၊ အဲဒီပစ္စည်းတွေကို ဘယ်နေရာမှာ မြှုပ်နှံထားရမလဲဆိုတာကို နှမတော်ကိုပြောပါ မောင်တော် ”

အမှန်စင်စစ် ပါရမီဖြည့်ရာ နောက်ဆုံးဘဝသို့ရောက်နေပြီဖြစ်သော အလောင်းတော် ဝေဿန္တရာမင်းကြီးကြံစည်ပြုလုပ်ပြောဆိုမှု အားလုံးတို့သည် အမြဲတမ်းဒါနနှင့်သာ ဆက်စပ်လျက်ရှိနေ၏။ ဒါနနှင့်ပက်သက်၍သာပြောဆို၏။ ဒါနအလုပ် လှူဖို့သာ အားထုတ်နေပြီ၊ ဒါနပြုဖို့ရန်ကိုသာ ကြံစည်စိတ်ကူးနေ၏။ သူ့တစ်ကိုယ်လုံး ဒါနတုံးကြီးဖြစ်၍နေ၏။ ဆင်ဖြူတော်ကို လှူမိသည့်အတွက် တောနက်ကြီးထဲသို့ အနှင်ခံနေရပါလျက်နှင့် လှူဖို့ရန်ကိစ္စအတွက် ခွင့်တစ်ရက် ထပ်တောင်းနေသူဖြစ်၏။

ထိုသို့ မိမိတစ်ကိုယ်တည်း လှူရုံမျှပင်အားမရသေးဘဲ၊ သံသရာ အဆက်ဆက် ပါရမီဖြည့်ဘက်ဇနီးမယားကို နိဗ္ဗာန်ကူး

www.burmeseclassic.com


သည့်အခါ ပူးတွဲကာခေါ် သွားလိုသည့်အတွက် လေးနက်သော အဓိပ္ပါယ်ဆောင်သည့် အလှူစကားကို ဤသို့ပြောကြားလိုက်ခြင်းဖြစ်၏။ ဤသည်ကို မဒ္ဒီမိဖုရားသတိမထားမိသည့် အတွက် အခုလို ပြန်မေးလိုက်ခြင်းဖြစ်၏။

ထိုအခါ ဝေဿန္တရာ မင်းကြီးက “ အို မဒ္ဒီ သီလရှိသူ အလှူခံပုဂ္ဂိုလ်ထံတွင် မြှုပ်နှံလော အဲဒီလိုပေးလှူတဲ့ဒါနမှ တစ်ပါး သတ္တဝါတွေအတွက် အခြားအားထားဆောက်တည်ရာမရှိဘူး၊ အဲဒါကြောင့် သင့်ရဲ့ဥစ္စာပစ္စည်းတို့ကို လုံခြုံတဲ့နေရာ မြေအောက် မြေနေရာတို့တွင် မမြှုပ်နှံဘဲ ကိုယ်နဲ့အစဉ် အမြဲတွဲနေတဲ့ ဒါန ဟူသောနေရာတွင်မြှုပ်နှံပါ မဒ္ဒီမိဖုရား” ဟုဆိုလေ၏။ ထို့အပြင် ဝေဿန္တရာမင်းကြီးကဆက်၍ဆို၏။

**ဝေဿန္တရာ** - “ အို မဒ္ဒီမိဖုရား သင်သည် သားနဲ့သမီးကိုလဲ ချစ်ခင်သူပါ၊ ယော္ခမများကိုလဲ မေတ္တာမပျက် ပါနဲ့၊ ချစ်ချစ်ခင်ခင် ရှိပါစေ၊ နောက်ငါနဲ့ကင်းကွာပြီးနေရတဲ့သင့်အတွက် နောက်ဖြစ်ပေါ်လာမယ့်ခင်ပွန်းကိုလဲ ရိုသေလေးစား ပြုစုလုပ်ကျွေးပါ၊ ငါနဲ့ကင်းကွာပြီး နေရတဲ့အတွက် သင့်မှာစိတ်ပင်ပန်း လူပင်ပန်းဖြစ်မနေပါနဲ့ မဒ္ဒီမိဖုရား”

ထိုအခါ မိဖုရားမဒ္ဒီသည် မောင်တော်ဝေဿန္တရာမင်း သည် အကြောင်းမဲ့ ထိုစကားကိုဘာကြောင့် ပြောရလေသနည်းဟု စဉ်းစား၏။

www.burmeseclassic.com


**မဒ္ဒီ** - " အိုမောင်တော်၊ မပြောကောင်း၊ မပြောအပ်တဲ့စကားများကို ဘာကြောင့်ဤသို့ပြောနေရတာလဲ "

**ဝေဿန္တရာ** - " အို မဒ္ဒီ၊ ငါဟာ ဆင်ဖြူတော်ကို လှူတဲ့အတွက် သိဝိတိုင်းသူပြည်သားတွေက ငါ့ကိုစိတ်ဆိုးကြတယ်။ အဲဒီအတွက် ငါ့ကိုတိုင်းပြည်ကနှင်ထုတ်နေတယ်၊ နက်ဖြန်ခါ ခုနစ်ရာ၊ ခုနစ်မျိုးအလှူကြီးကိုငါပေးလှူပြီး၊ သန်ဘက်ခါ ဒီမြို့က ငါထွက်သွားရလိမ့်မည်၊ သားရဲ တိရိစ္ဆာန်တွေပေါ်များတဲ့ အဲဒီတောထဲကို ငါတစ်ယောက် တည်းသွားနေရတဲ့ ငါရဲ့အသက်အတွက် ငါသံသယ ရှိနေလို့ ခုလိုမင်းကိုမှာနေတာ မဒ္ဒီဒေဝီမိဖုရား"

ဝေဿန္တရာမင်းကြီးစကားကို မဒ္ဒီမိဖုရားကြားရသည့်အခါ မဒ္ဒီဒေဝီမိဖုရားကြီးသည် ဤသို့ဆိုလေ၏။

**မဒ္ဒီ** - " မောင်တော် ဝေဿန္တရာ မောင်တော်ဟာ မဖြစ်နိုင်တဲ့ စကားကို ပြောတော်မူ၏။ မောင်တော်ရဲ့စကားသည် လမ်းခွဲသို့ရောက်ပါသည်။ တိုင်းပြည် က နှင်ထုတ်ခံရလို့ မောင်တော်ကတောထဲထွက်သွားရပြီး ဇနီးဖြစ်သူကျွန်မက ဒီနန်းတော်မှာနေခဲ့တယ်ဆိုတာ ထုံးစံရှိပါသလား၊ ဤသို့ဆိုပါက အဘယ်မှာသဘာဝကျနိုင်ပါမည်နည်း။ "

www.burmeseclassic.com



မဒ္ဒီ - “ မောင်တော်ဘုရား ကျွန်မသည်လည်းကောင်း၊ မောင်တော်သည်လည်းကောင်း နောက်ဆုံး၌ မီးသင်္ဂြိုဟ် တဲ့ထင်းပုံ၏ မီးလျှံထဲမှာ မီးသင်္ဂြိုဟ်ပြီး သေကြရမယ် မဟုတ်ပါလော။ အားလုံးသေကြရမည် သေမျိုးများသာဖြစ်သည်။ သေမျိုးချည်းဖြစ်ပါလျက် မောင်တော်နှင့်နှမတော်သည် အဘယ်မှခွဲခြား၍ သေနိုင်မည်နည်း၊ အတူနေ အတူသွား၍ သေစရာရှိပါက အတူပင်သေရန် ရှိပါ၏။ ”

မဒ္ဒီ - မောင်တော်ဝေဿန္တရာ၊ တောင်လျှိုချိုင့်ဝှမ်း ချောက်ကမ်းပါးဆိုတဲ့ မြေမညီသည့်နေရာ၌ ဖြစ်စေ၊ လွင်ပြင်မြေ ပြန့်တွင်ဖြစ်စေ၊ လှည့်လည်သွားလာသော တောဆင်ပြောင် ကြီး၏ နောက်မှနေ၍ တကောက်ကောက်လိုက်နေသည့်ဆင်မကဲ့သို့ မောင်တော်ရဲ့နောက်နေမှ၍ ကျွန်မသည် သားသမီးများကိုခေါ်ပြီး ထပ်ကြပ်မကွာလိုက်မည်ဖြစ်ပါ၏။ အဲဒီလိုလိုက်မှသာလျှင် ဘဝကြင်ဖော်မည်သည်ဖြစ်ပါ၏။ မောင်တော်နှင့် ခွဲနေ၍ ဤလောကတွင် အဘယ်အကျိုး ကျေးဇူးသည် ပို၍ထင်ပေါ်ရန်အကြောင်းရှိမည်နည်း၊ မောင်ဘုရားနှင့်ကျွန်မသည် ထပ်ချပ်မကွာလိုက်

www.burmeseclassic.com


ရုံမှတစ်ပါး အခြားအကြောင်းသည်မထင်မပေါ်
သာရှိပါ၏ဘုရား ”

မိဖုရားမဒ္ဒီသည် သစ္စာရှိသော မယားပီပီ လင်တော်မောင်နဲ့သေအတူ ရှင်မကွဲဖြစ်ရာဘဝ ဖြစ်ရာအနေအထားမည်သည့်အခြေအနေသို့ရောက် ရောက် ကောင်းတူဆိုးဘက်နောက်တော်ပါး ကကပ်လျက်လိုက်ပါမည် အကြောင်းကိုပြောပြီးမဒ္ဒီဒေဝီသည်တောထဲသို့နှင့်ထုတ်ခံရသည့်အတွက် လင်တော်မောင်စိတ်အားမငယ်စေရန် ရော်ရမ်းမှန်းဆပြီး မိမိမရောက်ဖူး၊ မမြင်ဖူးသေးသည့် ဟိမဝန္တာအကြောင်းကို အကောင်းဘက်ကမြင်ကာ ဤသို့ လျှောက်ထားပြန်ပါ၏။

**မဒ္ဒီ - “ မောင်တော်ဘုရား ယခုအခါတပည့်တော်တို့သည် ဟိမဝန္တာသို့ သွားကြရတော့မည်ဖြစ်ပါသည်ဘုရား၊ တောထဲရောက်တဲ့အခါ တောချုံဖုတ်တို့ဘေးမှာ တီတီတာတာချစ်ဖွယ်ရာစကားလေးတွေပြော နေကြတဲ့ သားငယ်သမီးငယ်တို့ကိုမြင်ရတဲ့အခါ ဘယ်လိုလုပ်ပြီး ဒီမင်းစည်းစိမ်ကို သတိရပါမလဲ ဘုရား-**

**တီတီတာတာချစ်ဖွယ်ရာ စကားလေးတွေပြော**
**နေကြတဲ့ ကနေကြတဲ့ မြူးနေကြတဲ့**
**မွေ့လျော်ဖွယ်ကောင်းတဲ့သစ်ရွက်**
**မိုးကောင်းကင်မှာကနေကြတဲ့ မြူးတူးနေကြတဲ့**

www.burmeseclassic.com



**တောပန်းတွေပန်၊တောဘယက်တန်ဆာတွေ ဆွဲကာကနေကြတဲ့**
**သားငယ် သမီးငယ်တို့မြင်ရတဲ့အခါ**
ဘယ်လို လုပ်ပြီး ဒီမင်းစည်းစိမ်ကို သတိရနိုင်ပါ့မလဲဘုရား"

**" အရှင်ဘုရား နံနက် ညနေတိုင်းသွားလာ ကျက်စား နေကြတဲ့ ယူဇနာခြောက်ဆယ်ကို သွားနိုင်တဲ့မတင်္ဂကဆင်မျိုးဖြစ်ပြီး တစ်ကောင်တည်း သွားလာကျက်စားလေ့ရှိတဲ့ ဆင်ပြောင်ကြီးကို မြင်ရတဲ့အခါ၊ ဘယ်လိုလုပ်ပြီး၊ ဒီမင်းစည်းစိမ်ကို သတိရပါ့မလဲ ဘုရား"**

**" အရှင်ဘုရား အလေးအနက်စဉ်းစားတော်မူပါ ဘုရား ဆင်အပေါင်းတို့ရဲ့ ရှေ့ဆုံးကသွားလာတဲ့ ခေါင်းဆောင်ဆင်အုပ်ကြီးရဲ့ အော်မည်တဲ့အသံကို ကြားရတဲ့အခါ . . .**
**သားသမင်သစ်ကျားတို့ဖြင့် ရောနှောနေတဲ့ ဟိုဘက်တော၊ ဒီဘက်တော တောနှစ်ဘက်မှာ သားသမင်တို့ကိုမြင်ရတဲ့ အခါ. . . .**

**. . . . ကိန္နရာဖိုမတို့ကိုမြင်ရတဲ့အခါ. . . . .**
**တသွင်သွင်စီးဆင်းနေတဲ့ သိန္ဓုမြစ်ကမ်းမှာ**

www.burmeseclassic.com



တူရိယာ ငါးပါးအသံလို သာယာဖွယ်ရာ သီဆို နေတဲ့ ကိန္နရာဖိုမတို့ရဲ့ သီဆိုသံကိုကြားရတဲ့ အခါ. . . ။

တောင်လျှိုချပ်ကြားသွားလာကျက်စားနေတဲ့ ခင်ပုတ်ငှက် အော်သံကိုကြားရတဲ့အခါ . . . ။ ခြင်္သေ့တို့၏ အော်မြည်သံ၊ သစ်ကျားတို့၏အော် မြည်သံ၊ ကြံ့တို့၏အော်မြည်သံ၊ နွားနောက်တို့၏ အော်မြည်သံ၊ သားသမင် သစ်ကျူတ်တို့၏ အော်မြည်သံကို ကြားရတဲ့အခါ. . . ။

ညိုသောလည်ပင်းရှိတဲ့၊ စိမ်းပြာရောင်ဦးစွန်းရှိတဲ့၊ တောင်ထိပ်တွင် အမြဲတမ်းနေလေ့ရှိတဲ့ ဥဒေါင်း တို့ကိုမြင်ရတဲအခါ. . သူတို့ရဲ့ အော်မြည်သံကို ကြားရတဲ့အခါ . . . ။

ဥကပေါက်ဖွားပြီး ဆန်းပြားထူးထွေတဲ့အမွေး အရောင် ပုံဟန်ရှိတဲ့ ငှက်အမျိုးမျိုးတို့ကို မြင်ရတဲ့ အခါ . . . ။

ဆောင်းတွင်းအခါ နီမြန်းတဲ့ ရွက်ညွှန့်တွေဝေ နေတဲ့၊ အပွင့်မျိုးစုံပွင့်နေတဲ့အနံ့မျိုးစုံမွှေးကြိုင် ပျံ့လှိုင်နေတဲ့ သစ်ပင်တို့ကို မြင်ရတဲ့အခါ. . . ။ စိမ်းစိုပြီး မြေနှံ့သင်းနေတဲ့ ပိုးပရန်တို့ ဖုံးလွှမ်း နေတဲ့ ဆောင်းမြေကိုမြင်ရတဲ့အခါ. . . ။

www.burmeseclassic.com


**ဆောင်းတွင်းအခါ မွေးရနံ့ထုံနေတဲ့ ပွင့်ချပ်ရှည်ပဒုမ္မာ ကြာတို့ကိုမြင်ရတဲ့အခါ. . .။ တွဲလျားကျနေတဲ့ နွယ်ပန်းတို့ကို မြင်ရတဲ့အခါ ဘယ်လိုလုပ်ပြီး ဒီမင်းစည်းစိမ်၊ နန်းစည်းစိမ်ကို သတိရပါ့မလဲ မောင်တော်"**

မိဖုရားမဒ္ဒီသည် ချစ်လင်၏အလိုကို လိုက်တတ်သော၊ ချစ်လင်စိတ် ချမ်းသာအောင် ပြောတတ်ဆိုတတ်သော၊ လိမ္မာသော မယားကောင်းပီပီ မိမိ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးပါပဲနှင့် ဟိမဝန္တာမှာ ကြီးပြင်းလာခဲ့သူ တစ်ယောက်ကဲ့သို့ ဂါထာပေါင်း ၂၃ ဂါထာ၊ အပိုဒ်ပေါင်း ၉၂ ပိုဒ်၊ စကားလုံးပေါင်း ၇၀၀ ကျော် ဖြင့် လင်တော်မောင်မင်းကြီး ဝေဿန္တရာ စိတ်ဓာတ်မကျစေရန် ဤသို့ပြောကြားအားပေးလျှောက်ထားပေသည်။

မယ်တော်ဖုဿတီမိဖုရားကြီးသည် သားတော်ကြီး ဝေဿန္တရာ၏သတင်းကို ကြားသိရသည့်အခါ သားတော်ကြီးဆီသို့ လာခဲ့သည့် အဝင်အဝ တံခါးခုံသို့ရောက်သော် အတွင်းမှသားတော်ကြီးနှင့် ချွေးမတော်တို့ ပြောနေသည့်စကားများကိုကြားရသည့် အတွက်

ဖုဿဝတီ - "ရှေးတုန်းက ငါ့သားတော်ကြီး ဥယျာဉ်ကစား ထွက်ကြတဲ့အခါ မဟာလှေကားပန်းပွင့်တွေဝေဆာ နေသလို ရွှေဘယက်အဆင်တန်ဆာ၊ ရွှေရောင် အဝတ်အထည်တွေကို ဝတ်ဆင်ပြီး တံခွန်အလံတွေ

www.burmeseclassic.com



ကိုကိုင်ကာ နောက်ပါအခြံ အရံတွေ လိုက်ပါကြတယ်၊ အခုဒီကနေ့ ငါ့သားတော်ကြီးတစ် ယောက်တည်း သွားရတော့မယ်။”

“ရှေးတုန်းက ငါ့သားတော်ကြီးဥယျာဉ်ကစားထွက်ကြ တဲ့ အခါ မဟာလှေကားပန်းတွေဝေဆာနေတဲ့ မဟာလှေကားပန်း တော်ကြီးလို မြောက်မြားလှတဲ့ ဆင်တပ်၊ မြင်းတပ်၊ ခြေသည်တပ် တွေ နောက်တော် ပါးက လိုက်ပါကြတယ်။ အခုဒီကနေ့ ငါ့သားတော် ကြီး တစ်ကိုယ်တည်းသွားရတော့မယ်။”

“ရှေးတုန်းက ငါ့သားတော်ကြီး ဥယျာဉ်ကစားထွက် ကြတဲ့ အခါ ပိုးဖဲရောင်တောက်နေတဲ့ ဂန္ဓာရတိုင်းဖြစ် အဖိုးတစ်သိန်းထိုက်တဲ့ ကမ္ဗလာနီကို ဝတ်ရုံထား ကြတဲ့ စစ်တပ်နဲ့ ကြွရတယ်၊ အခုဒီကနေ့ငါ့သားတော် ကြီး တစ်ကိုယ်တည်းသွားရတော့မယ်။”

“ငါ့သားတော်ကြီးဟာ ရှေးတုန်းက ဆင်ယာဉ်နဲ့သွား တယ်၊ ရထားယာဉ်နဲ့သွားတယ်၊ ရွှေထမ်းဆင်နဲ့ သွားတယ်၊ အခုဒီကနေ့ ငါ့သားတော်ကြီး ခြေလျင် ဘယ်လိုလုပ်သွားပါ့မလဲ. . . ”

“နဂိုက စန္ဒကူးနံ့သာတွေနဲ့ အမြဲလိမ်းကျံထားတဲ့ ခန္ဓာကိုယ်၊ အကအခုန် သီချင်းသံနဲ့သာ နိုးလာရတဲ့ ငါ့သားတော်ကြီးဟာ တောထဲရောက်တဲ့အခါ

www.burmeseclassic.com



ခွါနဲ့တကွသော သစ်နက်ရေကို ဘယ်လို ချိုးမလဲ၊ ထင်းပေါက်သည့်ပဲခွပ်ပုဆိန်ကို ဘယ်လို ကိုင်မလဲ၊ သစ်သီးတံချူ ဆိုင်းထမ်းပိုးကို ဘယ်လိုထမ်းပိုမလဲ၊ လျှော်တေအဝတ်ကို ဘယ်လိုဝတ်တတ်မလဲ၊ဘယ်လို ဝတ်လို့ ရပါမလဲ။"

နဂိုက ချွေးမတော်မဒ္ဒီက ကောကုမ္ဗရာဇ်တိုင်းဖြစ်၊ ခေါမတိုင်း ဖြစ်အဝတ်အထည်တို့ကိုဝတ်ခဲ့ရပြီး တောထဲရောက်တဲ့အခါ လျှော်တေအဝတ်ကို ဘယ်လိုဝတ်မလဲ၊ နန်းတော်မှာ ခြေမွှေး မီးမလောင်၊ လက်မွှေးမီးမလောင် ချမ်းချမ်းသာသာနေလာခဲ့တဲ့၊ ရွှေခြေနင်းကတ္တီပါဖိနပ်စီးပြီး သွားလာနေရတဲ့ ချွေးမတော်မဒ္ဒီဟာတောထဲရောက်တဲ့အခါ ခြေလှမ်းတိုင်းခြေလှမ်းတိုင်းကို တုန်လှုပ်ခြောက်ချားစွာနဲ့သွားလာနေရမှာပဲ။"

"နန်းတော်ဆောင်မှာတုန်းက မောင်းမပေါင်း တစ်ထောင်ခြံရံပြီး နေလာခဲ့တဲ့မဒ္ဒီဟာ တောထဲရောက်တဲ့အခါဘယ်လို တစ်ယောက်တည်းသွားလာလို့ဖြစ်ပါမလဲ။"

"နန်းတော်မှာနေတုန်းက ခင်ပုတ်ငှက်အော်မြည်သံကြားရင်ပဲ ထိတ်လန့်ကြောက်ရွံ့နေပြီး နတ်ဝင်သည်မလိုတုန်လှုပ်ခြောက် ချားနေတတ်တဲ့ မဒ္ဒီဟာ

www.burmeseclassic.com


တောထဲမှာ ကြောက်မက်ဖွယ်ရာ အသံမျိုးစုံကြား ရတဲ့အခါ ဘယ်လိုနေလို့ရပါ့မလဲ။”

“ငှက်ငယ်သားငယ်လေးတွေ အလုခံလိုက်ရတဲ့ အတွက် တိတ်ဆိတ်နေတဲ့မိမိရဲ့ အသိုက်ကိုမြင်လိုက် ရတဲ့ငှက်မလို၊ ရေမရှိတဲ့ ညွန့်ပျောင်းမှာပူဆွေး သောကရောက်နေတဲ့ စက္ကဝက်ငှက်မလို သားငယ် သမီးငယ်လေးတွေမရှိတဲ့ တိတ်ဆိတ်နေတဲ့ကျောင်း သင်္ခမ်းကိုမြင်လိုက်ရတဲ့အခါ ပူဆွေးသောက လောင် ကျွမ်းခံရလိမ့်မယ် ဖြူဖတ်ဖြူရော် ပိန်ချုံးနေလိမ့် မယ်။ ”

“သူတစ်ပါးကို ဒုက္ခမပေးတတ်တဲ့ ငါ့သားကြီး ဝေဿန္တရာကိုတိုင်းပြည်ကနှင်ထုတ်တဲ့အတွက် ငိုကြွေးမြည်တမ်းရလို့ ငါသေရလိမ့်မယ်။” ဟုဆိုကာ မယ်တော်သည် သည်းထန်စွာသော ငိုကြွေးမှုကိုပြု လေ၏။

ဖုဿတီမိဖုရားကြီးငိုကြွေးမြည်တမ်းသံကို ကြားရမြင်ရ သောအခါ သိဋ္ဌည်းမင်းကြီးရဲ့ နန်းတော်ဆောင်မှ မောင်းမများ အားလုံးဝေဿန္တရာ မင်းကြီးရဲ့နန်းဆောင်မှ မောင်းမများအားလုံး ငိုကြွေးကြကုန်၏။ သူတို့မောင်းမ အားလုံးတို့သည်လည်း မရပ်မတည်နိုင်ဘဲ လေကြမ်းတိုက်ခံလိုက်ရသည့် အင်ကြင်းတောလို ငိုကြွေးမည်တမ်းလဲပြိုကုန်၏။ ထို့နောက်မယ်တော်ကြီးက. . . .

www.burmeseclassic.com



"သားတော်၊ သားတော်ဟာ တောထဲသွားရလို့တောထဲမှာ ရသေ့ရဟန်းပြုလုပ်ပြီး နေလိုကနေပါ။ မယ်တော်ခွင့်ပြုပါတယ်၊ ဒါပေမဲ့ မဒ္ဒီကိုတော့ သူ့သားသမီးလေးတွေနဲ့ ဒီနန်းတော်မှာဘဲ နေခဲ့ပါစေ၊ သားတော်" ထိုအခါ ဝေဿန္တရာမင်းကြီးက. .

"မယ်တော်ကြီးလိုက်လိုတဲ့ဆန္ဒမရှိတဲ့ကျွန်မတစ်ယောက်ကိုပင် သားတော်မခေါ်ဝံ့ပါ၊ လိုက်လိုက လိုက်နိုင်ပါတယ်။ မလိုက်လိုကနေရစ်ခဲ့ နိုင်ပါတယ်" ဟုဆိုလေ၏။

ထိုအခါမယ်တော်ဖုဿဝတီမိဖုရားကြီးကမဒ္ဒီဒေဝီအား ဤသို့ဆိုသတည်း။

ဖုဿသတီမိဖုရားကြီး - "သမီးမဒ္ဒီ၊ စန္ဒကူးနံ့သာတွေနဲ့ သမီးဟာ မြူမှုန်လိမ်းလိမ်း မကပ်ချင်စမ်းပါနဲ့၊ ကာသိတိုင်း ဖြစ်၊ ခေါမတိုင်းဖြစ် အဝတ်အထည် တွေနဲ့သာ နေလာခဲ့တဲ့သမီးဟာ သာမန်မြက်လျှော်တေ အဝတ်ကို မဝတ်ချင်စမ်းပါနဲ့ သမီးတော် တောမှာနေရတယ်ဆိုတာ အင်မတန် ဆင်းရဲရပါ တယ် သမီးနူးညံ့ပျော့ပြောင်း မိန်းမကောင်းလက္ခဏာနဲ့ပြည့်ဝတဲ့သမီးမဒ္ဒီတောကိုမလိုက်ချင်စမ်းပါနဲ့။"

ထိုအခါ မဒ္ဒီဒေဝီက ဤသို့ပြန်၍လျှောက်ထားလေ၏။

www.burmeseclassic.com


မဒ္ဒီ - "မယ်တော်ကြီး၊ မောင်တော် ဝေဿန္တရာနဲ့ခွဲပြီး ခံစားရမယ့် ချမ်းသာမျိုးကို ကျွန်မမလိုချင်ပါ၊ မောင်တော်နဲ့အတူ ခံစားရတဲ့ဒုက္ခကိုသာ သမီးတော်နှစ်နှစ်ကာကာခံစားလိုပါတယ်ဘုရား"

ဟု လျှောက်ထား၏။ ထိုအခါ ခမည်းတော် သိဝိဋ္ဌည်းမင်းကြီးက မဒ္ဒီဒေဝီအား ဤသို့ဆိုပါသေး၏။

**သိဝိဋ္ဌည်းမင်းကြီး** - " ချစ်သမီး မဒ္ဒီ တောထဲမှာ ကောက်ဖြတ်နံ့ကောင် မှတ်၊ ခြင်၊ ယင်များ စတဲ့ကိုက်တတ်တဲ့သတ္တဝါတွေ များလှတယ်၊ မြစ်အနီးမှာတွင်းအိုင်အနီးမှာ နေတတ်ကြတဲ့ ဆိတ်ကိုပင်ရစ်ပတ်ဆွဲဆန့်ပြီး မျိုနိုင်တဲ့ စပါးကြီးမြွေတွေ စပါးအုန်းမြွေတွေ မြွေပွေးမြွေဟောက်တွေ ဝံအောင်းစတဲ့သတ္တဝါတွေဟာ လူကိုသူတို့တွေ့လိုက်ပြီဆိုရင် ယောကျ်ားများပင်လျှင် ရှောင်တိမ်းပြေးသွား၍ မလွတ်နိုင်ဘူး၊ နောက်ပြီး၊ အဖျားချွန်ထက်ပြီး အင်မတန်ခိုင်မာတဲ့ ဦးချိုကြီးတွေနဲ့ အင်မတန်ခတ်တတ်တဲ့ ကျွဲကြီးတွေဟာ အဲဒီတောချို့ မြစ်ကမ်းတွေမှာ နေတတ်ကြတယ်၊ အဲဒါတွေနဲ့တွေ့ရင်

www.burmeseclassic.com



သမီးဒုက္ခအကြီး အကျယ်ရောက်လိမ့်မယ်
သမီး၊ သားသမင်၊ ကျားသစ်တွေလှည့်လည်
ကျက်စားလေ့ရှိတဲ့ အဲဒီတောထဲမှာ သားငယ်၊
သမီးငယ်တို့ကို သင် မတွေ့လျှင်
နွားငယ်လေးများပျောက်နေတဲ့ နွားမ လို
သင်ဘယ်လိုလုပ်မလဲ၊ ခရီးလဲအင်မတန်
ကြမ်း တမ်းတဲ့အဲဒီတောထဲမှာ ကြောက်
စရာပုံစံနဲ့ ကြောက်စရာအသံကြီးတွေနဲ့
တောမျောက်ကြီး တွေလဲရှိကြတယ်။
သမီးမဒ္ဒီ တောထဲမှာ ဘေးအမျိုးမျိုး ရန်
အသွယ်သွယ်နဲ့ တွေ့ရလိမ့်မယ်၊ ဒီ
နန်းတော်မှာနေရတာတောင် မြေခွေးမ
အော်သံကြားရင် သမီးခဏခဏ လန့်နေ
တယ်၊ ဝက်ပါတောင်ရောက်တဲ့အခါ
သမီးဘယ်လိုလုပ်နေမလဲ၊ မွန်းတည့်
ချိန်ရောက်တဲ့အခါ ငှက်မျိုးစုံ အသံမျိုးစုံနဲ့
ဆူပွက်ညံစီနေတဲ့ အဲဒီတောနက်ကြီးထဲကို
မလိုက်ချင်စမ်းပါနဲ့ သမီးတော်”

ထိုအခါ ပါရမီဖြည့်ဖက် ယသော်ဓယာအလောင်း မဒ္ဒီမိဖုရားသည် ဤသို့သောစကားကိုဆို၍ ပြန်လျှောက်တင်ပြန်ပါ၏။

www.burmeseclassic.com



မဒ္ဒီ - ခမည်းတော်မင်းကြီး၊ ခမည်းတော်မင်းကြီး ပြောတဲ့ ဒုက္ခမျိုးစုံကို သမီးသည်းခံနိုင်ပါ တယ်၊ ခမည်း တော်ကြီး လောကမှာ လင် မရှိတဲ့မုဆိုးမဘဝဟာ ခါးသီးလှပါတယ်၊ သာယာစရာဘာမှမရှိလှပါဘူး၊ ကိုယ့်ထက် အမျိုးနိမ့်တဲ့လူကလည်း မုဆိုးမ ဆိုရင် လက်ကိုကိုင်ဆွဲ၊ ခေါင်းကိုကိုင်ဆွဲ (ခေါင်း တို့-တင်တို့-ခါးတို့-ရင်တို့) လုပ်တတ်ပါ တယ်၊ တစ်ချို့က သဲမှုန့်ဖိုးလောက်ပေးပြီး (လက်ဖက် ရည်ဖိုးလောက်ပေးပြီး) မုဆိုးမ ကို ရလွယ်တယ်လို့ သဘောထားကြပါ တယ်၊ ကျီးကန်းတွေ အလယ်မှာရောက် နေတဲ့ ခင်ပုတ်ငှက်လိုပါပဲ၊ အကယ်လို့ ကိုယ့်မှာ ချမ်းသာကြွယ်ဝတဲ့ဆွေမျိုး ဉာတိရှိတယ်ပင်ထားဦးတော့ "ဒီမိန်းမ လင်ယောကျ်ားမရှိတော့ဘူး၊ ငါတို့ဆီမှာ တစ်သက် လုံးမှီခိုတော့မှာပဲ" ဆိုတဲ့စကား မျိုးကိုညီအစ်ကိုမောင်နှမဆွေမျိုး၊ မိတ်ဆွေ တွေဆီကတစ်နေ့ရလာမှာသေချာပါတယ်၊ ကိုယ့်စီးပွား ကိုယ်ရှာစား ရစေကာမူ သူတို့ ကိုမှီခိုနေရတယ်လို့ ထင်ထားကြပါတယ်၊

www.burmeseclassic.com



မုဆိုးမဘဝရဲ့ ဒုက္ခဟာ အများကြီးပါပဲ
ခမည်းတော်။"

"ရေမရှိတဲ့မြစ်ဟာမတင့်တယ်ပါဘူး
အချည်းအနှီးသာဖြစ်ပါတယ်။ မင်းမရှိတဲ့
တိုင်းပြည်ဟာ မတင့်တယ်ပါဘူး၊ အချည်း
နှီးပါပဲ၊ အဲဒီမိန်းမမှာ မောင် ဆယ်ယောက်
ပဲရှိပါစေ လင်ယောကျ်ားမရှိတဲ့မုဆိုးမဟာ
မတင့်တယ်ပါဘူး အချည်နှီး ပါပဲ၊ အဲဒီလို
အဆိုရှိ ပါတယ်။ ခမည်းတော် မင်းကြီးမှန်
ပါတယ်ခမည်းတော်မင်းကြီးရထားတစ်စင်းကို
ထင်ရှားအောင် ပေါ်လွင်အောင် ပြုလုပ်
နိုင်တာဟာ အခိုးအငွေ့ပါပဲ၊ တိုင်းပြည်ကို
ထင်ရှားအောင် ပေါ်လွင်အောင်ပြုလုပ်
နိုင်တာဟာ ဘုရင်မင်းပါပဲ၊ မိန်းမကို
ထင်ရှားအောင် ပေါ်လွင်အောင် ပြုလုပ်
နိုင်တာဟာ လင်ယောကျ်ားပါပဲ ခမည်း
တော်မင်း"

"သမီးတော်ကို မြေတပြင်လုံး အစိုးတရ
ပေးထားပေမယ့် ခါးသီးလှတဲ့ မုဆိုးမ
အဖြစ်နဲ့မနေလိုပါ၊ မောင်တော် ဝေဿန္တရာ
နောက်ကိုပဲ လိုက်မှာပါ ခမည်းတော် မင်းကြီး

www.burmeseclassic.com


သမီးတော်အား မောင်တော်ဝေဿန္တရာ
နဲ့ကင်းကွာပြီး သမုဒ္ဒရာလေးစင်း အစွန်း
အပိုင်းအခြားရှိတဲ့ ရတနာအမျိုးမျိုးတို့
အပြည့်ဖြစ်နေတဲ့ ဒီမြေတစ်ပြင်လုံးကို
လည်းအလိုမရှိပါ ခမည်းတော်မင်း။"
"ခမည်းတော်မင်းကြီး လင်ယောကျ်ားဒုက္ခ
ရောက်တဲ့အခါ ကိုယ့်အတွက် ချမ်းသာ
ကလေးကိုတွက်ပြီး လိုချင်တဲ့မိန်းမတွေရဲ့
နှလုံးသားဟာ ဘယ်လောက်ကြမ်းတမ်း
နေမလဲဆိုတာကျွန်မတွေးလို့မရဘူးခမည်း
တော်ကြီးအဲဒါကြောင့်ကျွန်မဟာ မောင်တော်
ဝေဿန္တရာနဲ့အတူ တောထဲ ကိုဘဲလိုက်ပါမယ်
အရှင်မင်းကြီး။"

ထိုအခါခမည်းတော် သိဝိစည်းမင်းကြီးက

"ဒါဆိုရင်လည်းသမီးမဒ္ဒီ သင်ပြောတာတွေလည်း ဟုတ်ပါတယ် သင်လိုက်လိုကလည်းလိုက်ပါတော့၊ ဒါပေမယ့် ဇာလီနဲ့ ဂဏှာကလေး နှစ်ယောက်ကိုတော့ထားရစ်ခဲ့ပါ။ သူတို့နှစ်ယောက်ကိုငါတို့ကျွေးမွေးထားပါ မယ်သမီးတော်" ဟုဆိုလေ၏။ ထိုအခါ မဒ္ဒီဒေဝီက- "ခမည်းတော်မင်းကြီး ဇာလီနဲ့ဂဏှာ သားသမီးနှစ်ယောက်ကို ကျွန်မသိပ်ချစ်ပါတယ်။ တောထဲရောက်တဲ့ အခါ သောကတွေနဲ့ပြည့်နေတဲ့ ကျွန်မတို့ရဲ့ နှလုံးသားကို သူတို့က

www.burmeseclassic.com



ပျော်မွေ့အောင်လုပ်ပေးမှာ ခမည်းတော်မင်းကြီး ” ဟုဆို၏။ ထိုအခါ သိဒ္ဓည်းမင်းကြီးကလည်း

“သမီးမဒ္ဒီ သလေးထမင်းစင်ကြယ်တဲ့သားပွဲမ်း ထမင်းကိုစားနေကြတဲ့ဒီကလေးနှစ်ယောက်ဟာတောထဲမှာ သစ်သီး ကြီးငယ် သစ်ဥသစ်ဖုကို ဘယ်လိုစားပြီးနေထိုင်ကြပါမလဲ”

“ဒီနန်းတော်မှာ အချိန်တစ်ရာရှိတဲ့ချိန်ခွက်၊ အနားရေပန်းအလျှံ တစ်ရာရှိတဲ့ ရွှေခွက်မှာထည့်စားနေကြတဲ့ ကလေးနှစ်ယောက်ဟာ တောထဲကသစ်ရွက်ထဲမှာထည့်ပြီး ဘယ်လို စားလို့ဖြစ်နိုင်ပါမလဲ. . . ”

“ခေါမတိုင်းဖြစ်၊ ကောဟုမ္ဗရာတိုင်းဖြစ် အဝတ်တွေကိုသာဝတ်နေရတဲ့ ဒီကလေးနှစ်ယောက်ဟာ တောထဲကသမန်းမြက်လျှော်တေအဝတ်ကို ဘယ်လိုဝတ်ပြီး နေထိုင်ပါ့မလဲ”

“လေမတိုက်တဲ့၊ လုံခြုံတဲ့၊ တံခါးရှိတဲ့ ပြဿဒ်မှာ အိပ်နေကြရတဲ့ ဒီကလေးနှစ်ယောက်ဟာ တောထဲကသစ်ပင်အောက်မှာ ဘယ်လိုအိပ်လိုရပါမလဲ”

“ကောဇောနက်ကြီးတွေ၊ ကော်ဇောပြောက်ကြီးတွေ ခင်းထားတဲ့ သလွန်ပေါ်၊ ပလ္လင်ပေါ်မှာအိပ်လာကြတဲ့ဒီကလေးနှစ်ယောက်ဟာ တောထဲက မြက်ခင်းပေါ်မှာ ဘယ်လိုအိပ်ရပါမလဲ”

“ဒီနန်းတော်မှာ နံ့သာရေအကျော်စန္ဒကူးလိမ်းကျံပြီးနေကြရတဲ့ ဒီကလေးနှစ်ယောက်ဟာ တောထဲမှာ ဖုန်အလိပ်လိပ်ကပ်ပြီးဘယ်လိုနေလို့ ဖြစ်ပါမလဲ”

www.burmeseclassic.com



"ဇာမဏီသားမြီးယပ်၊ ဒေါင်းမြီးစည်းယပ်တွေနဲ့ လေခပ် ပြီး ချမ်းချမ်းသာသာနေလာခဲ့တဲ့ ဒီကလေးနှစ်ယောက်ဟာ တောထဲမှာ မှတ်၊ ခြင်၊ ယင်တွေ ကိုက်ခဲပြီး ဘယ်လိုနေလို့ဖြစ် ပါ့မလဲ" ဟူ၍ဆိုပြန်၏။

ဤကဲ့သို့ ခမည်းတော်မင်းကြီးက - အကြောင်းပေါင်းများ စွာပြပြီး ကလေးနှစ်ယောက်ကို ထားရစ်ခဲ့ရန်ပြောသော်လည်း မိဖုရားမဒ္ဒီက တစ်ယောက်မှမထားရစ်ခဲ့ပဲ လင်တော်မောင်နဲ့ လင်အနားမှ ဖဝါးအကွာမခံပဲ ဟိမဝန္တာသို့ လိုက်ခဲ့လေ၏။

ဤသို့ပြောဆိုကြ၊ တားကြ၊ ဖြစ်ကြနဲ့ပင် မိုးစင်စင်လင်း တော့သည်။ နောက်တစ်နေ့တွင် ဝေဿန္တရာမင်းကြီးသည် ခုနှစ်ရာ၊ ခုနှစ်မျိုးသော အလှူကြီးကိုပေးလေ၏။ နောက်တစ်နေ့မိုးအလင်း တွင်အာဇာနည်မြင်းလေးကောင်တပ်ကာ တန်ဆာဆင်ယင်ထား သောရထားသည် နန်းတော်တံခါးဝသို့ ဆိုက်ရောက်လာတော့ သည်။ ထိုအခါ မဒ္ဒီမိဖုရားသည် ယောက္ခမယောကျ်ား၊ ယောက္ခမ မိန်းမ၊ ဘုရင်ကြီးနှင့် မိဖုရား တို့ကို ရှိခိုးဦးချလိုက်ပြီး "ငိုမနေပါနဲ့ ခမည်းတော်မင်းကြီး စိတ်မကောင်းလဲ မဖြစ်ပါနဲ့၊ ကျွန်မတို့ ဖြစ်သလို ကလေးနှစ်ယောက်လည်း ဖြစ်ရမှာပါ" ဟုပြောဆိုကာ သူ၏မောင်းမများကို နှုတ်ဆက်လိုက်သည်။ ပြီးလျှင် သမီးငယ် ဂဏှာဇိန်ကိုချီပိုးပြီး သားငယ်ဇာလီကိုလက်စွဲကာ လင်တော်မောင် ဝေဿန္တရာမင်းကြီးအလျှင် ရှေးဦးစွာ ရထားပေါ်သို့ တက်နေလေ၏။

www.burmeseclassic.com


## အခန်း(၇)

## မယားအလိမ္မာအမရာ

ကိုရီးယားမိတ်ဆွေများနှင့်မတွေ့ဖြစ်ခဲ့သည်မှာ အတော်ကြာပြီဖြစ် ပါ၏။ ကျွန်တော်ကတော်လေးဝ ဝင်အမျိုးသမီးလေးဦး အနက် စန္ဒကိန္နရီ၊ သမ္ဘူလနှင့် မဒ္ဒီဒေဝီတို့အကြောင်းကိုပြောပြီး ဖြစ်သော်လည်း၊ အမရာဒေဝီ အကြောင်းကိုကားမပြောရသေးဘဲရှိနေ၏။ ထိုအတောအတွင်း သူကမအား ကိုယ်ကမအားနှင့် ကိုယ်ကအားသော်လည်း မစ္စတာဘေးကသူ့ကိစ္စများနှင့် မအားမလပ်ဘဲရှိနေကြ၏။ ကျွန်တော်နှင့်ဘေးတို့အားသောအခါတွင် လည်း မစ္စတာပတ်နှင့်ဇနီးတို့က မိမိတို့လည်းပါဝင်လို၍၊ မိမိတို့ပါ အားသောနေ့ကို စောင့်ပါဦးဟုဆိုသည်။

www.burmeseclassic.com



တစ်နေ့တွင်တော့ ကျွန်တော်တို့သုံးဦးစလုံးအားလပ်၍ တစ်နေရာ တွင်ဆုံကာပြောပြရန် ကျန်ရှိနေသေးသောအမရာဒေဝီ အကြောင်း ပြောပြရန်ချိန်း ဆိုကြပါ၏။ မစ္စတာပတ်နှင့်ဘေးတို့က ညစာတာဝန်ယူကြမည်ဖြစ်ပါ၍ ကျွန်တော်ကမည်သည့်ဆိုင်တွင် စားသုံးမည်ဆိုတာကိုရွေးချယ်ပေးရမည်ဟု ဆိုပါသည်။ ကျွန်တော် ကချက်ချင်းပင် သိမ်ကြီးဈေးအပေါ်ထပ်မှ ဂဏန်းဦးတင်၏မိုးပျံ အဏ္ဏဝါစားသောက်ဆိုင်ကြီးတွင် စားသောက်ရန်ချိန်းလိုက်ပါ၏။

မိုးပျံအဏ္ဏဝါစားတော်ဆက်ကို ချိန်ဆိုခြင်း၌ ကျွန်တော် တွင် အကြောင်းပြချက်များရှိ၏။ ကျွန်တော်တို့တွေ့ဆုံကြသည့် အချိန်သည် မိုးအကုန်ဆောင်းအကူးဖြစ်သည်။ ရာသီဥတု ကြည်လင်ကောင်းမွန်သည်။ ရန်ကုန်မြို့ကြီးကိုကောင်းကင်ယံ မှကြည့်၍ စားသောက်ရသောအရသာက ထူးခြားသည်။ ကောင်းကင်လေကောင်းစွာရရှိ၍ ရန်ကုန်တစ်မြို့လုံးကို မိုးပျံ အဏ္ဏဝါစားသောက်ဆိုင်အပေါ်ထပ်မှ စီး၍မြင်နိုင်၏။ ထိုပြင်မိုးပျံ အဏ္ဏဝါ စားတော်ဆက်ပိုင်ရှင် ဂဏန်းမောင်တင် ခေါ် ဦးတင်သည် တကဲ့စားတော်ကဲ ကောင်းတစ်ဦးဖြစ်၏။ သူသည်စားသောက်ဆိုင် ပိုင်ရှင်ဖြစ်ရုံသာမက ဟင်းအမယ် အသစ်များကို ဖန်တီးနိုင်သူ ဖြစ်သည်။ အရသာရှိသောဟင်းများကို စီမံတတ်သူဖြစ်သည်။ သူနှင့်သူ့ဆိုင်မှ ဝန်ထမ်းများသည် ဆိုင်ပိုင်ရှင်နှင့်ဝန်ထမ်းများ မဟုတ်ကြဘဲ ဆရာနှင့်တပည့်များဖြစ်ကြသည်။ ထိုဆိုင်တွင် ထူးဆန်းထွေလာဟင်း အစုံရသည်။ ငါးရှဥ့်၊ ငါးလင်ပန်းချက်များ၊

www.burmeseclassic.com


အလွန်ကောင်းသည်၊ လိပ်သားရရှိ၍ တစ်ခါတစ်ရံ သားကောင်များ လတ်လတ်ဆတ်ဆတ်ရရှိ၏။

ဦးတင်သည်၊ ဟင်းချက်ရခြင်း၊ ဟင်းအမယ်သစ်တီထွင်ရခြင်း၊ အရသာရှိအောင်စီမံခြင်း၊ ဟင်းပွဲကိုမည်သို့လှပအောင်ပြင်ဆင်ရမည်ဟူသော အချက်များနှင့်ပတ်သက်၍ မိမိကိုယ်တိုင်စီမံသူ၊ မိမိကိုယ်တိုင် နိုင်ငံတကာသို့ လှည့်လည်၍လေ့လာခဲ့သူဖြစ်၏။

ဂဏန်းမောင်တင်ဟုဆိုသော်လည်း ဦးတင်သည် ဂဏန်းလိုဘေးတိုက်မသွားဖြောင့်ဖြောင့်မတ်မတ်သွားသူဖြစ်၏။ ဂဏန်းမောင်တင်ဟုဆိုသော်လည်း တွင်းထဲတွင်မနေ။ သိမ်ကြီးဈေးခေါင်မိုး ရန်ကုန်မြို့၏ ကောင်းကင်ယံတွင်နေသူဖြစ်၏ ပင်လယ်အစားအစာ၊ ဂဏန်း၊ ခရုစသည့် ဆန်းပြားသောဟင်းများကို ချက်ပြုတ်ရာတွင်၊ ရန်ကုန်မြို့တွင် လက်ဖျားခါရလောက်အောင် ကောင်းသဖြင့် ဂဏန်းမောင်တင်ဟူသောဘွဲ့ကို ရရှိထားခြင်းဖြစ်သည်။

ထို့ကြောင့်လည်းကျွန်တော်သည် စားသောက်ဆိုင်တစ်ခုခုကို ကျွန်တော်ရွေးချယ်ရမည်ဆိုပါက မကြခဏမိုးပျံအဏ္ဏဝါစားတော်ဆက်ကို ရွေးတတ်ပါ၏။

ကျွန်တော်တို့တွေ့ဆုံကြသောနေ့က ကျွန်တော်တို့ဝိုင်းကခေါင်းမိုးအပေါ်ဆုံးဟင်းလင်းပြင်တွင် နေရာယူကြသည်။ စားစရာများကို မှာယူပြီး ရန်ကုန်မြို့၏ညခင်းကို ကြယ်စုံသောညတွင် တဝကြီးကြည့်ကြ၏။ ကျွန်တော်သည်ကိုရီးယားမိတ်ဆွေများအား

www.burmeseclassic.com



ဦးတင်နှင့်လည်းမိတ်ဆက်ပေးသည်။ ဟင်းလျာများကိုမှာရင်း ကျွန်တော်က အမရာဒေဝီအကြောင်းကို ပြောပြပါ၏။

× × ×

တော်လေးဝဝင်အမရာဒေဝီသည် ဉာဏ်ပညာ သတ္တိ၊ လုံ့လ၊ ဝီရိယ တို့တွင် အလွန်တော်သလို လင်သားပေါ် ကြီးမား သောသစ္စာရှိ၍ အချက်အပြုတ် အစီအမံကျွမ်းကျင်သောမိန်းမ၊ သည်းခံမှုတွင်စံပြထိုက်သော မိန်းမအမရာသတို့ သမီးသည် ထမင်းတစ်အိုးထဲဖြင့် တစ်ခြမ်းကမာ တစ်ခြမ်းကပျော့အောင် ချက် တတ်သည်ဟုဆိုတော့ ကိုရီးယားမိတ်ဆွေများကအံ့သြ ကြပါ၏။

ဟိုးအရင်ကမိတ္တိလာဆိုသော တိုင်းပြည်ရှိသည်၊ မိတ္တီလာ ပြည်တွင် ဝိဒေဟရာဇ်မင်းကြီးစိုးစံတော်မူ၏။ ဝိဒေဟရာဇ်မင်းကြီး တွင် သေနကပုက္ကုသ၊ ကာမိန္ဒိနှင့် ဒေဝိန္ဒ မည်သောအကြံပေး အမတ်ကြီးလေးပါး ရှိပါသည်။ ထို့အပြင် ဝိဒေဟရာဇ်မင်းကြီး၌ မဟောသဓါဟုဆိုသော လူငယ်ပညာရှိအမတ်တစ်ဦး လည်းရှိ၏။ ထိုမဟောသဓါသတို့သားသည် မွေးဖွားစဉ်ကပင် ဘုန်းတန်ခိုး ကြီးမား၍ ဉာဏ်ပညာနှင့်ပြည့်စုံသည် ငယ်စဉ်ကပင် မိမိနေသော ရွာအနီးအပါး၌ အမှုအခင်းဖြစ်လျှင် တော်တည့်မှန်ကန်စွာ တရားစီရင်မှုပြုသည်။ အများပြည်သူက ခန့်အပ်သောပြည်သူ့ တရားသူကြီး တစ်ဦးအလိုလိုဖြစ်၍လာ၏။ မဟောသဓါ သတို့သား ၏တရားစီရင်မှုများသည် အလွန်မှတရားဖြောင့်မှန်၍ အမှန်တရား ကိုဖော်ထုတ်ရာတွင်လည်း ပညာကြီးသောကြောင့် အရပ်ရှစ်

www.burmeseclassic.com


မျက်နှာတို့တွင် ကျော်ဇောသူဖြစ်၏။

မဟောသဓါသတို့သား၏ တရားစီရင်မှုသည် အလွန်မှ တရား၊ အလွန်မှပညာရှိသောသတင်းကို ဝိဒေဟရာဇ်မင်းကြီး ကြားသိရလျှင် မဟောသဓါသတို့သားအားမိမိနန်းတော်သို့ ခေါ်ယူ၍ ပညာရှိအမတ်အဖြစ်သာမက မွေးစားသားအဖြစ် ချီးမြှောက်တော်မူ၏။

မဟောသဓါသတို့သားသည် ပညာဉာဏ်အရာတွင် အလွန်ထူးချွန်၍ မိမိထက်အသက်အရွယ်ကြီးမား၍ နန်းတော် ထဲတွင် နှစ်ရှည်ကြာမြင့်စွာ ပညာရှိပုရောဟိတ်ကြီးများဟု အများသိထားသောအမတ်ကြီးလေးဦးထက် ပညာအရာတွင်ပို၍ အစွမ်းထက်၏။ အမတ်ကြီးများထက် ပညာပို၍ရှိ၏။ မဟောသဓါ သတို့သား နန်းတော်သို့ရောက်လာသည့်နေ့မှစ၍ ယခင် ပုရောဟိတ်အမည်ခံအမတ်ကြီးလေးဦးမှာ ပညာအရာတွင် မဟောသဓါနှင့်ယှဉ်လိုက်တိုင်း အရှုံးကြီးများနှင့်သာ ရင်ဆိုင် နေရ၏။

ထိုသို့ရှိနေချိန်တွင် မဟောသဓါသတို့သားသည် မိမိဘဝ ဖော်ပြုရန် ဇနီးမယားကို မိမိစိတ်ကြိုက် လိုက်လံရှာဖွေရာ၊ အမရ ဆိုသောအမျိုးသမီးကို တွေ့ရှိခဲ့၏။ အမရာဒေဝီသည်လည်း ပညာရှိ အမျိုးသမီးပင်ဖြစ်၏။ လိမ္မာရေး ခြားရှိ၍ ဉာဏ်ပညာဗဟုတုတ နှင့် ပြည့်စုံသူဖြစ်၍ မဟောသဓါသည် အမရာသတို့သမီးအား မိမိ၏ဇနီးလောင်းအဖြစ်ရွေးချယ်ကာ လက်ထပ်ထိမ်းမြား၍

www.burmeseclassic.com



မိတ္တီလာပြည်ကြီးတွင် ပျော်ရွှင်စွာနေ၏။

မဟောသဓါသတို့သားလောင်းကလည်း ပညာရှိဖြစ်၏။ ထို့အတူ အမရာသတို့သမီးကလည်း ပညာထက် ဉာဏ်အမြော်အမြင်ရှိသူဖြစ်ပေရာ၊ တစ်နေ့တွင် သေနကပညာရှိသုခမိန်အမတ်ကြီးထံသို့ အခြားပညာရှိသုခမိန် သုံးဦးရောက်ရှိလာကြပြီး လေးဦးသည် ပြောဆိုတိုင်ပင်ကြ၏။

"ငါတို့သည် မိတ္တီလာပြည်ကြီး၌ မီးတောက်မီးလျှံများပမာ ကျော်ကြားကုန်သော ပညာရှိများဖြစ်ကြ၏။ မဟောသဓါသတို့သား နန်းတွင်းသို့ ရောက်သောအခါတွင်ကား ငါတို့သည် မဟောသဓါသတို့သားအား မနိုင်နိုင် လောက်အောင်ပင်ရှိ၏။ ယခုငါတို့ပညာရှိ လေးယောက်သည် မဟောသဓါတစ် ယောက်တည်းကိုပင် ပြိုင်၍ မနိုင်၊ နှိမ်လို့မရသည့်အထဲ၌ ယခုတော့ မဟောသဓါသည် အသိအလိမ္မာရှိသူ မယားတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီ၊ ထို့ကြောင့် မဟောသဓါတစ်ယောက်ကိုတောင်မနိုင်ရသည့်အထဲ ယခုတော့ မိတ္တီလာပြည်၌ မဟောသဓါနှစ်ယောက်ကဲ့သို့ ဖြစ်လာ၏။ သို့ဖြစ်လျှင် မဟောသဓါကို အဘယ်မှလျှင် ယှဉ်အံ့တုနိုင်တော့ မည်နည်း၊ ထို့ကြောင့် မဟောသဓါသတို့သားကို ဘုရင်ကြီးနှင့် ကုန်း တိုက်ပြီး ဆွဲဆောင်လုပ်မှသာ သင့်တော်မည်။ မည်သို့လုပ်ဆောင်ရ မည်ကို စဉ်းစားကြပါဆရာတို့ ဟုဆိုလေ၏။ ထိုအခါ သုံးယောက်သောပညာရှိအမတ်တို့က သေနကအမတ်ကြီးအား "ဆရာ ဒီကိစ္စကျွန်ုပ်တို့ ဘယ်လိုလုပ်ကြံတတ်ပါမလဲ၊ ဆရာပဲအကြံထုတ်ပါတော့"

www.burmeseclassic.com



ဟုဆိုလေ၏။

ထိုအခါ သေနက အမတ်သည် အလေးအနက်စဉ်းစား၍ ဤသို့ဆို၏။

"ရှိစေတော့ဆရာတို့ မစိုးရိမ်ကြပါနှင့် အကြံတစ်ခုတော့ ရှိပါတယ် ဘာလဲဆိုတော့ ငါကဘုရင်ကြီးရဲ့ ပတ္တမြားဥသျှောင်ကို ခိုးယူမယ်၊ ပုက္ကုသက ဘုရင်ကြီးရဲ့ရွှေပန်းခိုင်ကိုခိုးယူပါ။ ကာမိန္ဒက ဘုရင်ကြီးရဲ့ ကမ္ဗလာခြုံထည်ကြီး ကိုခိုးယူပါ။ ဒေဝိန္ဒက ဘုရင်ကြီးရဲ့ ရွှေခြေနင်းကို ခိုးယူပါ။ အဲဒီလေးခု ကို ငါတို့လေးယာက်သာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခိုးယူပါ၊ အဲဒီလိုခိုးယူပြီး ပစ္စည်း တွေကို ကိုယ့်အိမ်မှာ အချိန်ဆိုင်းမထားကြနဲ့ မဟောသဓါရဲ့ အိမ်ကို ကိုယ့်နည်း ကိုယ်ဟန်နဲ့ပဲ ရောက်အောင်ပို့ကြပါ။"

ဤသို့ သုခမိန်လေးယောက်တို့သည် အထက်ပါ ပစ္စည်းတို့ကို ခိုးယူ ကြပြီးနောက် သေနကသုခမိန်သည် ပတ္တမြားဥသျှောင်ကို ပုန်းရည်အိုးထဲတွင် ထည့်ပြီး၊ ကျွန်မ၏လက်ထဲတွင် အသေအချာ အပ်ကာ -

" ဒီပုန်းရည်အိုးကိုတခြားအိမ်ရှေ့မှာ မရောင်းနဲ့ မဟောသဓါအိမ် က ဝယ်ရင်အိုးပါပေးလိုက်" ဟု မှာကြားကာ ကျွန်မကို စေလေ၏။ ကျွန်မသည် ပုန်းရည်အိုးကို ရွက်ကာ မဟောသဓါ၏ အိမ်နားတွင်ပင် ပုန်းရည်ဝယ်ကြပါ။ ပုန်းရည်ဝယ်ကြပါ။ ပုန်းရည် ယူကြဦးမလားဟု လှည့်ပတ်ကာအော်သည်။

www.burmeseclassic.com


အမရာဒေဝီသည်လည်း သူ့အိမ်တံခါးမှာ ရပ်ပြီး ထိုကျွန်မ ပုန်းရည်သည်၏ ထူးခြားချက်ကို ရပ်ကြည့်နေ၏။ "ဒီပုန်းရည်သည် ဟာတခြားမသွားဘဲ ဒီနားမှာပဲလှည့်အော်နေတယ်၊ အကြောင်းထူး တစ်ခုခုတော့ရှိနိုင်မည်" ဟု တွေးမိသည့်အတွက် မိမိ၏ ကျွန်မ တို့ကို မျက်ရိပ်ပြကာ ရှောင်နေခိုင်း၏။

ထို့နောက် သူကိုယ်တိုင် ပုန်းရည်သည် လာပါဦးဟု ခေါ်သည်၊ ပုန်းရည်သည်ရောက်လာပြီး ပုန်းရည်အိုးကို ခေါင်းပေါ် မှချပြီးလျှင် သူ့ကျွန်မတို့ကို ဟန်ဆောင်ခေါ်သည်၊ သူ့ကျွန်မတို့ ကလည်း အမရာအမှတ်အသားလုပ် ထားသည့်အတိုင်း မလာကြ။ သူကျွန်မတွေ မလာကြသည့်အခါ အမရာက "ကဲပါညီမရယ် ညည်းပဲငါ့ကျွန်မတွေ သွားခေါ်ပေးစမ်းပါ" ဟူ၍ ပြော၏။ ပုန်းရည်သည်ကျွန်မထွက်သွားသည့်အခါ အမရာသတို့သမီးသည် ပုန်းရည်အိုးတွင်းသို့ လက်နှိုက်ကြည့်လိုက်သည်။ ထိုအခါ ဘုရင်ကြီး ၏ ပတ္တမြားဦးသျှောင်ကိုတွေ့ရ၏။ ထို့နောက်ဟန်မပျက် ပြန်ဖုံး ထားလိုက်သည်။ ကျွန်မပုန်းရည်သည် ပြန်ရောက်လာသည့်အခါ "ညီမကဘယ်ကလဲ ဘယ်သူ့ကျွန်မလဲ" ဟုမေးလေ၏။

" အရှင်မ ကျွန်တော်မျိုးမသည် သေနကသုခမိန်ရဲ့ ကျွန်မပါ "

" ညည်းနာမည်က ဘယ်သူလဲ "

" ကျွန်မနာမည်ဘယ်သူပါ "

" ညီမ အမေရဲ့နာမည်က ဘယ်သူလဲ "

www.burmeseclassic.com



" ကျွန်မအမေရဲ့နာမည်က ဘယ်သူပါ "

" ညီမ ဒီပုန်းရည်တစ်အိုးလုံး တန်ဖိုးဘယ်လောက်လဲ "

" အရှင်မ အရှင်မတို့ယူမယ်ဆိုရင် တန်ဖိုးမလိုပါဘူး အိုးလိုက်ပဲ ယူထားလိုက်ပါ "

" ဒါဖြင့် ကောင်းပါပြီ၊ သွားတော့ "

ထိုနောက်အမရာဒေဝီသည် အထက်ပါအဖြစ်အပျက်ကို သေချာစွာ မှတ်တမ်းတင်ထားလိုက်သည်။ မည်သည့်လ၊ မည့်သည့် ရက်၊ မည့်သည့်အချိန်တွင် သေနကအမတ်ကြီးသည် ကျွန်မ မည်သူ၏သမီး၊ ကျွန်မမည်သူကို ဘုရင်မင်းကြီး၏ပတ္တမြား ဥသျှောင်ကို ပုန်းရည်အိုးတွင်ထည့်၍ ပို့စေလိုက်သည်။ ဤသို့ စာရေးသားပြီး ရေးသားချက်ကို သေချာစွာသိမ်းထား၏။

ထို့နောက် ပုက္ကုသအမတ်သည်လည်း ရွှေပန်းခိုင်ကို မြတ်လေးပန်းကြုတ်ဖြင့် ထည့်သွင်းကာမြတ်လေးပန်းတို့ဖြင့် ဖုံးလွှမ်းပြီး အထက်ပါသေန ကဆရာ၏ နည်းအတိုင်းမဟောသဓါ ၏ အိမ်သို့ရောက်အောင်ပို့စေလိုက်သည်။ ကာမိန္ဒအမတ်သည် လည်း ကမ္ဗလာခြုံထည်ကို ဟင်းရွက်တောင်းဖြင့်ထည့်ကာ ဟင်းရွက်တို့ဖြင့် ဖုံးလွှမ်းပြီး အထက်ပါအတိုင်းပို့စေလိုက်သည်။ ဒေဝိန္ဒအမတ်သည်လည်း ရွှေခြေနင်းကို မုယောစပါးတွဲဖြင့် ပူးချည်ကာ အထက်ပါအတိုင်း ပို့စေလိုက်သည်။

အမရာဒေဝီသည်လည်း ရောက်လာသမျှသောပစ္စည်းများ ကို နေ့စွဲ၊ ရက်စွဲ၊ အချိန်များ၊ ပို့သူ၏အမည်နာမများ စေခိုင်းသူ၏

www.burmeseclassic.com


အမည်များကို စနစ်တကျရေး မှတ်ပြီး ပို့သည့်ပစ္စည်းများနှင့်အတူ သိမ်းထားလိုက်သည်။ မဟောသဓါကိုလည်း ထိုအကြောင်းများကို အသိပေးပြောကြားထား လိုက်သည်။

ပညာရှိအမတ်ကြီးလေးယောက်တို့သည်လည်း ဘုရင်ကြီး ရှေ့မှောက်သို့ အခစားဝင်ရောက်ကြပြီးလျှင် သေနကအမတ်ကြီး က

" အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ပတ္တမြားဥသျှောင် ကိုပန်ဆင်တာ မတွေ့ရပါလားဘုရား" လျှောက်ထား၏။

"အေးဟုတ်တယ်၊ သွားယူကြစမ်း ပန်မယ်၊" ဟုဆိုကာ ဘုရင်ကြီးက စေခိုင်းလေ၏။

မင်းချင်းယောက်ျားအခစားတို့သည် ပတ္တမြားဥသျှောင်ကို သွား၍ယူကြသော်လည်း ပတ္တမြားဥသျှောင်ကို ထားသည့်နေရာ တွင် မတွေ့ကြရဖြစ်၏။ ပတ္တမြားဥသျှောင်သာမက ကျန်သော ရွှေပန်းခိုင်၊ ကမ္ဗလာ ခြုံစောင်၊ ရွှေခြေနင်း တို့သည်လည်း ထားသည့်နေရာတွင်မရှိကြ။ မင်းချင်းတို့သည် ထိုအကြောင်းကို ဘုရင်ကြီးအားလျှောက်ထားလိုက်ကြ၏။ ထိုအခါသေနကအမတ် ကြီးတို့က. . .

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့တန်ဆာပစ္စည်းများ သည် မဟောသဓါအိမ်တွင် ရှိနေပါသည်။ မဟောသဓါသည် ထိုပစ္စည်းများကို သူ့ပစ္စည်းများပမာမှတ်ထင်၍ သူကိုယ်တိုင် သုံးစွဲနေပါ၏။ အရှင်မင်းကြီးသူ‌ဌေးသားမဟောသဓါသည်ဘုရင်

www.burmeseclassic.com



ဖြစ်လိုစိတ်ပင်ပေါက်နေပါ၏။ မဟောသဓါသည် အရှင်မင်းကြီး ရန်သူသာလျှင်ဖြစ်ပါ၏အရှင်မင်းကြီး” ဟု လျှောက်ထားကြ၏။

ဤသို့အမတ်ကြီးလေးယောက်တို့က မဟောသဓါကို ဘုရင်ကြီး အထင်လွဲအောင် ကုန်းတိုက်ဖျက်ဆီးသည့်စကားကို အနားတွင်ခစားနေကြသော မဟောသဓါ၏အကျိုးစီးပွားကို လိုလားကြသောသူတို့ကြား၏။ ထိုအခါ မဟောသဓါ၏လူများသည် အလျင်အမြန်သွားကာ အဟောသဓါအားပြောကြားသည်။

မဟောသဓါသည် ထိုသူများ၏စကားကိုကြားရသည့်အခါ အကျိုးအကြောင်းကိုယ်တိုင်သိရအောင် ဘုရင်ကြီးအား အခစား ဝင်ရောက်၏။ သို့သော် ဘုရင်ကြီးသည် ကုန်းတိုက်စကားကို ကြားထားရသည့်အတွက် ဒေါသအမျက်ထွက်ကာ မဟောသဓါ အားအတွေ့ခံ၍ ဘယ်ဖြစ်မလဲ ဘာလုပ်လိမ့်မလဲဆိုတာ ဘယ်သူ သိနိုင်မလဲ၊ ဟုယူဆကာမဟောသဓါအား တွေ့ခွင့်မပေးပဲနေ၏။ မဟောသဓါသည်ဘုရင်ကြီးဒေါသထွက်နေမှန်းသိရ၍ မိမိအိမ် သို့ပင်ပြန်သည်။ ဘုရင်ကြီးသည်လည်းကုန်းတိုက်သမျှစကား တို့ကိုယုံကာ မဟောသဓါကိုအဖမ်း ခိုင်းလိုက်၏။ ထိုအကြောင်းကို မဟောသဓါ၏လူများကလည်း အလျင်အမြန်ပင် သတင်းပို့ လိုက်ကြ၏။ မဟောသဓါသည်သူ့လူများ၏သတင်းစကားကို ကြားရသည့်အခါ ရှောင်နေမှကောင်းမယ်ဟု စဉ်းစားကာ အမရာဒေဝီကို အမှတ် အသားအတွင်းစကားများကိုပြောကြားပြီး မထင်မရှားသောပုံစံမျိုးဖြင့် မြို့မှထွက် သည်မြို့မှထွက်ပြီး

www.burmeseclassic.com



တောင်ဘက်နိဂုံးရွာကြီးသို့ သွားရောက်ကာအိုထိန်းဆရာ ကြီးထံတွင် အိုးလုပ်နေ၏။ တစ်မြို့လုံးတွင် "မဟောသဓါ သုခမိန် ပြေးပြီဟူသောသတင်းမှာ တစ်ပြိုင်နက်ထဲပျံ့နှံ့သွားတော့သည်။

သေနကအမတ်ကြီးဦးဆောင်သည့်ပညာရှိကြီး လေး ယောက်တို့သည်လည်း ထိုသတင်းကိုကြားကြသည့်အခါ "ဘာမှ စိတ်မပျက်ကြနဲ့၊ ငါတို့ကတော့ပညာရှိမဟုတ်ကြဘူးတဲ့လား" ဟု အချင်းချင်းပြောကြပြီး ကိုယ့်အကြံနှင့်ကိုယ် တစ်ယောက်ကို တစ်ယောက်အသိမပေးဘဲ အမရာဒေဝီအား လက်ဆောင်များ ပို့ကြသည်။ ကြိတ်၍ ခြေပုန်းခုတ်ကြသည်၊ ပညာရှိသူတစ်ယောက် သည် ပညာမဲ့သူကို တွေးကြောက်စရာမလို ပညာမဲ့သူ၏အရည် အချင်းသည် ပညာရှိသူကိုမည်သည့်အခါမှ မလွှမ်းမိုးနိုင်သည် ကိုသိထားသော အမရာဒေဝီသည် ပညာရှိအမတ်ကြီး လေးယောက်တို့ပို့လိုက်သည့် လက်ဆောင် ပစ္စည်းများကို ရဲရဲ တင်းတင်းပင်လက်ခံသည်။ ပြီးလျှင်တစ်ယောက်နှင့် တစ်ယောက် အချိန်ခွာ၍ ချိန်းဆိုသည်။ ပြီးလျှင်တွင်းကြီးတစ်ခုကိုတူးခိုင်းသည်၊ တွင်းတူးပြီးလျှင် ထိုတွင်းတွင်မစင်များနှင့် ရေများအပြည့်ထည့်၍ တွင်းပေါ်တွင် ကားခလုတ်တပ်ဆင်ထားသည့် ပျဉ်ပြားတို့ဖြင့် ပိတ်ထားသည်။ ထိုပျဉ်ပြားပေါ်ကမှ ဖျာကြမ်းကိုဖုံးထား၏။

သေနကအမတ်ကြီးသည်လည်း ချိန်းသောအချိန်သို့ ရောက်သည့်အခါ ရေမိုးချိုး၍ ဖွယ်ဖွယ်ရာရာ ညနေစာ စားသောက်ပြီးနောက် မိမိကိုယ်ကိုဝတ်စားဆင်မြန်းပြီး

www.burmeseclassic.com



မဟောသခါအိမ်သို့လာသည်။ သေနကအမတ်ကြီးသည် အိမ်တံခါးဝရောက်သည့်အခါ မိမိရောက်ကြောင်းအသိပေးသည်။ ထိုအခါအမရာ ဒေဝီကလည်း ကြွပါဆရာဟုဆိုကာခရီးဦးကြို ပြုသည်။ သေနကအမတ်ကြီး သည် အမရာဒေဝီအနားသို့လာ၍ ရပ်နေသည်၊ ထိုအခါအမရာဒေဝီက " ဆရာ ခုချိန်မှာကျွန်မဟာ ဆရာအလိုကို လိုက်လျောရမှာဖြစ်ပါတယ်။ ဒါပေမယ့် ရေမချိုးဘဲ မသင့်တော်ပါဘူး" ဟုပြောသည်။ ထိုအခါ သေနကအမတ်ကြီး လည်း "ကောင်းပြီလေ ချိုးတာပေါ့" ဟုပြောသည်၊ ထို့နောက် အမရာဒေဝီသည် အပြင်ထွက်သွားကာ၊ ရေပြည့်အိုးတစ်လုံး ကိုယူပြီး၊ ရေလောင်းပေးမည့်သဘောဖြင့် "ဆရာလာပါ၊ ဒီပျဉ်ချပ်ပေါ်ကိုတက်ပါ" ဆို၏။ သေနကအမတ်ကြီး ခလုတ် တပ်ဆင်ထားသောပျဉ်ချပ်ပေါ်သို့ရောက်သည့်အခါ အမရာဒေဝီ သည်အိမ်ထဲသို့ဝင်၍ ပျဉ်ချပ်အစွန်းကိုနင်းသည်။ ထိုအခါ မျှော်လင့်မထားသောသေနကအမတ်ကြီးသည် ချေးတွင်းထဲသို့ ကျကာ ပျောက်ကွယ်သွားတော့သည်။

ထိုသို့သေနကအမတ်ကြီးမစင်တွင်းထဲ၌ရောက်ကာ အလှောင်ခံထား ရပြီးနောက် ပုက္ကုသအမတ်ကြီးသည်လည်း ရေမိုးချိုး၊ စားသောက်ဝတ်ဆင်ပြီးလျှင် အမရာဆီသို့လာသည် ဖြစ်ပုံ ပျက်ပုံ ကျပုံများသည်ကား သေနကအမတ်ကြီးနည်း အတိုင်းပင်ဖြစ်သည်။ ပုက္ကုသအမတ်ကြီးတွင်းထဲသို့ကျရောက် သည့်အခါပထမရောက်နှင့်နေသော သိန်းအမတ်က "ဒါဘယ်သူ

www.burmeseclassic.com



လည်းမေးသည်။ ပုက္ကုသအမတ်က “ ငါပုက္ကုက သင်ကောဘယ်သူလဲ” မေးသည်၊ ပုက္ကုအမတ်က ပြန်မေးသည့်အခါ သိန်းအမတ်ကြီးကလည်း၊ “ငါသေနက”ဟု အချင်းချင်းပြောကြကာ ဒီအတိုင်းနေနေကြရသည်။ ကျန်တဲ့ဒေဝိန္ဒနှင့် ကာမိန္ဒ နှစ်ယောက်တို့သည်လည်း သူ့အချိန်နှင့်သူ တွင်းထဲသို့ရောက်လာကြသည်။ သူတို့လေးယောက်တို့သည် တွင်းထဲတွင်တစ်ညလုံးနေရသည်။

မိုးလင်းသည့်အခါ အမရာဒေဝီသည် အမတ်ကြီးလေးယောက်တို့ကိုတွင်းထဲမှထုတ်၍ ခေါင်းတုံးရိတ်စေသည်။ ထိုအချိန်တွင် ဆန်များကိုရေစိမ်ပြီး ထောင်းခိုင်းသည်။ ပြီးလျှင်ဆန်မှုန့်များကို ယာဂုပျစ်ပျစ်ကျိုကာ အအေးခံ ထားသည်။ ယာဂုကော်များအေးသည့်အခါ ခေါင်းတုံးထားသောအမတ်ကြီးလေးယောက်တို့ကို တစ်ကိုယ်လုံးခြေဆုံးခေါင်းဆုံးလိမ်းကျံခိုင်းသည်။ အမရာဒေဝီသည် သူတို့အိမ်သို့ မဟောသဓါလူပျိုလှည့်လာတုန်းက သူ့အားအချစ်စမ်း သည့်နည်းအတိုင်းလုပ်လေသလားမသိ။ ထိုကဲ့သို့တစ်နေရာမှာ တစ်ချိန်က တစ်ယောက်ယောက်ကိုအခုလိုပင်လုပ်ခဲ့လေသည့်အတွက် သူ့ကိုသူ့ချစ်သူ မဟောသဓါကဆန်ပြုတ်၊ မုန်နဲ့ထမင်းတို့ကို ရောဖျော်ကာ ခေါင်းမှလောင်းချကာအချစ်စမ်းသလိုစမ်းခြင်းများလားမသိ၊ ယခုလည်းသူလုပ်ပြန်ချေပြီ၊ အမတ်ကြီးလေးယောက်တို့ကို ခေါင်းတုံးရိတ်ကာ ကော်များနှင့်လိမ်းကျံခိုင်းနေသည်။ သူ၏လင်ယောကျ်ားမင်းပြစ်မင်းဒါဏ်မှလွတ်မြောက်ရေးအတွက် သူ၏လင်ယောကျ်ားအားဒုက္ခပေးသူ

www.burmeseclassic.com


များကို ဤသို့ပြုလုပ်ခြင်းကို အပြစ်ဟုပြောရန် မဖြစ်နိုင်ချေ။

ယခုကော်ပျစ်များသုတ်လိမ်းပြီးနောက် လဲမှိုများကို ယူကာ တစ်ကိုယ်လုံးခြေဆုံးခေါင်းဆုံးကွက်လပ်မရှိကပ်ခိုင်း လေသည်။ ကော်များခြောက်၍ လဲမှိုများခိုင်မြဲသည့်အခါ ပညာရှိအမတ်ကြီးများအဖြစ်မှ လူဖျုကြီးများ အဖြစ် ရောက်လာ၏။ ထိုလေးယောက်တို့ကို ဖျာများဖြင့်လိပ်ပတ်ကာသူ့လူများကို ရွတ်ခိုင်းသည်။ ပြီးမှထိုသူတို့ပို့ထားသော ဘုရင့်ပစ္စည်းရတနာ လေးမျိုးတို့ကိုယူစေကာ နန်းတော်သို့ဝင်သည်။ သူခိုးကို သူခိုးဖြစ်ကြောင်း၊ မိမိခင်ပွန်း၌ အပြစ်မရှိကြောင်းသက်သေ ပြရန်မှာမိမိတာဝန်ဖြစ်သည်။

မဟောသဓါသည် ဇနီးမယား အရတော်ပေ၏။ အမရာ သည် လင်ယောက်ျားအတွက် လုပ်ရဲကိုင်ရဲရှိပေ၏။ ထို့ကြောင့် လည်း တော်လေးဝဝင်ကာ ထင်ရှားခြင်းဖြစ်၏။

အကယ်၍သာမဟောသဓါသည် အစ်မတော်မိဖုရား ဥဒုမ္ဗရ ဒေဝီတို့ပေးစားမည့် ဇနီးမယားကိုသာလက်ခံယူလိုက်ပါက ဤကိစ္စများတွင် အမရာကဲ့သို့ယခုလိုအကြံဉာဏ်ထုတ်ကာ ရဲရဲတင်းတင်းလုပ်ဝံ့မည် မဟုတ်ဤကိစ္စ မျိုးဖြစ်လာပါက အများ ဆုံး အစွမ်းကုန်ကြိုးစားခြင်းအဖြစ် အစ်မတော်မိဖုရားကိုသာ ငိုပြ၍ပူဆာနေမည်ထင်၏။

ယခုအမရာကား တော်သောမယား၊ သစ္စာရှိသောမယား တစ်ယောက်ပီပီ မိမိဉာဏ်ပညာကိုမိမိအားကိုးကာ လင်တော်

www.burmeseclassic.com



မောင်အတွက် မကြောက်မရွံ့နန်းတော်သို့ဝင်၏။ ဘုရင်ကြီးရှေ့တော်မှောက်ရောက်သည့်အခါ အမတ်ကြီးလေးယောက်ကိုလိပ်ထားသော ဖျာလိပ်ကြီးလေးခုကို ဘုရင်ကြီး ခြေတော်ရင်းတွင် ချခိုင်းလိုက်ပြီး မိမိကသင့်တော်ရာတစ်နေရာက ထိုင်ကာ ဘုရင်အားရှိခိုးဦးချပြီး ဤသို့လျှောက်ထားလိုက်၏။ "အရှင်မင်းကြီး၊ မျောက်ဖြူကြီးလေးကောင်ကို ကြီးကျယ်တဲ့လက်ဆောင်အဖြစ် ဆက်သပါတယ်၊ လက်ခံတော်မူပါဟုလျှောက်သည်။"

ထိုအခါဘုရင်မင်းကြီးသည် ထိုဖျာလိပ်ကြီးလေးလိပ်ကို အဖွင့်ခိုင်းလိုက်သည်။ ဖျာလိပ်အတွင်းမှပေါ်လာကြသော အမတ်ကြီးလေးယောက်တို့ကားတကယ်ပင် မျောက်ဖြူကြီးလေးကောင်အတိုင်း ပေါ်ထွက်လာသည်၊ အနီးတွင်အခစားနေကြသော ပရိသတ်ကြီးက " အော်ငါတို့ရှေ့က မမြင်ဘူးခဲ့ကြရအခုမှမြင်ဘူးကြသည်။ အံ့သြဖွယ်ရှိပါပေစွ၊ နည်းတဲ့မျောက်ဖြူကြီးတွေ မဟုတ်ပါကလား" ဟုပြောကြကာ အကြီးအကျယ်ရယ်မောကြသည်။ အမတ်ကြီး လေးယောက်တို့သည်လည်း ရှက်စရာကောင်းလိုက်ကြသည်ဖြစ်ခြင်း။ မျက်နှာပင် မဖော်ဝံ့အောင်ရှိကြရသည်။ သို့သော်အမတ်ကြီးလေးယောက်၏ မျက်နှာကမပေါ်ပါ မျက်လုံးပိုင်းတွင်းလက်လေးသစ်မျှသာ လဲမွှီများမကပ်သည့် နေရာဟူ၍ကျန်တော့သည်။ တစ်မျက်နှာလုံး၊ တစ်ကိုယ်လုံးမွှီတုံးကြီးများဖြစ်နေသည်။

www.burmeseclassic.com


ထို့နောက်ရယ်သံများတိုးကာ တဖြည်းဖြည်းရပ်စဲသွားသောအခါတွင်မှ အမရာကဆက်၍ မိမိလင်တော်မောင်မဟောသဓါ၌ အပြစ်မရှိကြောင်း များကိုဆက်၍ လျှောက်ကြားသည်။ "အရှင်မင်းကြီးမဟောသဓါဟာ သူခိုးမဟုတ်ပါ။ အဲဒီလေးယောက်သာသူခိုးတွေ ဖြစ်ပါတယ်။ သေနကအမတ်ကြီးကပတ္တမြားဥသျှောင်သူခိုးပါ၊ ပုက္ကုသဟာ ရွှေပန်းခိုင်သူခိုးပါ၊ ကာမိန္ဒဟာ ကမ္ဗလာသူခိုးပါ၊ ဒေဝိန္ဒဟာ ရွှေခြေနင်းသူခိုးပါ မည်သည့်လ၊ မည်သည့်ရက်မှာ ကျွန်မမည်သူတို့ရဲ့သမီး ကျွန်မ မည်သူတို့ကိုဒီရတနာတွေပို့ခိုင်းလိုက်ပါတယ်။ ဒီမှတ်တမ်းစာရင်းကိုကြည့်ပါ။ အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ဒီပစ္စည်းတွေရော လက်ခံယူပါ။ ဒီသူခိုးတွေကိုရောလက်ခံယူပါ အရှင်မင်းကြီး။

အမရာသည် ဘုရင်ကြီးကိုလည်း အပြစ်မဆိုပါ ကြားစကားကုန်းတိုက်စကားတွေကို ယုံပြီးငါ့ယောက်ျားကိုအဖမ်းခိုင်းတယ်ဆိုပြီး၊ ဘုရင်ကြီးကိုလည်းစိတ်မဆိုးပါ။ ဖခင်ကြီးလိုပင်အရှင်သခင်လိုပင် သဘောထားသည်။ မေတ္တာမပျက်ဘုရင်ကြီး သည်မဟောသဓါကို သိရိဝလုနသူဌေးကြီးထံမှ သားအဖြစ် မွေးစားမည်ဟုလက်ခံထားသူဖြစ်သည်။ မဟောသဓါသည် မင်းကြီး၏မွေးစားသားဖြစ်သည်၊ "ငါ့သားမဟောသဓါ သားမဟောသဓါ" ဟူ၍လည်း မကြာခဏခေါ်ကာချီးမြှောက်သည်၊ ထို့ကြောင့်ပင်တခြားပညာရှိကြီးများ၊ ပြိုင်ဘက်များ၏ အမြင်ကပ်မှုကိုလည်းမဟောသဓါခံယူနေရသည်။ ဤသို့လျှင် မဟောသဓါသည်

www.burmeseclassic.com



ဘုရင်ကြီး၏မွေးစားသားဖြစ်ခဲ့သော် အမရာဒေဝီသည်လည်း မွေးစားသား၏ဇနီး မွေးစားသမီးပင်ဖြစ်သည်။ ဤသို့ပင် အမရာဒေဝီကလည်း ဘုရင်ကြီးကိုဖခင်လို၊ အရှင်သခင်လိုပင် သဘောထားသည်။ ဤသို့ဖခင်လို သဘောထားသော်လည်း လင်တော်မောင်ကိစ္စအတွက် ဖခင်သဖွယ်ဘုရင်ကြီး ကိုကပ်ချွဲ၍ လင်တော်မောင်ကို အပြစ်မှခွင့်လွှတ်စေကြောင်း သံတော်ဦး မတင်လို အပြစ်ရှိသူ အပြစ်လျော့က်၊ အပြစ်မရှိသူမရှိသည့် အလျှောက်ပြတ်ပြတ်သားသား ဆောင်ရွက်လိုသည်။ ထို့ကြောင့် ဤသို့မိမိ ကိစ္စပြီးလျှင် ဘုရင်ကြီးအားဝတ်ချကာ မိမိအိမ်သို့ပင် ပြန်ခဲ့သည်။

ဘုရင်ကြီးကားမျက်နှာမသာ ဘုရားလောင်းမဟောသဓါ ထွက်ပြေး တိမ်းရှောင်နေသည်ကိုလည်း စိတ်ထဲတွင်သဘောတော် မကျ၊ ဒီသူခိုးအမတ် လေးယောက်လုပ်ပုံကို သူတို့လုပ်ရပ်အတိုင်း အပြစ်ပေးနှင်ထုတ်ရလျှင်လည်း အနားတွင် တိုင်ပင်ဖော် တိုင်ပင် ဖက် ပညာရှိတစ်ယောက်မှ ရှိတော့မည်မဟုတ်သည့်အတွက် ဒီကိစ္စအတွက်ဘာစကားမှမပြောတော့ဘဲ သူတို့လေးယောက် ကိုရေချိုးပေးလိုက်ပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြဟုသာမိန့်တော်မူသည်။ သုခမိန် ကြီးလေးယောက်တို့သည်လည်း တော်သောမယားလိမ္မာ သတ္တိရှိသောမယား ပါရမီဖြည့်ဖက်မယား၊ သစ္စာရှိသောမယား နဲ့မှသွားတွေ့ကြသည့်အတွက် အကြီးအကျယ်အရှက်ကွဲကြကာ

www.burmeseclassic.com


မင်းပြစ်မင်းဒဏ်ကို လှလှကြီးမခံရသည်ကိုပင် ကျေးဇူးတင် ရဦးမည်ဖြစ်သည်။

မဒ္ဒီဒေဝီအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ အမရာ ဒေဝီနှင့် ပတ်သက်၍လည်းကောင်း၊ အကြောင်းခြင်းရာ အပြည့်အစုံ ကိုဖတ်ရှုလိုပါက ဆရာ တော်ဦးသြဘာသ၏ ဝေဿန္တရာဇာတ်တော် ကြီးနှင့် မဟောသဓါဇာတ်တော် ပထမတွဲ၊ ဒုတိယတွဲတို့တွင် ဖတ်ရှု နိုင်ပါသည်။

(စာရေးသူ)

www.burmeseclassic.com


## အခန်း(၈)
## တစ်ယောက်မျက်နှာ(သို့မဟုတ်)နကုလပိတာ– နကုလမာတာ

ကျားနှုတ်ခမ်းမွေးမှစခဲ့သော ကျွန်တော်တို့စကားဝိုင်းကား အမရာဒေဝီသို့ရောက်ရှိသည့်တိုင် မဆုံးသေးပါ။ ကိုးရီးယားမိတ်ဆွေများက အမရာ မဒ္ဒီ ကိန္နရီနှင့် သမ္ဘူလတို့လေးယောက်ကို လေးစားချီးမွမ်းကြသည်။

ကျွန်တော်က အမရာ၏ဂုဏ်ပုဒ်နှင့်အရည်အချင်းများ၊ မဒ္ဒီဒေဝီ၏ မိမိလင်ကိုမိမိချစ်မြတ်နိုးသော အချစ်တရားနှင့် လင်ယောက်ျားအပေါ် ချစ်ခင်မှု ရှိသေမှုများ၊ စန္ဒကိန္နရီ၏ သစ္စာရှိမှု၊ ချစ်မေတ္တာတွင်စံတင်စရာဖြစ်မှု သမ္ဘူလမိဖုရား၏ မိမိချစ်လင်သည်စက်ဆုတ်ဖွယ်ရာ ကုဋ္ဌနူနာစွဲကပ်သည်ကိုပင်

www.burmeseclassic.com


လင်ပါးမှ တဖဝါးမခွဲပဲ လင်အိပ်စက်သည့်ပျဉ်ချပ်ဘေးမှ လင်သားကိုပြုစုပုံ စသောတော်လေးဝ ဝင်အမျိုးသမီးလေးဦး၏ အရည်အသွေးစိတ်နေစိတ်ထား သိမ့်မွေ့နူးညံ့မှုနှင့် လှပသော အဆင်းရုပ်လက္ခဏာ အိန္ဒြေတို့သည် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုသောကောင်းခြင်းလက္ခဏာများဖြစ်သည်။

မြန်မာအမျိုးသမီးတို့သည် မိမိကိုယ်မိမိတို့ အမရာ၊ မဒ္ဒီ၊ ကိန္နရီ၊ သမ္ဘူလ တို့ကဲ့သို့အရည်အသွေးရှိအောင်ကြိုးစားတတ်ကြသည်၊ တော်လေးဝ ဝင်မိန်းမသားများကဲ့သို့ လင်သားအပေါ်သစ္စာရှိကြသည်။ လင်ကို မဒ္ဒီ၊ ကိန္နရီ၊ အမရာ၊ သမ္ဘူလတို့ကဲ့သို့ ချစ်ကြသည်၊ မြန်မာအိမ်ထောင်ရှင်အမျိုးသားတို့ ကလည်းမိမိတို့ ဇနီးမယားများကို ဇီးဖြူဖန်းခါးလိုင့်ထားမတတ်ချစ်တတ်ကြပါသည်ဟု မြန်မာအမျိုးသမီးများက လင်ယောကျ်ားကို အိမ်ဦးနတ်ဟု ခေါ်သည်ဟုဆိုတော့ မြန်မာအမျိုးသမီးများ၏ စိတ်နေစိတ်ထားကို ကိုးရီးယား မိတ်ဆွေများအားလုံးက အလွန်နှစ်ချိုက်အံ့သြစွာဖြင့် လက်ခုတ်တီး ချီးမွမ်းကြပါ၏။

ကျွန်တော်က မြန်မာဇနီးမောင်နှံတို့ အချစ်ကြီးပုံမှာ တစ်ယောက်ကိုတစ်ယောက်မျက်စိအောက်က အပျောက်မခံ ဒီဘဝ၌သာမကနောင်ဘဝတွင်ပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာနေလိုသည့် ဇနီးမောင်နှံများ ရှိကြပါသည်ဟုပြောတော့ ကိုးရီးယားမိတ်ဆွေများက ထိုကဲ့သို့သော ဇနီး

www.burmeseclassic.com


မောင်နှံကို မိမိတို့တွေ့မြင်လိုပါသည် ဟုဆိုပါသည်။

ထိုအခါကျွန်တော်ကကိုရီးယားမိတ်ဆွေများအား ကျွန်တော်၏ အစ်ကိုကြီး၊ အစ်မကြီးများဖြစ်ကြသော အရှီးတောင်း ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့နှင့်မိတ်ဆက်ပေးပါ၏။ အရှီးတောင်းအစ်ကိုကြီး ဦးကျော်သိန်းနှင့်အစ်မကြီး ဒေါ်ကြွယ်ကြွယ် တို့ကို ကိုရီးယားသံရုံးမှ မိမိတို့ပြုလုပ်သော အခန်းအနားများတွင် ဖိတ်ကြားပါ၏။ ကိုရီးယားသံအမတ်ကြီးနှစ်ဆက်တိုင် မန္တလေးမြို့သို့သွားရောက်ကာ ဟိုတယ်တွင်မနေဘဲ အရှီးတောင်းဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့၏ အရှေ့တိုက်တွင် နေထိုင်ကာ မြန်မာတို့၏ မိသားစုဘဝ၊ အစ်ကိုကြီးဦးကျော်သိန်းနှင့် အစ်မကြီး ဒေါ်ကြွယ်ကြွယ်တို့၏ ဇနီးမောင်နှံဘဝကို တစေ့တစောင်းလေ့လာကြပါ၏။

အရှီးတောင်းဦးကျော်သိန်းနှင့် အစ်မကြီးဒေါ်ကြွယ်ကြွယ် တို့သည် ငယ်ချစ်များဖြစ်ကြသည်။ လွန်ခဲ့သောအနှစ်လေးဆယ် ကျော်က တစ်ခုသော မန္တလေးသင်္ကြန်တွင် သတင်းထောက်တစ်ဦး ဖြစ်သော ကိုကျော်သိန်းသည် မန္တလေးသင်္ကြန်သတင်းကိုရယူရင်း သင်္ကြန်အလှပြယဉ်ကျေးမှုအဖွဲ့မှ ငယ်ရွယ်ချောမောသူ မကြွယ်ကြွယ်ကို တွေ့မြင်ခဲ့သည်။ နှစ်သစ်ကူးမင်္ဂလာအချိန်တွင် မြင်မြင်ချင်းနှစ်သက်စုံမက်စွာဖြင့် ရန်ကုန်သားသတင်းထောက် ကိုကျော်သိန်းသည်၊ မန္တလေးမှရန်ကုန်သို့မပြန်တော့ဘဲ လက်ဖက်သည်ပြုလုပ်၍သာ မန္တလေးတွင်နေတော့သည်။ အစ်မကြီး

www.burmeseclassic.com



ဒေါ်ကြွယ်ကြွယ်၏မျိုးရိုးက နန်းတွင်းသူမျိုးရိုးဖြစ်၍ လက်ဖက်ကို အစဉ်အဆက်ရောင်းချစားသောက်ခဲ့သည်။ မြန်မာတို့သည် လက်ဖက်ကိုကြိုက်နှစ်သက်၍ အသီးတွင်သရက်၊ အသားတွင်ဝက်၊ အရွက်တွင် လက်ဖက်ဟု ဆိုရိုးရှိကြသည်။

အရီးတောင်းဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့သည် သမ္မာအာဇီဝ လက်ဖက်ရောင်းဝယ်ဖေါက်ကားရရှိသောငွေဖြင့် သားသမီးတို့အား ပညာတတ်များဖြစ်အောင် ပြုစုခြင်း၊ မိမိတို့ သားသမီးများအား ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာ အိမ်ထောင်ရက်သား ချပေးခြင်းတို့ကိုပြုသည်။ ကျွန်တော်အရီးတောင်းဦးကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ်တို့၏သားမောင်သိန်းမြင့်နှင့် မခင်တိုးဥမ္မာ တို့၏လက်ထပ် မင်္ဂလာပွဲတိတ်ခွေကိုပြသရာ ကိုးရီးယားမိတ်ဆွေ များ စိတ်ဝင်စားစွာကြည့်ရှုကြ၏။

မောင်သိန်းမြင့်နှင့် မခင်တိုးဥမ္မာတို့၏မင်္ဂလာ အခန်း အနားကို မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံရန် စီစဉ် ပြုလုပ်သူသည် နိုင်ငံကျော်စာရေးဆရာ ဒါရိုက်တာကြီးဆရာကြီး ဦးသုခဖြစ်သည်။ ဆရာကြီးက အရီးတောင်း ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့၏သား မောင်သိန်းမြင့်၏မင်္ဂလာပွဲတွင် နောက်ခံပန်းချီကားချပ်အဖြစ် မြတ်စွာဘုရား၏ ရှေ့မှောက်တွင် နကုလပိတာ သူဌေးနှင့် နကုလပိတာသူဌေးကတော် ဇနီးမောင်နှံ ၏ပုံကိုဆွဲ၍ မင်္ဂလာကျက်သရေယူစေရာ ကိုးရီးယားမိတ်ဆွေများ ကနောက်ခံပန်းချီ ကားအကြောင်းကို ပြောပြပေးပါဟုဆို၍

www.burmeseclassic.com


ကျွန်တော်သည် နကုလမောင်နှံ၏ ဇာတ်လမ်းကို ပြောပြရပါ၏

× × ×

အခါတပါး ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အဂ္ဂတိုင်း သူသုမာရ တောင်ယံဘေးမဲ့တောတွင် သီတင်းသုံးနေထိုင်တော်မူလျှက်ရှိပေ၏။ ထိုသို့ သီတင်းသုံးနေတော်မူစဉ် တစ်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် နံနက်ပိုင်း အချိန်အခါ ဝတ်တော်သင်ပိုင်းကို ပြင်ဝတ်တော်မူပြီး၊ သပိတ်သင်္ကန်းတို့ကို ကိုယ်တိုင်ဆောင်လွယ်ကာ နကုလပီတာသူဌေးလင်မယားတို့အိမ်သို့ ကြွသွားတော်မူခဲ့သည်။ ထိုသူဌေးလင်မယားအိမ်တွင်ကား ရဟန်းတော်ငါးရာစာအတွက် အမြဲတမ်းနေရာထိုင်ခင်းများ ခင်းကျင်းပြင်ဆင်ထားရှိပြီး ဆွမ်းကွမ်းလည်းနေ့စဉ်တွင် အသင့်ပြင်ဆင်ပြီး ထားရှိ၏။ သာသနာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်သူများဖြစ်ကြ၏။ သူတို့၏ အိမ်သည် ရဟန်းသံဃာတော်တို့၏ စားအိမ်သောက်အိမ်ဖြစ်နေသည်။

ထိုအိမ်သို့ရောက်၍ ဘုရားနေရာတော်တွင် ဗုဒ္ဓရှင်တော်မြတ်ထိုင်တော်မူပြီးသည်နှင့် နကုလပီတာနှင့် နကုလမာတာသူဌေးဇနီးမောင်နှံ နှစ်ယောက်တို့သည်လည်းဘုရားရှင်၏ ရှေ့တော်မှောက်သို့ရောက်ရှိလာကြ၏။ ဤသို့ဇနီးမောင်နှံနှစ်ယောက်တို့ ဘုရားရှင်ရှေ့တော်မှောက်သို့ရောက်၍ ရှိဦးဦးချကာ ထိုင်နေကြပြီးနောက် ဗုဒ္ဓရှင်တော်မြတ်က ဘာတရားမှမဟောကြားသေးမီပင်၊ နကုလပီတာသူဌေးက ဤသို့စတင်၍ ဘုရားရှင်အား

www.burmeseclassic.com



လျှောက်ထားလိုက်သည်။

" မြတ်စွာဘုရား တပည့်တော်ဟာ ငယ်ငယ်ရွယ်ရွယ်ကပဲ ဟောဒီ ငယ်ရွယ်သူ နကုလမာတာကို ထိမ်းမြားလက်ထပ်ခဲ့ပါတယ်၊ အဲဒီအချိန်ကစပြီး တပည့်တော်ဟာ နကုလမာတာကို ကျော်လွန်ပြီးတခြားအမျိုးသမီးကို စိတ်နဲ့တောင် မပြစ်မှားမိပါဘုရား၊ ကိုယ်ထိလက်ရောက်ကျူးလွန်ဖို့ဆိုတာ ကတော့ သာပြီးဝေးတာပေါ့ဘုရား၊ တပည့်တော်ဟာဒီဘဝမှာလည်း သူ့မျက် နှာကိုပဲ ကြည့်နေချင်ပါတယ်မြတ်စွာဘုရား၊ နောင်ဘဝမှာလည်း သူ့မျက်နှာကိုပဲ ကြည့်နေချင်ပါတယ် မြတ်စွာဘုရား။

ဤသို့နကုလပီတာသူဌေးကလျှောက်ထားပြီးတဲ့အခါ -

နကုလမာလာသဌေးကတော်လေးကလည်း -

မြတ်စွာဘုရား ဟောဒီနကုလပီတာဟာ ငယ်ငယ်ရွယ်ရွယ်ကပဲ၊ ငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားလက်ထပ်ခဲ့ပါတယ်ဘုရား၊ အဲဒီအချိန်ကစပြီး တပည့်တော်မဟာနကုလပီတာကို ကျော်လွန်ပြီး အခြားအမျိုးသားကို စိတ်နဲ့တောင်မပြစ်မှားမိပါဘုရား။ ကိုယ်ထိလက်ရောက် တို့တာကတော့ သာပြီးဝေးပါတယ်ဘုရား၊ တပည့်တော်မဟာ ဒီဘဝမှာလဲ သူ့မျက်နှာကိုပဲ ကြည့်နေချင်ပါတယ် မြတ်စွာဘုရားနောင်ဘဝမှာလဲ သူ့မျက်နှာကိုပဲကြည့်နေချင်ပါတယ် မြတ်စွာဘုရား။

ဤသို့ဇနီးမောင်နှံ နှစ်ယောက်တို့ အချင်းချင်းပြိုင်ကာ လျှောက်ထား ကြပြီးနောက် ဗုဒ္ဓရှင်တော်မြတ်ကလည်း -

www.burmeseclassic.com


သူကြွယ်တို့။ သင်တို့ဇနီးမောင်နှံ့နှစ်ယောက်ဟာ ဒီဘဝမှာလဲတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေချင် ကြတယ်၊ နောင်ဘဝမှာလဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေချင်ကြတယ်၊ ဆိုရင် သင်တို့နှစ်ယောက်ဟာသဒ္ဓါတရားမျှတ နေဖို့အရေးကြီးတယ်။ အကျင့်သီလ စာရိတ္တတူ မျှနေဖို့အရေးကြီး တယ်၊ ပေးကမ်းစွန့်ကြဲမှုမှာ သဘောချင်း ညီမျှတိုက်ဆိုင်နေဖို့ အရေးကြီးတယ်၊ အသိပညာအလိမ္မာချင်းတူမျှနေဖို့ အရေးကြီး တယ်၊ အဲဒီလိုတူ မျှနေကြမယ်ဆိုရင် သင်တို့ဟာဒီဘဝမှာလည်း တစ်ယောက်မျက်နှာတစ် ယောက်ကြည့်နေကြရမှာဘဲ၊ နောင်ဘဝ မှာလဲ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်နေကြရမှာပဲ။

**ဟုတ်တယ်သူကြွယ်တို့နှစ်ယောက်စလုံးဟာ သဒ္ဓါတရား တူမျှနေ ကြမယ်။ အလှူခံပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒကိုသိနေကြမယ် ဆိုရင် မိမိတို့ရဲ့ကိုယ်နှုတ် နှလုံးသုံးပါးလုံး စောင့်ထိန်းကြမယ်ဆိုရင် တရား သဖြင့်စီးပွားရှာပြီး အသက်မွေး ကြမယ်ဆိုရင် တစ်ယောက် ကိုတစ်ယောက်နားမချမ်းမြေ့ဖွယ်ရာတို့ကို မပြောဘဲချစ်နှစ်သက် စရာစကားတို့ကိုသာ ပြေနေကြမယ်ဆိုရင်၊ အဲဒီလို အကျင့်သီလ တူမျှ ကြတဲ့ဇနီးမောင်နှံ နှစ်ယောက်တို့မှာ ကြီးပွားခြင်းလို့ ခေါ်တဲ့ အကျိုးတရားများတိုးပွားမယ်၊ စိတ်ချမ်းသာကိုယ်ချမ်းသာနေရ ကြမယ်။**

**အဲဒီလိုဇနီးမောင်နှံ နှစ်ယောက်စလုံး အခုပြောခဲ့တဲ့ အတိုင်း ကျင့်ကြံကြမယ်၊ အကျင့်သီလတူမျှကြမယ်ဆိုရင် ဒီဘဝမှာ**

www.burmeseclassic.com



**လဲ ပျော်ရွှင် ချမ်းမြေ့ရမယ်၊ နောင်ဘဝနတ်ပြည်ရောက်တဲ့အခါ မှာလဲ ကိုယ်လို ချင်တာအကုန်ရပြီး နှစ်သက်ပျော်ရွှင်ဝမ်းမြောက် ကြည်လင်ရမယ်။ သူကြွယ်တို့။ ဟု မြွက်ကြားတော်မူ၏။**

ကိုးရီးယားမိတ်ဆွေများက နကုလဇနီးမောင်နှံလို ဇနီးမောင်နှံ အလားတစ်ဦးကိုတစ်ဦးက မျက်စေ့အောက်ကအပျောက် မခံနိုင်သော မန္တလေးရွှေမြို့တော်၏မျက်နှာဖုံးဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့က ကိုးရီးယားမိတ်ဆွေများအား ဆွေမျိုးရင်းခြာပမာပြုစုစောင့်ရှောက် သောစေတနာကိုလည်းတွေ့ရသည်။ အလွန်မှကျေးဇူးတင်ရှိပါသည်။ သို့သော် နကုလမောင်နှံကဲ့သို့လည်းကောင်း၊ ဦးကျော် သိန်း ဒေါ်ကြွယ်ကြွယ်ကဲ့သို့လည်းကောင်း၊ အခြားကိန္နရီမောင်နှံလို လည်ယှက်တွဲ၍ အချစ်မြဲကြသည့် ဇနီးမောင်နှံတစ်စုံကို ထပ်မံတွေ့မြင်ပါရစေဦးဟုဆိုကြပါ၏။

ကျွန်တော်ကပထမ နကုလဇနီးမောင်နှံအဖြစ် အရီးတောင်းဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့ကိုတင်ပြခဲ့သည်။ ဒုတိယ နကုလဇနီးမောင်နှံကို ထပ်မံ၍မိတ်ဆက်ပေးဦးမည်ဟုဆိုသောအခါ ကိုးရီးယားမိတ်ဆွေများအား ကျားပျံဦးအုန်းမောင်နှင့် အစ်မကြီးဒေါ်သန်းစိန်တို့နှင့် မိတ်ဆက်ပေး ပါမည်ဟု ဆိုခဲ့ပါ၏။ ကျားပျံဦးအုန်းမောင်နှင့်အစ်မကြီးဒေါ်သန်းစိန်တို့ကား လူငယ်ချင်း တွေ့ဆုံ၍မေတ္တာမျှကာလက်ထပ်ပေါင်းသင်းခဲ့ကြသူများမဟုတ် လူကြီးချင်း သဘောတူ၍ လက်ထပ်ပေးစားကြခြင်း

www.burmeseclassic.com


ဖြစ်ရာ လက်ထပ်မည့်ရက်မတိုင်ခင် လေးမှာပင် ဒေါ်သန်းစိန်က ဦးအုန်းမောင်ကို မြင်ဖူးသော်လည်း ဒေါ်သန်းစိန်သည် သေတပန် သက်အဆုံး--အိုမင်းရင့်ရော်သည်အထိ တစ်ဦးကိုတစ်ဦးချစ်မြတ်နိုးကြသောဇနီးမောင်နှံဖြစ်သည့်ကျားပျံဦးအုန်းမောင် ဒေါ်သန်း စိန်တို့သည် အပေးအကမ်း၊ အလှူအတန်းရက်ရောသော ဇနီမောင်နှံဖြစ်သည် ဟုဆိုကာ ကိုးရီးယားမိတ်ဆွေများအား မိတ်ဆက်ပေးခြင်းဖြစ်သည်။ အစ်ကိုကြီး ကျားပျံဦးအုန်းမောင်နှင့် ဒေါ်သန်းစိန်အကြောင်းကိုပြောပြတော့ ကိုးရီးယားမိတ်ဆွေများသည် ဦးအုန်းမောင်နှင့်ဒေါ်သန်းစိန်တို့ မတွေ့မမြင်ဘူးကြသော်လည်း မိဘကပေးစားလျှင် ယခုကဲ့သို့ လူငယ်များက ငြင်းဆန်မှုမရှိဘဲ သေတပန် သက်တဆုံးပေါင်းသင်းကြသည်ကို အလွန်မှအံ့သြကြ၏။

ကိုးရီးယားသံရုံးဧည့်ခံပွဲများနှင့် သံအမတ်ကြီးများ၏အိမ်ထမင်းစား ပွဲများကို ကျားပျံဦးအုန်းမောင် ဒေါ်သန်းစိန်တို့ဇနီးမောင်နှံရော အရီးတောင်းဦး ကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့ဇနီးမောင်နှံပါ တက်ရောက်ကြရာ ကိုးရီးယားမိတ်ဆွေများက ယင်းတို့နှင့်တွေ့ဆုံရသည်ကိုအလွန်မှဝမ်းသာကြ၏။ နုပျို သည်မှအိုမင်းရင့်ရော်သည်အထိ သစ္စာထားကြသော ငယ်လင်ငယ်မယား ဇနီးမောင်နှံဖြစ်ကြသည့် အရီးတောင်းနှင့် ကျားပျံဇနီးမောင်နှံတို့ မိမိတို့နိုင်ငံ၏အခန်းအနားသို့ တက်ရောက်ကြသဖြင့် အလွန်မှ ကျက်သရေရှိသည် ဟုကိုးရီးယားမိတ်ဆွေများကဆို၏။ အထူး

www.burmeseclassic.com



သဖြင့် ချိတ်လုံချည်ဆင်တူဖြင့် အစ်ကိုကြီးဦးကျော်သိန်းနှင့် ဒေါ်ကြွယ်ကြွယ်တို့ကို ဓါတ်ပုံတဖြတ်ဖြတ်ရိုက်ကြပါ၏။

ကျွန်တော်နှင့်ကိုးရီးယားမိတ်ဆွေများက ရန်ကုန်၊ ပြည်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေးအစရှိသော အရပ်များသို့ခရီးသွားကြရာ၊ ထိုဒေသတို့မှ ဘုရားကျောင်းကန်သိမ်ကျောင်းများတွင် အလှူရှင်တို့၏အမည်များကို ကမ္ဗည်းစာတမ်းထိုးထားကြ၏။ မြန်မာနိုင်ငံတွင်တာဝန်လာရောက်ထမ်းဆောင်သော ကိုးရီးယားလူမျိုးများ မြန်မာစာအနည်းငယ်တတ်ရာ အလှူရှင်အမည်များကို စာလုံးပေါင်း၍ ဖတ်ကြ၏။ မြင်မြင်သမျှသော ဇရပ်ကျောင်းတန်ဆောင်းကျောင်း ကန်တို့၏ အလှူရှင်ကမ္ဗည်းစာတမ်းများတွင် ကျားပျံဦးအုန်းမောင် ဒေါ်သန်းစိန်တို့၏ အလှူကမ္ဗည်းစာတမ်းများကို မကြာခဏတွေ့ကြရာ ဒီလောက်တောင် လှူကြလားဟု ဆိုပါ၏။

ကျွန်တော်က မြန်မာအိမ်ထောင်ဖက်များသည် တစ်ဦးကိုတစ်ဦး ချစ်ခင်ယုယတူမျှသော မေတ္တာအပေးအယူပြုကြသည်။ နောင်ဘဝအဆက်ဆက်သံသရာအဆက်ဆက် အထုံရေစက်ပါစေရန်လည်း ယခုကဲ့သို့ လှူရေစက်လက်နှင့်မကွာ ပြုကြသည်ဟုဆိုတော့ ကိုးရီးယားမိတ်ဆွေများက အံ့ဩပြန်ပါ၏။

ကျွန်တော်ကအရီးတောင်းဦးကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ်ဇနီးမောင်နှံမှာလည်း ပညာရေးကုသိုလ်၊ လူမှုရေးကုသိုလ်များအဖြစ် စာသင်ကျောင်းများလှူခြင်း၊ ဆင်းရဲသူတို့အား

www.burmeseclassic.com


ကျောင်းစရိတ်ထောက်ပံ့ခြင်း၊ ပညာသင်စရိတ်လှူခြင်း၊ တံတား ဆောက်၊ လမ်းခင်း၊ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ ဆောက်လုပ်၍ အတူတကွရေစက်ချလှူဒါန်းကြကြောင်းပြောပြ ရပါ၏။ သတင်းစာထဲမှ အရှီးတောင်းမိသားစု၏အလှူသတင်း၊ ကျားပျံမိသားစု၏ဒါနသတင်းများကို ကိုရီးယားမိတ်ဆွေများအား ပြသရပါ၏။

အရှီးတောင်းမိသားစုနှင့် ကျားပျံမိသားစုတို့သည် ကျွန်တော်၏မိတ် ဆက်ပေးမှုကြောင့် သံအမတ်ကြီးများနှင့် သာမက သံအမှုထမ်းများကိုရီးယား မိတ်ဆွေများနှင့်ပါ ချစ်ခင်၍ ဦးကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ်နှင့် ဦးအုန်းမောင် ဒေါ်သန်းစိန် တို့အား သံရုံးတွင်ကျင်းပသော ညစ်ခံပွဲများသို့ မကြာခဏဖိတ်ကြား ညစ်ခံတတ်ပါ၏။

အာရှတိုက်တွင် ကျားလေးကောင်ရှိသည်။ နဂါး လေးကောင် ဟုလည်းခေါ်ကြသည်။ ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် စင်ကာပူတို့ကို အာရှ၏ကျားလေးကောင်ဟုတင်စား ခေါ်ကြ၏။ သူတို့၏ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးကို တင်စား၍ ကျားဟူ၍ခေါ်ဆိုခြင်းဖြစ်ရာ မလေးရှားနှင့်ထိုင်းနိုင်ငံ တို့ကပဉ္စမကျား ဆဋ္ဌမကျားဟူ၍နေရာယူရန်ပြင်ဆင်နေချိန် တွင် ဦးအုန်းမောင်က အာရှကျားဆိုသူများထက် တပန်းသာသည်။ အဘယ်ကြောင့်ဆိုသေည် အာရှ၏ကျားလေးကောင်က မပျံနိုင်၊ ဦးအုန်းမောင် ဆေးပေါ့လိပ်က ကျားပျံဆို၍ အာရှ၏ကျား

www.burmeseclassic.com



လေးကောင်ထက် သာသွားပြီဟု ကိုရီးယားမိတ်ဆွေတို့ကဆိုပါသည်။

တဖန်မိသားစုလေးဆက်တိုင် လုပ်ငန်းတစ်ခုကို ဆက်တိုက်စွဲစွဲ မြဲမြဲတည်ရှိအောင် ထိန်းသိမ်းထားကြသော အရီးတောင်းမိသားစုကိုလည်း ကိုရီးယားမိတ်ဆွေများကလေးစားကြပါသည်။

မြတ်စွာဘုရားက အကြင်ဇနီးမောင်နှံသည်၊

၁။ သဒ္ဓါတရားတူညီရမည်၊

၂။ ကိုယ်နှုတ်နှလုံးသုံးပါးစလုံး စောင့်ထိန်းကြမည်၊

၃။ တရားသဖြင့်စီးပွားရှာကြမည်။

၄။ သီလတူညီကြမည်။ ဆိုပါက အကျိုးပေးများလည်း၊ တူညီကာ ယခုဘဝတွင်လည်းတစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ရှုနေချင်ကြ သလိုနောင်ဘဝတွင်လည်း ထိုကဲ့သို ခံစားရမည်ဟု ဟောကြားတော်မူ၏။

အရီးတောင်းနှင့်ကျားပျံဇနီးမောင်နှံဖြစ်ကြသော ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်၊ ဦးအုန်းမောင် ဒေါ်သန်းစိန်တို့သည် သဒ္ဓါတရားစောင့်စီးကာ တရားသဖြင့် စီးပွားရှာကြပြီး တူညီသော သီလနှင့်သမာဓိရှိကြသဖြင့် ယခုဘဝ တွင်သာမက နောင်ဘဝတွင်လည်း ယခုဘဝကဲ့သိုပင် အလှူရေစက်လက်နဲ့ မကွာပြုစု၍ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နေကြမည့်သူများဖြစ်သည်။ မြန်မာအိမ်ထောင်များ၏စံပြဖြစ်သည်ဟုကျွန်တော်က

www.burmeseclassic.com



ကိုရီးယားမိတ် ဆွေများအားပြောကြားသောအခါ မစ္စတာဘေးနှင့် မစ္စတာပတ်တို့က မိမိတို့ ဇနီးမောင်နှံများသည်လည်း နကုလာ ပီတာနှင့် နကုလမာတာလို အရီးတောင်း ဦးကျော်သိန်းနှင့် ဒေါ်ကြွယ်ကြွယ်လို၊ ကျားပျံဦးအုန်းမောင်နှင့် ဒေါ်သန်းစိန်လို ကြိုးစားနေထိုင်ကြမည်ဟုဆိုပါသည်။

ယခုတော့မစ္စတာဘေးရော မစ္စတာပတ်နှင့် သံအမတ်ကြီး များပါ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ကိုရီးယားနိုင်ငံသို့ ပြန်သွား ကြပြီးဖြစ်ပါ၏။ မစ္စတာဘေးနှင့် မစ္စတာပတ်တို့ထံမှ မကြာခဏ ပို့စကတ်များ၊ ကျွန်တော်တို့ မိသားစုထံသို့ပို့ရာ ပို့စကတ်ပေါ်တွင် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ နှင့် တော်လေးဝဝင် အမျိုးသမီး လေးယောက်အကြောင်းကို သူတို့အစဉ်သတိရကြောင်း မကြာခဏ ရေးသားပေးပို့တတ်ပါ၏။

တလောကတော့ ကိုရီးယားမိတ်ဆွေပါမောက္ခတစ်ဦးက အာရှတိုက်၏မိန်းမသားများအကြောင်းစာပေစာအုပ်စာတမ်း တစ်စောင် ရေးသားရန်ရှိ၍ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ နှင့် နကုလဇနီးမောင်တို့ အကြောင်းစာဖြင့် ရေးသားပေး ပို့ပါရန် မေတ္တာရပ်ခံပါ၏။ ထိုမိတ်ဆွေသည် မြန်မာနိုင်ငံရှိ နိုင်ငံခြား ဘာသာစကား သင်ကျောင်းတွင် ပါမောက္ခအဖြစ် အတော်ကြာ လာရောက်နေထိုင်ခဲ့သော မိတ်ဆွေဖြစ်သည်။ ကျွန်တော်နှင့် မစ္စတာဘေးတို့ စီစဉ်သော တော်လေးဝ ဇာတ်လမ်းပြောပြသည့် ပွဲများသို့လည်း တက်ရောက်ခဲ့ဖူးသောမိတ်ဆွေဖြစ်ပါ၏။ ကျွန်တော်

www.burmeseclassic.com


ကယင်းပါမောက္ခအတွက် တော်လေးဝ ဝင်အမျိုးသမီးများနှင့် နကုလမောင်နှံ့ အကြောင်းကိုရေးသားပေးပို့ရင်း၊ ဤစာအုပ်ကို ရေးသာကာ မြန်မာလိုထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

❀ ❀ ❀

www.burmeseclassic.com



# အခန်း (၉)

## ဖနီးမောင်နှံလေးမျိုး

အခါတပါးတွင် မြတ်စွာဘုရားသည် တပည့်သာဝက ရဟန်းတော် ငါးရာနှင့်အတူ ဝေရဥ္စာမြို့အနီး တောအုပ်ကြီးထဲသို့ သွားရောက်ကာ ထို တောအုပ်ကြီးထဲတွင် တစ်ညတာသီတင်းသုံး နေထိုင်တော်မူသည်။ နံနက်မိုးသောက် အလင်းရောက်လာသော အခါ ဝေရဥ္စာမြို့အနီး အနားတွင်ရှိသော ကျေးရွာများမှ အမျိုးသား အမျိုးသမီးတို့သည် ဝတ်ကောင်းစားကောင်းများ ဝတ်ကာ ဝေရဥ္စာ မြို့သို့ စကားတပြောပြောနှင့် တသောသော ခရီးထွက်လာ ကြ၏။ ထိုအမျိုးသား အမျိုးသမီးတို့သည် ရွှေ ငွေ၊ စိန်ကျောက် အစရှိသည် သော လက်ဝတ်ရတနာများကိုလည်း တောက်တောက်ပြောင် ပြောင် ဝတ်ဆင်ထားခဲ့ကြသည်။ သူတို့သည် မြတ်စွာဘုရားနှင့်

www.burmeseclassic.com



ရဟန်းတော်ငါးရာ သီတင်းသုံးလျက်ရှိသော တောအုပ် ကို ဖြတ်သွားကြရမည်ဖြစ်သော်လည်း ဤတောအတွင်း၌ မြတ်စွာဘုရားနှင့် ရဟန်းတော်များ သီတင်းသုံးနေကြသည်ကို ယင်းတို့ မသိကြ။ ယင်းတို့သည် တောအုပ်အတွင်းသို့ဝင်၍ တောအုပ်ကို ဖြတ်လာကြသောအခါ မြတ်စွာဘုရားသည် လမ်းဘေး ညောင်ပင်ကြီးတစ်ပင်၏အောက်တွင် သီတင်းသုံးနေထိုင်တော်မူသည်ကို တွေ့မြင်ကြသောအခါ အမျိုးသား၊ အမျိုးသမီးအပေါင်းတို့သည် မြတ်စွာဘုရား ဤတောအုပ်အတွင်းသို့ ရောက်ပါကလားဟုဆိုကာ ဝင်ရောက် ရှိခိုးကြ၊ ဝတ်ပြုကြ၊ ဦးချကြ၊ ကန်တော့ကြ ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားက ဥပါသကာ ဥပသကာမတို့ ဘယ်ကို ဘာကိစ္စနှင့် သွားကြရန် လာကြလေသနည်းဟု မေးတော်မူ၏။

ထိုအခါ အမျိုးသား အမျိုးသမီးတို့က “ အရှင်ဘုရား တပည့်တော်တို့ သည် ဝေရဥ္စာမြို့ထဲတွင် သူဌေးသားနှင့် သူဌေးသမီးတို့၏ မင်္ဂလာလက်ထပ်ပွဲ ရှိပါသည်ဘုရား။ ထိုမင်္ဂလာပွဲမှ ဖိတ်မန္တကပြု၍ တပည့်တော်တို့ အားပေးချီးမြှင့်ရန် လာခဲ့ခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားကြ၏။

ထိုအခါ မြတ်စွာဘုရားက ဥပါသကာ ဥပသကာမတို့ လောကမှာ ဇနီးမောင်နှံတွေ အစုံလိုက် အစုံလိုက် ရေတွက်ပါက မရေမတွက်နိုင်အောင်ပဲ များပြားလှသည်။ သို့သော် ထိုသို့မရေတွက်နိုင်သော ဇနီးမောင်နှံတို့အား ခွဲခြမ်းစိတ်ဖြာ ပိုင်းခြားကြည့်

www.burmeseclassic.com


ပါက လေးမျိုးလေးစုံသာရှိသည်။

အဲဒီလို လေးမျိုးလေးစုံရှိသည့်အနက် ယခုသင်တို့ သွားရောက် ချီးမြှင့်မည့် ဇနီးမောင်နှံက ဘယ်လိုဇနီးမောင်နှံ အမျိုးအစားတွင်ပါဝင်လေ သနည်းဟု မေးတော်မူလျှင် ပရိသတ် အမျိုးသား အမျိုးသမီးတို့က မှန်လှပါ ဘုရား ဇနီးမောင်နှံလေးမျိုး ရှိသည်ကို တပည့်တော် တပည့်တော်မတို့ မသိရှိပါ။ ဇနီးမောင်နှံ လေးမျိုးအကြောင်း အကျယ်ဟောတော်မူပါဘုရားဟု လျှောက်ထား ကြ၏။

ထိုအခါ မြတ်စွာဘုရားက လောကမှာ -

၁။ လင်ကရော မယားကပါ တိရိစ္ဆာန်နှင့်တူသောဇနီး မောင်နှံ

၂။ လင်က တိရိစ္ဆာန်၊ မယားက သောတပန်နှင့်တူသော ဇနီးမောင်နှံ

၃။ လင်က သောတာပန်၊ မယားက တိရိစ္ဆာန်နှင့်တူသော ဇနီးမောင်နှံ

၄။ လင်ရော မယားပါ သောတာပန်နှင့်တူသော ဇနီးမောင်နှံ လေးမျိုးရှိတယ်။ အတိုချုပ်ပြောရရင် -

၁။ လင် တိရိစ္ဆာန်၊ မယား တိရိစ္ဆာန်

၂။ လင် တိရိစ္ဆာန်၊ မယား သောတာပန်

၃။ လင် သောတာပန်၊ မယား တိရိစ္ဆာန်

၄။ လင် သောတာပန်၊ မယား သောတာပန်ဖြစ်တယ်။

www.burmeseclassic.com


သောတာပန်နှင့်တူတယ်ဆိုတာ အရည်အချင်းသုံးခု ရှိတယ်။ ဒီသုံးခုက သရဏဂုံတည်၊ ပဉ္စသီ၊ အာဇီသန့်ရှင်းစေ ဟူ၍ ဖြစ်တယ်။

၁။ သရဏဂုံသုံးပါးတည်ရမည်

၂။ ပဉ္စသီလ၊ သီလငါးပါးကို စောင့်ထိန်းရမည်

၃။ အာဇီဝ၊ အသက်မွေးမှု သန့်ရှင်းရမည် ဆိုသော အချက် သုံးချက်ဖြစ်သည်။ ဤအချက်သုံးချက်နှင့် ပြည့်စုံသူကို သောတာပန်ပုဂ္ဂိုလ်ဟုခေါ်သည်။ သောတပန်ပုဂ္ဂိုလ်သည် အပယ်တံခါးပိတ်၏။ ထို့ကြောင့် သောတပန်အကြင်ယောက်ျား သည် လည်းကောင်း မိန်းမသည်လည်းကောင်း အပယ်တံခါးပိတ် တယ်။

ထိုအချက်သုံးချက် မပြည့်စုံသူဆိုလျှင် လင်ဖြစ်စေ၊ မယားဖြစ်စေ၊ တိရစ္ဆာန်သာလျှင်ဖြစ်သည်။ ထိုသူတို့အတွက် အပါယ်တံခါးဟာ အမြဲပွင့်နေတတ်တယ်. . .

၁။ ဒါယကာတို့ ဒီလောကမှာ လင်ယောက်ျားဖြစ်သူ ဟာ သူတပါးအသက်ကို သတ်လေ့ရှိတယ်၊ သူ့ဥစ္စာကိုခိုးလေ့ရှိ၍၊ တပါးသော မိန်းမများနဲ့ပျော်ပါး လွန်ကျူးပျော်မွေ့လေ့ရှိတယ် မဟုတ် မမှန်သောစကား လိမ်လည်လှည့်ဖြားမှုသား ပြောလေ့ ရှိတယ်။ အရက်သေစာ မူးယစ်သောက်စားလေ့ရှိတယ်။ ကောင်းတဲ့ အကျင့်သီလ ဘာတစ်ခုမှ မရှိဘူး၊ ယုတ်ညံ့တဲ့အကျင့် တရားသာ ရှိတယ်၊ ဝန်တိုမှု ပေကျံနေတဲ့ အညစ်အကြေးများနဲ့ ပေကျံနေတဲ့

www.burmeseclassic.com


စိတ်ရှိတယ်။ ရဟန်း ပုဏ္ဏားတို့ကို ဆဲရေးမောင်းမဲလေ့ရှိတယ်၊ အဲဒါလိုအနေမျိုးနှင့် အိမ်ထောင်ဦးစီးယောက်ျားလုပ်နေရင် အဲဒီသူဟာ တိရိစ္ဆာန်ပဲ၊ သေနေတဲ့သူနဲ့ အတူတူပဲ၊ အလားတူ သူ့ရဲ့ဇနီးမယားကလဲ သူတပါးအသက်ကို သတ်လေ့ရှိတယ်၊ သူ့ဥစ္စာကို ခိုးယူလေ့ရှိတယ်၊ တပါးသောယောက်ျားများနဲ့ အပျော်အပါးလွန်ကျူးလေ့ရှိတယ်၊ မဟုတ်မမှန်စကား၊ လိမ်လည်လှည့်ဖြား မုသားပြောကြားလေ့ရှိတယ်၊ အရက်သေစာ သောက်စား၊ မူးယစ်လေ့ရှိတယ်၊ ကောင်းတဲ့အကျင့်သီလ ဘာတစ်ခုမှ မရှိဘူး ယုတ်ညံ့တဲ့ အကျင့်တရားသာ ရှိတယ်၊ ဝန်တိုမှု အညစ်အကြေးများနဲ့ ပေကျံနေတဲ့ စိတ်ရှိတယ်၊ ရဟန်း ပုဏ္ဏားတို့ကို ဆဲရေးမောင်းမဲလေ့ရှိတယ်၊ အဲဒီလို အနေမျိုးနဲ့ အိမ်ရှင်မလုပ်နေတယ်၊ အဲဒီ နှစ်ယောက်ဟာ သေနေတဲ့ လင်ယောက်ျားနဲ့ သေနေတဲ့ မိန်းမတို့ အတူတကွ ပေါင်းသင်းနေကြခြင်းပဲ၊

သေနေသူဆိုသော်လည်း တကယ်သေနေသူမဟုတ်၊ ကောင်းသော ဂုဏ်ရည်အသွေးမရှိ၊ ကောင်းသောဂုဏ်ရည်အသွေးများ သေနေသည့်အတွက် သေနေသူဟုခေါ်ခြင်းဖြစ်၏။ နတ်သမီး နတ်သားဟူသည်လည်းကောင်းသော ဂုဏ်အရည်အသွေးများရှိနေသည့်အတွက်နတ်သမီး၊ နတ်သားဟုခေါ်ခြင်းဖြစ်၏။

၂။ ဒါယကာတို့၊ ဒီလောကမှာ လင်ယောက်ျားဖြစ်သူဟာ သူ့တစ်ပါးအ သက်ကို သတ်လေ့ရှိတယ်၊ သူ့ဥစ္စာကို ခိုးယူလေ့ရှိတယ်၊ သူတပါးသားမယား တို့ကို ပျော်ပါးကျူးလွန်လေ့ရှိတယ်၊ မဟုတ်

www.burmeseclassic.com



မမှန်စကား၊ လိမ်လည်လှည့်ဖြား မုသားပြောကြားလေ့ရှိတယ်၊ အရက်သေစာ သောက်စားမူးယစ်ရမ်းကား လေ့ရှိတယ်၊ ကောင်းတဲ့အကျင့် ဘာတစ်ခုမှမရှိဘူး၊ ယုတ်ညံ့တဲ့ အကျင့်တရား သာရှိတယ်၊ ဝန်တိုမှုအညစ်အကြေးများနဲ့ ပေကျံနေတဲ့ စိတ်ရှိတယ်၊ ရဟန်း ပုဏ္ဏားတွေကို ဆဲဆိုမောင်းမဲလေ့ရှိတယ်၊ အဲဒီအနေမျိုးနဲ့ အိမ်ထောင်ဦးစီး လုပ်နေတယ်။

သို့သော် သူ့ရဲ့ ဇနီး မယားကတော့ သူတပါးအသက်ကို သတ်ဖြတ် ခြင်းမှုရှောင်ကြဉ်တယ်၊ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တယ်။ တပါးသော ယောကျ်ားများနဲ့ ပျော်ပါးလွန်ကျူး ခြင်းမှ ရှောင်ကြဉ်တယ်။ မဟုတ်မမှန် စကားလိမ်လည်လှည့်ဖြား မုသားပြောကြားခြင်းမှ ရှောင်ကြဉ်တယ်၊ အရက်သေစာ သောက်စား မူးယစ်ခြင်းမှ ရှောင်ကြဉ်တယ်။ ကောင်းတဲ့အကျင့် သီလရှိတယ်၊ မြင့်မြတ်တဲ့ အကျင့်တရားရှိတယ်၊ ဝန်တိုမှုအညစ် အကြေးများမှ ကင်းစင်တဲ့စိတ်ရှိတယ်၊ ရဟန်း ပုဏ္ဏားတို့ကို ဆဲဆိုမောင်းမဲမပြုဘူး အဲဒီဂုဏ်မျိုး နဲ့ အိမ်ထောင်ရှင်တစ်ယောက် လုပ်နေတယ်၊ အဲဒီ နှစ်ယောက်ဟာ သေနေတဲ့ လင်ယောကျ်ားနဲ့ နတ်သမီးမိန်းမတို့ အတူတကွ ပေါင်းသင်းနေကြခြင်းပဲ။

၃။ ဒါယကာတို့ ဒီလောကမှာ လင်ယောကျ်ားဖြစ်သူဟာ သူတပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ သူတပါးဥစ္စာကို ခိုယူခြင်း ရှောင်ကြဉ်တယ်၊ သူတစ်ပါးသားမယားကို ပျော်ပါး ကျူးလွန်ခြင်းမှရှောင်ကြဉ်တယ်။ ကောင်းတဲ့အကျင့်သီလရှိတယ်၊

www.burmeseclassic.com



မြင့်မြတ်တဲ့အကျင့်တရားရှိတယ်၊ ဝန်တိုမှု အညစ်အကြေးမှ ကင်းစင်တဲ့စိတ်ရှိတယ်၊ ရဟန်း၊ ပုဏ္ဏားတို့ကို ဆဲဆိုမောင်း မဲမှုမပြုဘူး အဲဒီလို ဂုဏ်မျိုးနဲ့ အိမ်ထောင်ဦးစီးလုပ်နေတယ်။

သူနဲ့ဇနီးမယားတော့ သူတစ်ပါးအသက်ကို သတ်လေ့ရှိတယ်။ သူတစ်ပါးဥစ္စာကိုခိုးယူလေ့ရှိတယ်၊ တစ်ပါးသောယောက်ျား များနဲ့ပျော်ပါးလေ့ရှိတယ်၊ အရက်သေစာသောက်စားမူးယစ် လေ့ရှိတယ်၊ ကောင်းတဲ့အကျင့်သီလ ဘာတစ်ခုမှ မရှိဘူး၊ ယုတ်ညံ့တဲ့ကျင့်တရားသာရှိတယ်၊ ဝန်တိုမှုအညစ်အကြေးများနဲ့ ပေကျံနေတဲ့ စိတ်ရှိတယ်၊ ရဟန်း၊ ပုဏ္ဏားတို့ကို ဆဲဆိုမောင်း မဲလေ့ရှိတယ်၊ အဲဒီအနေမျိုးနဲ့ အိမ်ရှင်လုပ်နေတယ်၊ အဲဒီ နှစ်ယောက်ဟာ နတ်သား လင်ယောက်ျားနဲ့သေနေတဲ့ မိန်းမတို့ အတူတကွ ပေါင်းသင်းနေ ကြခြင်းပဲ။

၄။ ဒါယကာတို့ ဒီလောကမှာ လင်ယောက်ကျ်ားဖြစ်သူကလဲ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ သူတပါး ဥစ္စာကို ခိုယူခြင်းမှ ရှောင်ကြဉ်တယ်၊ သူတစ်ပါးသားမယားတို့ကို ပျော်ပါး ကျူးလွန်ခြင်းမှ ရှောင်ကြဉ်တယ်။ မဟုတ်မမှန်စကား၊ လိမ်လည် လှည့်ဖြား၊ မုသားပြောခြင်းမှ ရှောင်ကြဉ်တယ်၊ အရက်သေစာ မူးယစ်ရမ်းကားခြင်းမှ ရှောင်ကြဉ်တယ်၊ ကောင်းတဲ့အကျင့် သီလ ရှိတယ်၊ မြင့်မြတ်တဲ့ အကျင့်တရားရှိတယ်၊ ဝန်တိုမှုအညစ်အကြေးမှ ကင်းစင်တဲ့စိတ် ရှိတယ်၊ ရဟန်းပုဏ္ဏားတို့ကို ဆဲဆိုခြင်းမောင်းမဲမှု မပြုဘူး။ အဲဒီလိုဂုဏ်မျိုးနှင့် အိမ်ထောင်ဦးစီးလုပ်နေတယ်။

www.burmeseclassic.com


သူ့ရဲ့ဇနီးမယားက သူ့လိုပဲ သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တယ်။ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တယ်။ တပါးသော လင်ယောကျာ်းများနဲ့ ပျော်ပါး ကျူးလွန်ခြင်းမှ ရှောင်ကြဉ်တယ်။ မဟုတ် မမှန်စကား၊ လိမ်လည် လှည့်ဖြား၊ မုသားပြောခြင်းမှ ရှောင်ကြဉ်တယ်၊ အရက် သေစာ မူးယစ်ရမ်းကားခြင်းမှ ရှောင်ကြဉ်တယ်၊ ကောင်းတဲ့အကျင့် သီလရှိ တယ်၊ မြင့်မြတ်တဲ့ အကျင့်တရားရှိတယ်၊ ဝန်တိုမှုအညစ်အကြေးမှ ကင်းစင် တဲ့စိတ် ရှိတယ်၊ ရဟန်းပုဏ္ဏားတို့ကို ဆဲဆိုခြင်း မောင်းမဲမှု မပြုဘူး။ အဲဒီလိုဂုဏ်မျိုးနဲ့ အိမ်ရှင်မလုပ်နေတယ်။ အဲဒီ နှစ်ယောက်ဟာ နတ်သား ယောကျာ်းနဲ့ နတ်သမီးမိန်းမတို့ အတူ တကွပေါင်းသင်းနေကြခြင်းပဲ။

(က) ဟုတ်တယ် ဒါယိကာတို့ နှစ်ယောက်စလုံးဟာ ကိုယ်ကျင့် သီလ မရှိကြဘူး။ နှမြောဝန်တိုမှု ပြုကြတယ်။ ဆဲဆို မောင်းမဲရေရွတ်လေ့ ရှိကြတယ်ဆိုရင် သေနေတဲ့ ယောကျာ်းနဲ့ သေနေတဲ့မိန်းမတို့ အတူတကွ ပေါင်းသင်း နေကြခြင်းပဲ။

(ခ) ယောကျာ်းကတော့ အကျင့်သီလမရှိဘူး၊ နှမြောဝန်တိုမှု ရှိတယ်၊ ဆဲဆိုမောင်းမဲ ရေရွတ်လေ့ရှိတယ်၊ ဒါပေမယ့် မယားကတော့ အကျင့်သီလရှိတယ်၊ နှမြောဝန်တိုမှု မရှိဘူး၊ ဆဲဆိုမောင်းမဲ ရေရွတ်လေ့ မရှိဘူး၊ အသိတရား ရှိတယ်ဆိုရင် သေနေတဲ့ယောကျာ်းနဲ့ နတ် သမီးမိန်းမတို့

www.burmeseclassic.com


အတူတကွပေါင်းသင်းနေကြခြင်းပဲ။

(ဂ) ယောကျ်ားကတော့ အကျင့်သီလရှိတယ်၊ နှမြောဝန်တိုမှု မရှိဘူး၊ ဆဲဆိုမောင်းမဲ ရေရွတ်လေ့ မရှိဘူး၊ အသိတရား ရှိတယ်၊ ဒါပေမယ့် မိန်းမကတော့ အကျင့်သီလမရှိဘူး၊ နှမြောဝန်တိုမှုရှိတယ်၊ ဆဲဆို မောင်းမဲ ရေရွတ်လေ့ရှိတယ် ဆိုရင် နတ်သားယောကျ်ားနဲ့ သေနေတဲ့မိန်းမတို့ အတူတကွ ပေါင်းသင်းနေကြခြင်းပဲ။

(ဃ) ယောကျ်ားကလည်း အကျင့်သီလရှိတယ်၊ နှမြောဝန်တိုမှု မရှိဘူး၊ ဆဲဆိုမောင်းမဲ ရေရွတ်လေ့ မရှိဘူး၊ အသိတရား ရှိတယ်၊ မိန်းမကလည်း အကျင့်သီလရှိတယ်၊ နှမြော ဝန်တိုမှု မရှိဘူး၊ ဆဲဆိုမောင်းမဲ ရေရွတ်လေ့မရှိဘူး၊ အသိ တရားရှိတယ်ဆိုရင် နတ်သားယောကျ်ားနဲ့ နတ်သမီး မိန်းမတို့ အတူတကွ ပေါင်းသင်းနေ ကြခြင်းပဲ။

အဲဒီလိုနှစ်ယောက်စလုံးဟာ သဒ္ဓါတရားရှိကြမယ်၊ အသိတရားရှိကြမယ်ဆိုရင် ကိုယ်စိတ်နှလုံးသုံးပါးလုံးကို စောင့်စည်းကြမယ်ဆိုရင်၊ တရားနည်းလမ်းနဲ့အညီ စီးပွားရှာပြီး အသက်မွေးကြမယ်ဆိုရင်၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်မချမ်း မြေ့ဘွယ်ရာစကားများကို မပြောကြပဲ ချစ်နှစ်လိုဖွယ်ရာစကားများ ကိုသာ ပြောကြမယ်ဆိုရင် အဲဒီလို အကျင့်သီလတူမျှကြတဲ့ ဇနီးမောင်နှံနှစ်ယောက်တို့မှာ ကြီးပွားခြင်းလို့ခေါ်တဲ့ အကျိုးတရား တိုးပွားကြမယ်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြမယ်၊ မိမိတို့ရဲ့

BURMESE CLASSIC .com
www.burmeseclassic.com


ရန်သူများ နှလုံးမသာမယာ ရှိကြမယ်၊ကိုယ့်ရဲ့ ရန်သူများအား ဝမ်းသာစရာအဖြစ်မျိုးကို ရောက်မလာဘူးလို့ဆိုလို၏။

နှစ်ယောက်စလုံးဟာ အခုပြောခဲ့တဲ့အတိုင်း ကျင့်ကြံကြမယ်ဆိုရင် အကျင့်သီလတူမျှကြမယ်ဆိုရင် ဒီဘဝမှာလဲ ပျော်ရွှင်ချမ်းမြေ့ရမယ်၊ နောင်ဘဝ နတ်ပြည်ရောက်တဲ့အခါမှာလဲ ကိုယ်လိုချင်တာအကုန်ရပြီး နှစ်သက်ပျော်ရွှင် ဝမ်းမြောက်ကြည်လင်ရမယ် ဒါယကာတို့ ........

ဤအကျင့်တရားများသည် အိမ်နေသူတို့ကျင့်ရမယ်၊ အကျင့်၊ ပုထုဇဉ်ကအစ သောတပန်ပုဂ္ဂိုလ်၊ သဒါဂါမ်ပုဂ္ဂိုလ်တို့ အထိ ကျင့်ဆောင်ရမည့်တရားဖြစ်ပေ၏။

ဤတရားတော်ကို ကြည့်၍ သိရ၍ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင် လူကြီးသူမတို့သည် အသွင်မတူအိမ်သူမဖြစ် ဟူသော စကားလုံးများ၊ ရှေ့သွားနောက်လိုက်ဟူသော စကားပုံများကို ကျွန်တော်တို့အတွက် ထားရစ်ခဲ့ကြသည်ဖြစ်မည်ဟု ထင်ပါသည်။

ဤတရားတော်အရ

(က) အမည်း ၂ ခုပေါင်းစပ်နေခြင်း၊

(ခ) အမည်း နှင့် အဖြူပေါင်းစပ်နေခြင်း၊

(ဂ) အဖြူနှင့် အမည်းပေါင်းစပ်နေဖြင်း၊

(ဃ) အဖြူ၂ခုပေါင်းစပ်နေခြင်း၊ ဤသို့ခွဲခြားနိုင်ပါသည်။

ဤ၌ အမည်းဟူသည် ငါးပါးသီလ မလုံခြုံခြင်းနှင့် ဣသာမစ္ဆေရ အညစ်အကြေးများ စိတ်တွင် ကိန်းအောင်းနေခြင်း၊

BURMESE CLASSIC .com
www.burmeseclassic.com


ဆဲရေးတိုင်းထွာမှုများနှင့် လွှမ်းမိုးနေခြင်းများဖြစ်၏။

အဖြူဟူသည် ငါးပါးသီလလုံခြုံခြင်းနှင့် ကုသိုလ်အကျိုး အကြောင်းတရားများစိတ်တွင် ကင်းစင်နေခြင်း၊ ဆဲရေတိုင်းထွာမှုများတွင် မကြီးစိုးခြင်း ဖြစ်ခြင်း။

ယောကျ်ား၊ မိန်းမဟူက လူပင်ဖြစ်၏။ သို့သော် ဤမည်းညစ်ကြောင်းတရားဆိုးများ ကိုယ်နှုတ်စိတ်တို့တွင် ကိန်းအောင်းနေပါက၊ လူမည်း ဖြစ်သွားရတော့သည်။ ဤမည်းညစ်ကြောင်းတရားဆိုးများ ကိုယ်နှုတ်စိတ်တို့တွင် ကင်းစင်ပါက ဖြူစင်သော လူဖြူဖြစ်သွားရတော့သည်။

ထို့ကြောင့် ဖြူစင်သောလင်ယောကျ်ားနှင့် ဖြူစင်သော အိမ်ရှင်မတို့ အတူတကွပေါင်းစပ်နေကြမှသာလျှင် ရှေ့သွားနောက်လိုက်ညီ၊ အသွင်တူသည် ဟုဆိုနိုင်ပါမည် ထိုသို့မဟုတ် အဖြူနှင့်အမည်း သို့မဟုတ် အမည်းနှင့် အဖြူတို့ အတူတကွ ပေါင်းစပ်နေပါက အသွင်မတူကြသည့်အတွက် ရှေ့သွားနောက်လိုက်လည်း ညီနိုင်ကြတော့မည် မဟုတ်ချေ။

ဤတွင် အမည်း ၂ ခုတို့ အတူတကွ ပေါင်းစပ်နေပါက အမည်းနှင့် အမည်းချင်းဖြစ်၍ အသွင်တူကြသည့်အတွက် ရှေ့သွားနောက်လိုက်ညီနိုင်ကြ သည်မဟုတ်ပါလားဟူ၍ အမည်းနှင့်အမည်းချင်းဖြစ်၍ သွင်တူကြသည့်အတွက် ရှေ့သွားနောက်လိုက်ကညီနိုင်ကြပါသည်။ သာမဏေန- သာမဏေ၊ ဂေါဏေန- ဂေါဏောရဟန်းနှင့် ရဟန်းချင်း နွားနှင့်နွားချင်း

www.burmeseclassic.com



အတူတကွ ပေါင်းစပ်ခြင်း ဖြစ်၍အသွင်တူကြသည့်အတွက် ရှေ့သွားနောက်လိုက်ညီနိုင်ကြပါသည်။ အထွက်အဝင် ခွင်ကျ ရှိနိုင်ကြပါသည်။ လင်ယောကျ်ားဖြစ်သူက ဖဲဝိုင်းသွားသည့်အခါ မယားဖြစ်သူကလည်း နောက်လိုက်၍ အားပေးကာ နောက်လိုက် ညီနေကြပါ၏။

မိန်းမဖြစ်သူက ပိုကာသွားပစ်သည့်အခါ ယောကျ်ား ဖြစ်သူကလည်း နောက်မှကြည့်၍ အကြံပေးကာ ရှေ့သွား နောက်လိုက် ညီနေကြပါ၏။

သို့သော် ဤသို့ညီနေကြခြင်းကား မကောင်းပါ။ ဂေါဏေန ဂေါဏော နွားတစ်ကောင်သည် နွားတစ်ကောင်နှင့် သာရှေ့သွား နောက်လိုက်ညီနေသော်လည်း ကျွန်တော်တို့ကား နွား များမဟုတ်ကြပါ။ လူမိန်းမလူယောကျ်ား များဖြစ်ကြသည့်အတွက် ဤသို့သော ရှေ့သွားနောက်လိုက်ညီပုံမျိုး အသွင်တူပုံမျိုးကို အလို မရှိအပ်ပါ။ ရှောင်ကြဉ်ရမည့်အရာများသာ ဖြစ်ပါသည်။ အဖြူနှင့် အဖြူချင်းအသွင်တူပုံမျိုး၊ ရှေ့သွား နောက်လိုက်ညီပုံမျိုးကိုသာ အလိုရှိအပ်ပါသည်။ ဖြစ်အောင် ကြိုးစားဖို့သာ ရှိပါသည်။

ဤသို့အဖြူနှင့် အဖြူချင်းအသွင်တူပုံမျိုး ရှေ့သွား နောက်လိုက် ညီပုံ မျိုးတွင် စံတင်လောက်သောဇနီးမောင်နှံ မြန်မာမိသားစု အိမ်ထောင်စုများ တိုး ပွားပါစေဟု ဆုတောင်း လျှက်. . . .

**ချစ်စံဝင်း**

www.burmeseclassic.com

